# သခင်တွေရဲ့နိုင်ငံ

## တင်မောင်သန်း၏

ဆောင်းပါးများပေါင်းချုပ်



mgyoe.com

ဆရာ 'တင်မောင်သန်း' ရဲ့ 'သခင်စိတ်ဓာတ် သခင်အကျင့် ကျွန်ပညာရေး သခင်ပညာရေး' စာအုပ်ဟာ သခင်စိတ်ဓာတ်ကို အုတ်မြစ်ချပေးမယ့်စာအုပ်။ ဖတ်ရင်း ဖတ်ရင်း သခင်သွေးတွေ ဖြန်းဖြန်းထစေမယ့် စာအုပ်။ ဒီနေ့ခေတ်မှာ အလွန်ထူးခြားပြီး အလွန်လိုအပ်နေတဲ့ စာအုပ်။ ဒီလို ကျွန်တော် ထင်မြင်တယ်။ အဲဒီလို ရဲရဲယုံကြည်တယ်။

(တင်မိုး၏အမှာ)

"လူသည် အရေးကြီး၏၊ လူ့တန်ဖိုးသည် အရေးကြီး၏။ နိုင်ငံကြီးသားစိတ်ဓာတ် မွေးကြဖို့ အထူးလို၏။ 'ဖွတ်ကျားစိတ်ဓာတ်' ဖြင့်တော့ လူတစ်ယောက်၊ အသင်းအဖွဲ့တစ်ခု၊ နိုင်ငံတစ်နိုင်ငံကို ပေမီဒေါက်မီဖြစ်အောင် ပုံဖော်နိုင်မည်မဟုတ်။ သင့်ဘဝမဂ္ဂဇင်းကို ဖတ်ကြည့်စမ်းပါဟု မိတ်ဆွေသုံးယောက်အား တိုက်တွန်းခြင်းဖြင့် နိုင်ငံကြီးသားစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတွင် ပါဝင်အားဖြည့်ကြပါ"

အထက်ပါစာသားများမှာ 'သင့်ဘဝမဂ္ဂဇင်း' တည်းဟူသော မောင်းကြီးအား ဆရာတင်မောင်သန်း ထုလိုက်သည့်အခါ ပေါ်ထွက်လာသော မောင်းသံပင်... 'ဒီမိုကရေစီနှင့် လူ့အခွင့်အရေး' ဟူသည့် ဝေါဟာရများ သုံးစွဲခွင့်မရှိ၍ 'လူ့တန်ဖိုး' 'နိုင်ငံကြီးသားစိတ်ဓာတ်' ဟူ၍ စကားလုံး လှယ်သုံးနေရသော အခါသမယ၌ အန္တရာယ်ရှိလောက်အောင် ခေတ်နောက်ကျသောစိတ်ကို 'ဖွတ်ကျားစိတ်ဓာတ်' ဟု ဆရာတင်မောင်သန်းက နာလောက်အောင် ဝိဂြိုဟ်ပြုခဲ့သည်။ ပြုလည်းပြုထိုက်ပေသည်။

မြန်မာပြည်၏ ကံဆိုးမိုးမှောင်မှာ ထိုဖွတ်ကျားစိတ်ဓာတ်တွေ ကြာရှည်နေရာရခဲ့ခြင်း ဖြစ်သည်။
သို့ရာတွင် ဖွတ်ကျားက ကိုယ့်ကိုယ်ကိုယ် မိကျောင်းဟု ထင်မြင်လာသောအခါ...

(မောင်သစ်ဆင်း၏အမှာ)

သခင်ဆိုသည်မှာ လူတိုင်းလူတိုင်း၏ အခွင့်အရေးကို ပိုင်ဆိုင်ရန်အတွက် ဆောင်ရွက်လုပ်ကိုင်သူများနှင့် လူတိုင်းလူတိုင်း၏ လူတန်းစေ့နေရေးထိုင်ရေးတို့ကို ကြံစည်အားထုတ်သူတိုင်း သခင်ဟုခေါ်သည်။ လူတိုင်းလူတိုင်း အခွင့်အရေး တူညီသည့် သခင်ဖြစ်ရန် လိုသည်။

(သခင်စိတ်ဓာတ် သခင်အကျင့်ဆောင်းပါးမှ)

NF0068
3,000.00 KS

mgyoe.com

သခင်တွေရဲ့နိုင်ငံ၊ တင်မောင်သန်း
စာမျက်နှာ ၂၄၇+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ ဇွန်လ၊ ပြန်လည်စုစည်းခြင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၈ နှင့် ၂၀၁၃ စာအုပ်မူများ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သခင်တွေရဲ့နိုင်ငံ

## တင်မောင်သန်း၏ဆောင်းပါးများပေါင်းချုပ်

ပြန်လည်စုစည်းခြင်းပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– ယခင်ထုတ်ဝေခြင်းများမှ စာရေးသူ၏ ရည်ညွှန်းချက် က
– သခင်ကျင့်ကို ကျင့်ကြပါ သခင်မျိုးဟော့ တို့ဗမာ တင်မိုး၏အမှာ ဂ
– ဖွတ်ကျားစိတ်ဓာတ်မှသည် သခင်နိုင်ငံတော်သို့ မောင်သစ်ဆင်း၏အမှာ င

၁။ သခင်စိတ်ဓာတ် သခင်အကျင့် ၁
၂။ ဗမာစာသည် တို့စာ ၄၀
၃။ ကျွန်ပညာရေးနှင့် သခင်ပညာရေး ၄၅
၄။ ဆယ်နှစ်သားကလေးနှင့် ခင်ဗျားတို့ ကျွန်တော်တို့အကြောင်း ၆၈
၅။ ကုသိနာရုံမှ သီဟိုဠ်၊ သီဟိုဠ်မှ မြန်မာသို့ ၈၁
၆။ ကျွန်ုပ်တို့အယ်ဒီတာ၊ ကျွန်ုပ်တို့မဂ္ဂဇင်း၊ ကျွန်ုပ်တို့အလုပ် ၉၀
၇။ စာကြည့်တိုက်၊ ဓမ္မန္တရာယ်နှင့် ဆရာမြ၏ တိုက်ပုံ ၁၂၄
၈။ မင်္ဂလာရှိတဲ့အချိန် ၁၂၉
၉။ အတွင်းမှ အပြင်သို့... နှင့် ငါသာလျှင် ငါ့ကံ၏ အရှင်သခင် ၁၃၆
၁၀။ မြန်မာတို့အလှူ ၁၇၈
၁၁။ ၅ မိနစ် ၁၀ မိနစ်ပါပဲ ၂၀၁
၁၂။ အကျိုးရှိ အချိန် ၂၁၄
၁၃။ နတ်ဘုရား မောင်ဖိုးတင်... ဝယ်ပြီ ၂၃၁


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ယခင်ထုတ်ဝေခြင်းများမှ စာရေးသူ၏ ရည်ညွှန်းချက်

ဤစာအုပ်တွင် ပါဝင်သောစာတမ်းများမှာ စာရေးသူ တင်မောင်သန်း သင့်ဘဝမဂ္ဂဇင်းအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့စဉ် ၁၉၉၅ မှ ၉၉ ခုနှစ်အတွင်း ရေးသားခဲ့သော စာတမ်းများဖြစ်ပါသည်။ ထိုစာများကို စုစည်း၍ "သခင်နိုင်ငံတော်" အမည်ဖြင့် ၂၀၀၂ ခုနှစ်က ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့တွင် စာအုပ်ထုတ်ခဲ့ပါသည်။

ကိုရီးယားနိုင်ငံရှိ ရွှေသင်္ဂဟာ မြန်မာအသင်း စာကြည့်တိုက်၊ ဂျပန်နိုင်ငံရှိ သုတသဟာယနှင့် အာဟာရစာကြည့်တိုက်များက စုပေါင်းထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။ ယင်း စာကြည့်တိုက်သုံးတိုက်နှင့် စာအုပ်ဖြစ်မြောက်အောင် ကြိုးစားခဲ့ကြသော မိတ်ဆွေများအား ကျေးဇူးတင်ပါသည်။ အထူးသဖြင့် ကိုစိုးဝင်းရှိန်၊ မတင်တင်ဝင်းနှင့် ကိုဝင်းပေါ်မောင်တို့ကို ကျေးဇူးတင်ပါသည်။

၁။ "သခင်စိတ်ဓာတ် သခင်အကျင့်" စာတမ်းကို မဂ္ဂဇင်းတွင် ဖော်ပြခွင့်ရခဲ့သော်လည်း ဆင်ဆာဖြတ်တောက်ခံခဲ့ရပါသည်။ ယခုစာအုပ်တွင် ဆင်ဆာဖြတ်ခံရသော စာပိုဒ်များကို စာလုံးအမည်းစောင်းဖြင့် ဖော်ပြထားပါသည်။

mgyoe.com

mgyoe.com



၂။ "ကျွန်ပညာရေးနှင့် သခင်ပညာရေး" ၊ "ကုသိနာရုံမှ သီဟိုဠ်၊ သီဟိုဠ်မှ မြန်မာသို့"နှင့် "ကျွန်ုပ်တို့အယ်ဒီတာ ကျွန်ုပ်တို့မဂ္ဂဇင်း ကျွန်ုပ်တို့အလုပ်"စာတမ်းသုံးစောင်စလုံး ပိတ်ပင်ခြင်းခံခဲ့ရပါသည်။ လုံးဝဖော်ပြခွင့်မရခဲ့ပါ။

၃။ "ဆယ်နှစ်သားကလေးနှင့် ခင်ဗျားတို့ ကျွန်တော်တို့အကြောင်း"စာတမ်းမှာ မဂ္ဂဇင်းတွင် ဖော်ပြခွင့်ရခဲ့သော်လည်း ဆောင်းပါးပေါင်းချုပ်အဖြစ် ထုတ်ဝေခွင့် ပိတ်ပင်ခံခဲ့ရပြန်ပါသည်။ ကလောင်အမည် မောင်ဖိုးတင်ဖြင့် ရေးခဲ့ပါ သည်။

၄။ 'စာကြည့်တိုက်' ဆောင်းပါးမှာ 'သခင်နိုင်ငံတော်' စာအုပ်တွင် မပါခဲ့ပါ။ ယခု စာအုပ်ထုတ်မည်ဆိုသောအခါ၊ ကျွန်တော်က သတိမရ။ သတိတရဖြင့် မိတ္တူဆွဲပေးသော ကဗျာဆရာ မင်းဆွေနှစ်ကို ကျေးဇူးတင်ပါသည်။

❑

mgyoe.com

mgyoe.com

# သခင်ကျင့်ကို ကျင့်ကြပါ သခင်မျိုးဟော့ တို့ဗမာ
## (တင်မိုး၏အမှာ)

ဆရာ 'တင်မောင်သန်း' ရဲ့ 'သခင်စိတ်ဓာတ် သခင်အကျင့် ကျွန်ပညာရေး သခင်ပညာရေး' စာအုပ်ဟာ သခင်စိတ်ဓာတ်ကို အုတ်မြစ်ချပေးမယ့်စာအုပ်။ ဖတ်ရင်း ဖတ်ရင်း သခင်သွေးတွေ ဖြန်း ဖြန်းထစေမယ့် စာအုပ်။ ဒီနေ့ခေတ်မှာ အလွန်ထူးခြားပြီး အလွန်လို အပ်နေတဲ့ စာအုပ်။ ဒီလို ကျွန်တော် ထင်မြင်တယ်။ အဲဒီလို ရဲရဲယုံ ကြည်တယ်။

ဆရာတင်မောင်သန်းကို ရှုမဝမဂ္ဂဇင်းဝတ္ထုတိုကလေးတွေက စပြီး ဖတ်ဖူးတယ်။ အရေးအဖွဲ့ကောင်းတယ်၊ သပ်ရပ်တယ်၊ စကား ပြေနိုင်နင်းတယ်၊ စိတ်ကူးဉာဏ်ကြွယ်ဝတယ်လို့ အမှတ်ထားခဲ့မိတယ်။

နောက်တော့ မန်းဆေးကျောင်းထွက် ဆရာဝန်တစ်ဦးလို့ သိလာတယ်။ သူ့ခေတ်ပြိုင် မန်းဆေးကျောင်းထွက် ဆရာဝန် စာရေး ဆရာတွေကလည်း အားရစရာ၊ အပြိုင်းအရိုင်း၊ ဂျူး၊ ညိုမြင်းဝေ၊ စုထား၊ ကျော်စွာထက်၊ လူမျိုးနော်၊ ကြည်ဇော်ဝင်း၊ ဂျိုဇော်... စသဖြင့်။

ကျွန်တော်က ဝမ်းသာလွန်းလို့ ရယ်ကာမောကာ စ,မိတယ်။ "ခင်ဗျားတို့ မန်းဆေး ကျောင်းက ဆေးပညာကော သင်သေးရဲ့လားဗျ။ စာပေသိပ္ပံ၊ စာပေတက္ကသိုလ်ကြီးများ ဖြစ်နေရော့သလားလို့"

mgyoe.com

mgyoe.com


သူတို့က ပြုံးတယ်။ ဘာတစ်ခွန်းမှ ပြန်မချေပ။ သို့ပေမဲ့ သူတို့ဟာ ဆေးပညာမှာ လည်း ထူးချွန်သလို စာပေအရာမှာလည်း အညွန့်တလူလူ သူမတူ။ မင်းတို့အမေ ရွှေမှုန်စား ဖွားရော့သလားလေလို့ မေးလိုက်ချင်ချင်။

နောက် ဆရာတင်မောင်သန်းနဲ့ ဆုံခွင့်၊ ရင်းနှီးခွင့်ရတယ်။ သူက 'သင့်ဘဝ'မဂ္ဂဇင်းကို အတွေးအခေါ်သစ်တွေ၊ တင်ပြပုံနည်းနာသစ်တွေနဲ့ ဖန်တီးသူဖြစ်လာတယ်။ ဆရာမောင်သစ်ဆင်းလည်း တစ်တပ်တစ်အားပါဝင်လာတယ်။ ကျွန်တော့်သမီးငယ် 'မိုးချိုသင်း' လည်း ဆရာတင်မောင်သန်း၊ ဆရာမောင်သစ်ဆင်းတို့ထံ နည်းနာခံတဲ့ လက်သင်အယ်ဒီတာပေါက်စ။ ဒါကြောင့် သင့်ဘဝ အယ်ဒီတာအဖွဲ့နဲ့ ကျွန်တော်လည်း ရင်းနှီးခွင့်ရခဲ့တယ်။

ဝတ္ထုဆိုတဲ့ ရသစာပေ၊ အရေးအဖွဲ့ကောင်းတဲ့ လက်ကနေ နိုင်ငံရေး၊ လူမှုရေးစတဲ့ အတွေးအခေါ်သစ်တွေကိုတင်ပြတဲ့ သုတလက်ကို ဆရာတင်မောင်သန်း ပြောင်းလဲစပြုလာတယ်။ သူ့အတင်အပြလေးနက်ခေတ်မီတာတွေကို စာဖတ်ပရိသတ်က တဖြည်းဖြည်း နားလည်လက်ခံလာတာကို တွေ့ရတယ်။ 'သင့်ဘဝ' ဟာ ပရိသတ်ကလိုလိုလားလား မြတ်မြတ်နိုးနိုး ထွေးပွေ့တဲ့ မဂ္ဂဇင်းတစ်စောင် ဖြစ်လာတယ်။ သူ့ကလောင် ဩဇာအရှိန်အဝါကြီးစ ပြုလာတယ်။ ဒီတော့ ဆရာတင်မောင်သန်း နိုင်ငံရပ်ခြားမှာ အရိပ်ခိုရတယ်။ 'သင့်ဘဝ'အမည်လည်း မဂ္ဂဇင်းလောကမှာ ပျောက်ကွယ်ခဲ့လေပေါ့။

သို့သော် သူ့အသံကတော့ မပျောက်။ ရေဒီယိုလှိုင်းများက သူ့အသံ ကြား လာရတယ်။ အခု သူ့အာဘော်တွေကို စာအုပ်အဖြစ်ဖတ်ရပြန်တော့မယ်။ တိုကျို အာဟာရစာကြည့်တိုက်၊ နာဂိုယာ သုတသဟာယစာကြည့်တိုက်၊ တောင်ကိုးရီးယား ရွှေသင်္ဂဟာ– မြန်မာအသင်းစာကြည့်တိုက်တို့ရဲ့ ကျေးဇူးကြောင့် သခင်စိတ် သခင်သွေး တကြွကြွ၊ လျှမ်းလျှမ်း ထအောင် ဖတ်ရတော့မယ်။ ။

အပေါဝတ– ဩ ကောင်းစွ ကောင်းစွ။

တင်မိုး
ဆေတ္တ–ဗိုတ်ဝိန်း။

mgyoe.com

mgyoe.com

# ဖွတ်ကျားစိတ်ဓာတ်မှသည် သခင်နိုင်ငံတော်သို့

## (မောင်သစ်ဆင်း၏အမှာ)

"လူသည် အရေးကြီး၏၊ လူ့တန်ဖိုးသည် အရေးကြီး၏။ နိုင်ငံကြီးသားစိတ်ဓာတ် မွေးကြဖို့ အထူးလို၏။ 'ဖွတ်ကျားစိတ်ဓာတ်' ဖြင့်တော့ လူတစ်ယောက်၊ အသင်းအဖွဲ့တစ်ခု၊ နိုင်ငံတစ်နိုင်ငံကို ပေမိ ဒေါက်မိဖြစ်အောင် ပုံဖော်နိုင်မည်မဟုတ်။ သင့်ဘဝမဂ္ဂဇင်းကို ဖတ်ကြည့်စမ်းပါဟု မိတ်ဆွေသုံးယောက်အား တိုက်တွန်းခြင်းဖြင့် နိုင်ငံကြီးသားစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတွင် ပါဝင် အားဖြည့်ကြပါ"

အထက်ပါစာသားများမှာ 'သင့်ဘဝမဂ္ဂဇင်း' တည်းဟူသော မောင်းကြီးအား ဆရာတင်မောင်သန်း ထုလိုက်သည့်အခါ ပေါ်ထွက်လာသော မောင်းသံပင်ဖြစ်ပါသည်။ ထိုမောင်းသံသည် ဆရာတင်မောင်သန်း 'နှစ်' ၍ 'မြုပ်' ၍ အလုပ်လုပ်တော့မည့် အရေးကိစ္စ (Mission) လည်း ဖြစ်သည်။

သခင်နိုင်ငံတော်ကို ပုံဖော်လိုသူတစ်ဦး၏ ပီသကြည်မြရုံမက အသံလွှင်းကလည်း အားကောင်းလှသော ထိုမောင်းသံသည် ဆယ်စုနှစ်တစ်ခုနီးပါးအတွင်း တစ်စုံတစ်ရာသော အတိုင်းအတာအထိ လုပ်ဆောင်သွားနိုင်သည်ဟု မဆိုနိုင်စေဦးတော့၊ လုပ်နိုင်သမျှသော

mgyoe.com

mgyoe.com

အလုပ်တို့ကို လုပ်သွားခဲ့သည်ဟု ဆိုနိုင်လာပါလိမ့်မည်။

မျက်စိလျှင်၊ နားပါး၍ သွက်လက်ချက်ချာ ပါးနပ်လိမ္မာသူတို့သည် သင့်ဘဝမောင်း သံကို သတိပြုမိ၊ နားစွင့်လာမိကြသည်။ ထိုအရေအတွက်သည် မယုံနိုင်ဖွယ် တိုးပွားလာခဲ့သည်။ မောင်းသံကြောင့် ကြက်သီးမွေးညင်းထရသည်ဟု ဆိုသူကဆိုသည်။ ဒုတိယနဂါးနီလာပြီဟု အားတက်သူက တက်သည်။ Ideology ကို Lead လုပ်နေသည်ဟု သွေးမြှောက်ဖွယ်စကားလုံးများဖြင့် မွှန်းသူက မွှန်းသည်။ ထို့အတူ 'သတိထား၍ အနီးကပ်စောင့်ကြည့်ရမည့် အန္တရာယ်စာရင်းထဲ' တွင် သွင်းလိုသူများလည်းရှိကြောင်း ပြောဖွယ်လိုမည်မထင်ပါ။

'ဒီမိုကရေစီနှင့် လူ့အခွင့်အရေး' ဟူသည့် ဝေါဟာရများ သုံးစွဲခွင့်မရှိ၍ 'လူ့တန်ဖိုး' 'နိုင်ငံကြီးသားစိတ်ဓာတ်' ဟူ၍ စကားလုံးလှယ်သုံးနေရသော အခါသမယ၌ အန္တရာယ်ရှိလောက်အောင် ခေတ်နောက်ကျသောစိတ်ကို 'ဖွတ်ကျားစိတ်ဓာတ်' ဟု ဆရာတင်မောင်သန်းက နာလောက်အောင် ဝိဂြိုဟ်ပြုခဲ့သည်။ ပြုလည်းပြုထိုက်ပေသည်။

မြန်မာပြည်၏ ကံဆိုးမိုးမှောင်မှာ ထိုဖွတ်ကျားစိတ်ဓာတ်တွေ ကြာရှည်နေရာရခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်ကိစ္စ၊ လူ့ကိစ္စတွေကို ထိုဖွတ်ကျားစိတ်ဓာတ် အခြေခံဖြင့် စီမံခန့်ခွဲ ဆုံးဖြတ်လုပ်ကိုင်ခဲ့ကြရာ အကျိုးရလဒ် 'ဘာ' ဆိုသည်ကို အားလုံး သိမြင်ခံစားခဲ့ကြရ၊ ခံစားကြရဆဲဖြစ်သည်။ ဖွတ်ကျားစိတ်ဓာတ်ထံမှ ဖွတ်ကျားစိတ်ဓာတ်တွေ ပေါက်ဖွားလာခြင်းမှတစ်ပါး အခြားမည်သို့သော အကောင်းအမွန်ကိုမျှ မျှော်လင့်နိုင်စရာမရှိကြောင်း လည်း နဖူးတွေ့ဒူးတွေ့ သိမြင်ခဲ့ကြရပြီးဖြစ်သည်။

သို့ရာတွင် ဖွတ်ကျားက ကိုယ့်ကိုယ်ကိုယ် မိကျောင်းဟု ထင်မြင်လာသောအခါ မြန်မာ့သမိုင်းလည်း ဖွတ်သမိုင်း ဖြစ်ရပြန်လေ၏။ ဖွတ်သမိုင်းတစ်လျှောက် ကြီးပြင်းကြရသူ တို့၌လည်း ဖွတ်စိတ်အမွေများ ရခဲ့ကြလေ၏။ ထိုအမွေမှာ သံပရာသီးလို ချဉ်စုပ်လှပါသည်။ သို့သော် 'ချဉ်လှချည့်' ဟု ညည်းညူနေရုံနှင့်မပြီး၊ မလွှဲမရှောင်သာ လက်ခံ ရရှိလာရသော ထိုအချဉ်ကို ဖျော်ရည်အဖြစ် ဖန်တီးနိုင်မှ လက်တွေ့ကျပါမည်။ သခင်ဘသောင်း၊ သခင်

mgyoe.com

mgyoe.com

အောင်ဆန်းနှင့်တကွသော တို့ဗမာသခင်များသည် ကိုလိုနီစနစ်ကို မတိုက်မီ မိမိတို့၌ ဖွတ်စိတ်များရှိကြောင်း အသိအမှတ်ပြုလက်ခံ၍ ထိုဖွတ်စိတ်ကို အရင်တိုက်ခဲ့ကြရကြောင်း ပြန်ပြောင်းသတိရကြရန် ဖြစ်ပါသည်။ ထိုသို့ သတိရကြစေရန်လည်း ဆရာတင်မောင်သန်းက သူ့မောင်းသံဖြင့် နှိုးဆော်လိုက်ပါသည်။

ဖွတ်ကျားစိတ်ဓာတ်တိုက်ဖျက်ရေး အရေးတော်ပုံတွင် ကိုယ်စီကိုယ်င ပါဝင်ကြလျက် သခင်နိုင်ငံတော် ထူထောင်နိုင်ကြပြီဆိုအံ့။ ကျွန်တော့်အဖို့ ထိုထူထောင်သောနေ့ရက်မှစ၍ မြန်မာသက္ကရာဇ် ၁ ခုနှစ်ဟု သတ်မှတ်လိုက်ချင်ပါတော့သည်။ အဘယ့်ကြောင့်ဟူမူ မြန်မာသည် သူ့အစွမ်းအစ မည်မျှရှိသည်ကို ထိုနေ့မှစ၍ သိရှိခွင့်ရမည် ဖြစ်သောကြောင့်ပေတည်း။ ။

မောင်သစ်ဆင်း

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သခင်စိတ်ဓာတ်၊ သခင်အကျင့်

**သင့်ဘဝစီစဉ်သူထံမှ**

သမိုင်းတစ်ခေတ်မှာ မြန်မာတွေ ကျွန်ဖြစ်တာ မေ့နေကြတယ်လို့ပြောရင် သင့်ဘဝမဂ္ဂဇင်းကို နိုင်ငံရေးစကားပြောတယ်လို့ ပရိသတ်က ထင်ကြလေမလား စိုးရိမ်မိတာကတော့ အမှန်ပါ။ ဘာကြောင့်လဲဆိုတော့ သင့်ဘဝမဂ္ဂဇင်းဆိုတာက စိတ်ဓာတ်ရေးရာမဂ္ဂဇင်း၊ အထက်တန်းကျတဲ့စိတ်ဓာတ်၊ အထက်တန်းကျတဲ့ တွေးမြင်ပုံတွေသာပြောတဲ့ မဂ္ဂဇင်းဖြစ်လို့ တိုင်းရေးပြည်ရာကိစ္စတွေကို ဝင်ပြောဖို့ စိတ်ကူးလည်း မရှိခဲ့၊ စိတ်လည်းမကူးခဲ့တာ ပရိသတ်ကလည်း သိပါတယ်။ သင့်ဘဝရဲ့မူကိုက လူ့တန်ဖိုးမျှားနှင့် နိုင်ငံကြီးသားစိတ်ဓာတ် ထွန်းကားရေး မဟုတ်လား။

ဒါပေမဲ့ အဲဒီလိုစိတ်ဓာတ်ရေးရာ ဆိုင်ရာကိစ္စတွေဟာလည်း သမိုင်းနဲ့ဆက်စပ်နေတတ်တယ်ဆိုတာ သင့်ဘဝက သတိထားမိပါတယ်။ သမိုင်းဆိုတာ လွန်လေပြီးသောကိစ္စ ဆိုပေမဲ့လို့ စီးနေတဲ့ရေအလျဉ်လို ဘယ်နေရာမှာ ပိုင်းဖြတ်မယ်ဆိုပြီး တိခနဲဖြတ်လို့ရတဲ့ ကိစ္စတော့ မဟုတ်ပေဘူး။ အတိတ်ဟာ ပစ္စုပ္ပန်ရဲ့သမိုင်းဖြစ်သလို ပစ္စုပ္ပန်ဆိုတာလည်း အနာဂတ်ရဲ့ သမိုင်းပေပဲကိုး။ ပြီးခဲ့တာဆိုပေမဲ့ မမေ့ကောင်း မမေ့အပ်တဲ့ကိစ္စတွေဆိုတာ လူတစ်ဦးချင်းစီရဲ့ဘဝမှာ

mgyoe.com

လည်း ရှိတတ်စမြဲပေပဲ။ ဒါထက်ပိုပြီး နေ့စဉ်နှလုံးသွင်းအပ်တဲ့ ကိစ္စလေးတွေလည်း ရှိတတ်တာပဲမဟုတ်လား။

အဲဒီလိုနဲ့ ပလက်ဖောင်းပေါ် လျှောက်တဲ့အခါ၊ ဘတ်စ်ကားတွေထဲမှာ ကျပ်သိပ်ယိမ်း ထိုးစီးသွားတဲ့အခါ၊ ခွေးခြေပုလေးတွေမှာ ထိုင်ရင်း လက်ဖက်ရည်ဆိုင် မုန့်တိုင်းထန်တဲ့ အခါ၊ ရုံးပြင်ကနားစားပွဲရှေ့မှာ မတ်တတ်ရပ်နေတဲ့အခါ၊ အလျှဉ်းသင့်လို့ စားသောက်ဆိုင်မှာ အမြည်း တစ်ဖတ်ဝါးရင်း တေးသီအပျိုမလေးတစ်ဦးကို ငေးကြည့်မိတဲ့အခါ၊ သမိုင်းတစ်ကွက်ထဲက လင်းလက်တောက်ပခဲ့တဲ့ စိတ်ဓာတ်တစ်ရပ်ဟာ ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်ပေါ်နေခဲ့တာလည်း နှစ်ချီခဲ့ပါပြီ။

စိတ်ပျက်လက်ပျက်နဲ့ ခေါင်းငိုက်စိုက်ချ ငေါင်နေမိတဲ့အခါ ကိုယ့်ခေါင်းကို ရုတ်တရက် ဆွဲမတ်ထူလိုက်တာခံရပြီး မော့ကြည့်လိုက်တော့ 'ငါ... သမိုင်း' လို့ ရင့်ကျူးသံကို ကြားနေခဲ့ရတာလည်း အကြိမ်ကြိမ်ရှိခဲ့ပါပြီ။

'ခင်ဗျား ဘယ်သူလဲ' လို့ မေးကြည့်တော့ ပုံတစ်ပုံကိုဆွဲပြတာ မျက်လုံးထဲ ထင်းခနဲပါပဲ။ သျှောင်နောက်တွဲ၊ ပုဆိုးခါးတောင်းကျိုက်ထားတဲ့ မြန်မာအမျိုးသားကြီးတစ်ဦးက မီးတုတ်ကြီးကို ထမ်းလို့။ 'မင်းရဲ့ခေါင်းကို ထူမတ်လိုက်တဲ့သူပေါ့ကွာ' တဲ့။ အဲဒါ ငါပဲ။ ငါဆိုတာ လူပုဂ္ဂိုလ်မဟုတ်ဘူး။ ငါဆိုတာ အဲဒီမီးတုတ်ကြီးက မီးတောက်ပဲကွ။ ငါ့နာမည် **'သခင်စိတ်ဓာတ်၊ သခင်အကျင့်'** တဲ့။

ဒါနဲ့ အဲဒီ သခင်စိတ်ဓာတ်၊ သခင်အကျင့်ကို သိချင်တာနဲ့ သင့်ဘဝမဂ္ဂဇင်းက စာတွေနောက်၊ လူပုဂ္ဂိုလ်တွေနောက် ခြေရာကောက်လိုက်ပါတယ်။ အဲဒီလို ခြေရာခံရာက တွေ့မိသမျှလေးတွေကို သင့်ဘဝက ပြန်ပြောတာပါပဲ။ နိုင်ငံရေးမဟုတ်သလို သမိုင်းလည်း မဟုတ်ပါဘူးရယ်လို့ ကြိုပြောထားပါရစေ။ သင့်ဘဝရဲ့မူအတိုင်း စိတ်ဓာတ်ရေးရာ အကြောင်းပဲ ဖြစ်ပါတယ်ခင်ဗျား။

### သခင်ဆိုသည်မှာ

"သခင်ဆိုသည်မှာ လူတိုင်းလူတိုင်း၏ အခွင့်အရေးကို ပိုင်ဆိုင်ရန်အတွက် ဆောင်ရွက်လုပ်ကိုင်သူများနှင့် လူတိုင်းလူတိုင်း၏ လူတန်းစေ့ နေရေးထိုင်ရေးတို့ကို

mgyoe.com

mgyne.com
ကြံ့ခိုင်စည်းအားထုတ်သူတိုင်း သခင်ဟုခေါ်သည်။ လူတိုင်းလူတိုင်း အခွင့်အရေးတူညီသည့် သခင်ဖြစ်ရန် လိုသည်"

**ဗမာ့စိတ်ထား**

မှတ်မိပါသေးတော့သည်။ လတစ်ခြမ်းပဲ့ကလေးသည် အနောက်ဘက် ကောင်းကင်ပြင်ဝယ် ရှိနေကာ တောင်ကုန်းကလေးများဆီဝယ် လျှပ်စီးရောင်များ ဝင်းခနဲ ဝင်းခနဲလက်နေသည်။ လယ်ကွင်းပြင်များထက်ဝယ် ဘော်သာခွာငွေအဆင်းကဲ့သို့ ဖြူဖွေးသောနှင်းမှုန်များက အုံ့မှိုင်းလျက်ရှိနေသည်။

ကျွန်ုပ်တို့နှင့် (ကျွန်ုပ်တို့ဆိုသည်မှာ အင်္ဂလိပ်အရာရှိ စာရေးသူ (H Fielding Hallဖြစ်သည်။) ရှေ့တည့်တည့်တွင် ချောင်းငယ်တစ်ခုရှိလျက် ဟိုမှာဘက်ကမ်းတွင်မူ တောင်တန်းကြီးတစ်ခုက ရေနှင့်နီးကပ်စွာ တည်ရှိနေသည်။ ထိုတောင်တန်းကြီးအနီးတွင် သစ်တောများရှိပြီး တောင်ထိပ်အနီးတစ်ဝိုက်တွင် ကောင်းကင်ပြင်နှင့် ဟပ်၍ ငွေဖြူရောင် တောက်နေလေသည်။

ထိုနေရာမှာ ကျွန်ုပ်တို့နေရာနှင့် ဝေးကွာ၍ မြန်မာတို့၏ မီးကျိုးမောင်းပျက်သေနတ်တို့ဖြင့် ပစ်ခတ်သော်လည်း မရောက်ရှိနိုင်ချေ။ ကျွန်ုပ်တို့ စခန်းတစ်ဖက်တစ်ချက်တွင် လယ်ကွင်းပြင်များရှိပြီး ထိုလယ်ကွင်းပြင်ကျယ်ကြီး အဆုံးတွင် သစ်တောကြီးများက ညို့ညို့မှိုင်းမှိုင်း မြင်နေရလေသည်။

ကျွန်ုပ်တို့သည် ကောလင်းမြို့စား၏ သား (ကျွန်ုပ်တို့ လာခါးရွာသွားစဉ်က လမ်းပြ) နှင့် နောင်ရေးကိစ္စများကို ပြောဆိုတိုင်ပင်နေသည်။ စကားထဲတွင် လာခါးရွာတွင် ရောက်ရှိနေသော ဝန်းသိုမင်းသား (စော်ဘွား) ၏ လှုပ်ရှားပုံများလည်း ပါဝင်သည်။ ကျွန်ုပ်က ဝန်းသိုစော်ဘွား၏ နောက်လိုက်များက သူ့ (ကောလင်းမြို့စား၏ သား) အား အလွန်မုန်းတီး၍ ဆဲဆိုခဲ့ကြပုံကို ပြန်ပြောပြနေရာ သူကလည်း ထိုအတိုင်း အမုန်းခံနေရကြောင်း ဝန်ခံလေသည်။

ကျွန်ုပ်မိတ်ဆွေကလွဲရင် အားလုံးက ကျွန်ုပ်ကို မုန်းကြတာပဲ။ ကျွန်ုပ် ဘာတွေလုပ်ခဲ့လို့လဲ။ ကျွန်ုပ်က ကျွန်ုပ်အဖေ သူ့ရာထူးသူ ပြန်ရအောင် ကူညီခဲ့တာပဲ။ ကျွန်ုပ်တို့ကို သူတို့ကစပြီး တိုက်တယ်ဆိုတဲ့အကြောင်းတော့ သူတို့မေ့ကုန်ပြီလေဟု သူက ပြောလေသည်။ သူက ဆက်၍ ခင်ဗျားတို့နှင့် ပေါင်းမိတာကြောင့် အသတ်ခံရမှာပဲ။ တစ်နေ့တစ်ချိန်တော့ ကျုပ်ကို သူတို့က သတ်တော့မှာပဲဟု ဆိုလေသည်။

ကျွန်ုပ်တို့သည် ဤသို့ဖြင့် အချိန်ကြာမြင့်စွာ စကားပြောကြသည်။ လဆုတ်
mgyne.com

ရက်ဖြစ်၍ အနီးရှိမီးဖိုမှ မီးရောင်ဖြင့် ဤသို့ စကားပြောဂ၍ အားရသောအခါ ကျွန်ုပ်တို့သည် အိပ်ရာသို့ဝင်တော့မည်အပြုတွင် ချောင်းတစ်ဖက်ကမ်းမှ ကျွန်ုပ်တို့ဘက်ဆီသို့ လှမ်းအော်သံ ကြားရသည်။

ထိုအသံမှာ–

***"ကောင်းကောင်း အိပ်ထားလိုက်ဦးကွယ့်နော်။ ကောင်းကောင်းအိပ်လိုက်... ကောင်း... ကောင်း... အိပ်... အိပ်... ထား... လိုက်..."***

ကျွန်ုပ်တို့အားလုံး အံ့သြစွာဖြင့် မတ်တတ်ရပ်လိုက်ကြသည်။ မြန်မာလို နားမလည်သူတို့မှာ ဘာပြောရမှန်းမသိ၍ ထိုစကားအဓိပ္ပာယ်ကို သိရ၍ ပိုမိုအံ့သြကြသည်။ စန္ဒရိအစောင့်တို့က အကင်းပါးစွာဖြင့် ခေါင်းပြူကာ နားစွင့်လျက်ရှိနေလေသည်။ နောက်တစ်ခါ အော်ပြန်သည်။

***"ကောင်းကောင်းအိပ်ထားလိုက်၊ ထမင်းကောင်းကောင်းစားထားလိုက်ဦး ကွယ့်နော်... သိပ်မကြာတော့ဘူး..."***

ခဏကြာသောအခါ ကောလင်းမြို့စား၏ သားအမည်ကို ခေါ်၍ ***"သစ္စာဖောက်၊ သစ္စာဖောက်"*** ဟု သံကုန်ဟစ်၍ တောင်ကုန်းတစ်ဝိုက်တွင် ပဲ့တင်သံများ ထပ်သွားသည်။ ထိုအော်ဟစ်သော မြန်မာလည်း အဝေးသို့ ထွက်ခွာသွားတော့သည်။

"ဗဟုစိတ်ထား"

မိုးနတ်သျှင်(မြန်မာပြန်)

**The Soul of A People by H Fielding Hall** မှ

### သမိုင်းနောက်ခံအကျဉ်း

၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်မှာ သီပေါမင်းကို အလွယ်တကူ ဖမ်းဆီးခေါ်ဆောင်သွားခဲ့တဲ့နောက် မြန်မာတစ်ပြည်လုံး ကျွန်ဖြစ်ခဲ့ကြရတော့တာပါပဲ။

အဲဒီနောက် ခဏတစ်ဖြုတ် ငြိမ်သက်နေကြပြီး မြန်မာပြည် အနှံ့အပြားမှာ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး ထကြွလှုပ်ရှားမှုတွေ ဖြစ်ကြပါတယ်။ အဲဒီအထဲမှာ ဝန်းသိုစော်ဘွားလည်း အပါအဝင်ပါ။ ဝန်းသိုစော်ဘွားက ကောလင်းမြို့စားကို ဖြုတ်ချခဲ့ဖူးတာမို့ အဲဒီကောလင်းမြို့စားရဲ့သားက မာစတာအသစ် အင်္ဂလိပ်နဲ့ပေါင်းပါတယ်။ သူ့အဆိုအရ သူ့အဖေကို မြို့စားပြန်ဖြစ်အောင် လုပ်တာပါတဲ့။

ကျွန်တော်တို့တွေရဲ့ စိတ်ဓာတ်ပုံပြင်လေးက အဲဒီကတည်းက စခဲ့တာပါပဲ။ အင်္ဂလိပ်အုပ်ချုပ်သူတွေက သူတို့ထက်နိမ့်ကျတဲ့သူတွေလိုကြည့်၊ ကိုယ့်ကိုယ်ကိုယ်ကျ

mgyoe.com

com

မာစတာရယ်လို့ သဘောထားကြပါတယ်။ ကောလင်းမြို့စားရဲ့သားလို ကိုယ့်နယ်ပယ်ကျဉ်းကျဉ်းလေးမှာ မာစတာပေါက်စ ဖြစ်ချင်သူတွေက မာစတာကြီးတွေကို ပြေးကပ်ပြီး ကျွန်ခံကြပြန်ပါတယ်။ ဒီလိုနဲ့ ကျွန်စိတ်ဝင်လာတဲ့လူတွေရယ်လို့ ပေါ်လာရပါလေရော။

အဲဒီလိုမဟုတ်ဘဲ ငါတို့သာ အရှင်သခင်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆတဲ့သူတွေကတော့ ကိုယ့်မှာ မီးကျိုးမောင်းပျက်လက်နက်ပဲ ရှိစေဦး။ ငြိမ်မနေကြဘဲ မာစတာတွေနဲ့ ကျွန်ပါးဝ မာစတာပေါက်စလေးတွေကို *ကောင်းကောင်းအိပ်ထား၊ ကောင်းကောင်းစားထား* လို့ ကြိမ်းဝါးလိုက်ကြတာကိုး။ အဲဒီလို သခင်စိတ်ရှိသူတွေလည်း ပေါ်ထွန်းလာပါတော့တယ်။ ဒါပေမဲ့ မြန်မာတွေရဲ့ ပုန်ကန်မှုဟာ ဆယ်စုတစ်စုထက် ပိုမကြာနိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ အုပ်ချုပ်သူ အင်္ဂလိပ်တွေကို သခင်ကြီးလို့ ခေါ်ရတဲ့ဘဝ ရောက်ပါလေရော။ အင်္ဂလိပ်လိုတော့ မာစတာဆိုပါတော့။

အဲသလို အခြေအနေကနေ မြန်မာတွေစပြီး လူးလွန့်ခဲ့ရတာကတော့ ဘာသာရေးအဖွဲ့အစည်းတွေအနေနဲ့ပါ။ ဟိုတစ်ဖွဲ့ ဒီတစ်ဖွဲ့ ဖြစ်နေရာကနေ ၁၉၀၆ ခုနှစ်ရောက်တော့ ဝိုင်အမ်ဘီအေလို့ အင်္ဂလိပ်လို အတိုကောက်ခေါ်တဲ့ ဗုဒ္ဓကလျာဏယုဝအသင်းတစ်သင်းကို စထူထောင်ဖြစ်ကြပါတယ်။ ပိုပြီးကျယ်ပြန့်အောင် မြို့နယ်တိုင်းမှာ အသင်းခွဲတွေထူထောင်ဖို့ ဆုံးဖြတ်ပြီး ၁၉၁၀ ပြည့်နှစ်ရောက်တော့ အဖွဲ့ချုပ်ကြီးတစ်ခုအဖြစ် ဖွဲ့လို့ရလာပါတယ်။ အဲဒီလိုနဲ့ နှစ်စဉ်နှစ်တိုင်းလို ကွန်ဖရင့်အစည်းအဝေး ကျင်းပနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အစည်းအဝေး အဖွင့်အပိတ်တိုင်းမှာ ဘုရင်မင်းမြတ်အား ဘုရားသခင် ကြည့်ရှုတော်မူပါလော့ (God Save The King) ဆိုတဲ့ အင်္ဂလိပ်အမျိုးသားသီချင်းကို ဆိုကြရတာပါ။

တို့ဗမာ သခင်သီချင်းရှိသလို ကျွန်သီချင်းလည်း ရှိတယ်။ အဲဒါ God Save The King ဆိုတဲ့သီချင်းပဲ။ ကျောင်းတွေမှာ ကျောင်းတက်ရင် အဲဒီသီချင်းဆိုရတယ်။ အခမ်းအနားတွေမှာ အဖွင့်အပိတ် အဲဒီသီချင်း ဆိုရတယ်။ တကယ်တော့ ကျွန်စိတ်ဝင်အောင် လုပ်ထားတာပဲလို့ ဝါးခယ်မသခင်သိန်းဖေက သူတို့ငယ်ငယ်ကဘဝကို ပြန်ပြောင်းပြောပြပါတယ်။

## ငါတို့၏သခင် ဘုရင်မင်းမြတ်

မြန်မာလူမျိုးတွေရဲ့သဘောထားက ကိုယ့်ဘုရင်မင်းမြတ်တောင် ရန်သူမျိုးငါးပါးစာရင်းထဲ သွင်းထားကြတာ မဟုတ်လား။ အဲဒါကို ငါတို့၏ ဘုရင်မင်းမြတ်ဆိုပြီး ဘုရင်မင်းမြတ်အတွက် မြန်မာတွေကို ဆုတောင်းခိုင်းတာကိုး။ ရုပ်ရှင်တွေပေါ်တော့ ရုပ်ရှင်ရုံတွေမှာလည်း ဒီသီချင်းလာရင် မတ်တတ်ရပ်ရပါသတဲ့။ အဲဒီသီချင်းစာသားတွေက

mgtoe.com

mgyoe.com
ဒီလိုပါ။

*ဘုရားသခင်သည် ကျေးဇူးကြီးမားတော်မူသော ငါ၏ဘုရင်မင်းမြတ်ကို မစ ပါစေသတည်း။*

*မြင့်မြတ်သော စိတ်နှလုံးတို့နှင့်ပြည့်စုံတော်မူသော ငါတို့၏သခင် ဘုရင်မင်း မြတ်သည် သက်တော်ရာကျော် ရှည်မြင့်တော်မူပါစေသတည်း။*

*ဘုရားသခင်သည် ငါတို့၏သခင် ဘုရင်မင်းမြတ်အား ခပ်သိမ်းသော အောင်ပွဲ တို့ကို ခံပါစေသတည်း။*

*ဘုရားသခင်သည် ငါတို့သခင် ဘုရင်မင်းမြတ်အား ဘုန်းတန်ခိုးတေဇော် ကျက်သရေတော်အပေါင်းတို့နှင့် ကောင်းကောင်းကြီး ပြည့်စုံပါစေသတည်း။*

*ငါတို့ များစွာသတ္တဝါအစုန်းတို့ အစွန့်ရှည်စွာ စောင့်ရှောက်အုပ်စိုးနိုင်ပါစေ သတည်း။*

*အို– ဘုရားသခင် ဘုရင်မင်းမြတ်အား သနားသမှု ကြည့်ရှုမစတော်မူပါလော့။*

သီချင်းထဲမှာ ဘုရားသခင်ကို ဆုတောင်းဟန်နဲ့ ဘုရင်မင်းမြတ်ရှေ့မှာ နာမဝိသေ သနတွေ ထည့်သွားလိုက်တာ ကျေးဇူးကြီးမားတော်မူသောတဲ့။

မြန်မာ့ယဉ်ကျေးမှုမှာ ကျေးဇူးတရားနဲ့ပတ်သက်ရင် အနန္တော အနန္တငါးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာပဲ ဦးထိပ်ထားလေ့ရှိပါတယ်။ ဘုရင်မင်းမြတ် မပါပါ ဘူး။ ဒါပေမဲ့ သီချင်းစာသားထဲမှာ အင်္ဂလိပ်အုပ်စိုးသူ မာစတာတွေဟာ အမိအဘနေရာက တန်းညှိလာကြပါတယ်။ ငါတို့ ကျေးဇူးတရားလို့ တယ်ကျူးရင့်ချင်လာပြီး ပြည်သူလူထု ကိုလည်း အဲဒီသီချင်းကို နားထောင်ခိုင်း၊ ဆိုခိုင်းလို့ရတဲ့နေရာမှာ လိုက်ဆိုခိုင်း လုပ်ကြတာ ဟာဖြင့် မြန်မာလူထုကို ထင်သလို စော်ကားတာပါပဲ။ အဲဒီကျေးဇူးဆိုတဲ့ နာမဝိသေသန အပြင် 'မြင့်မြတ်သော စိတ်နှလုံးနှင့် ပြည့်စုံတော်မူသော' တဲ့။ 'ငါတို့၏ သခင်' တဲ့။ မသိ မသာ ထည့်သွားလိုက်တာ သုံးကြိမ်သုံးခါ တွေ့ရပါတယ်။

အဲဒါ ကျွန်တော်တို့တစ်တွေကို 'ငါတို့၏ သခင်ဘုရင်မင်းမြတ်သည်သာ မိဘ၊ ဘုရင်မင်းမြတ်သည်သာ ဆရာ၊ ဘုရင်မင်းမြတ်သည်သာ သခင်' လူထုစိတ်ထဲ စွဲဝင်သွား စေချင်တာကိုး။ သူတို့က လူထုကို အဲသလို ကျွန်ဇာတ်သွင်း၊ အနန္တော အနန္တငါးပါးနေရာ မှာဝင်၊ ခြေတင်ချင်ကြတာပါ။

## ကျွန်အဖြစ်မခံသော ပထမကျောင်းသားသပိတ်သို့

မာစတာတွေက နည်းပေါင်းစုံနဲ့ ကျွန်ဇာတ်သွင်းလိုက်ကြတာ ဝိုင်အမ်ဘီအေအသင်း

mgyoe.com

ကြီးရဲ့ ကွန်ဖရင့်တွေမှာ ဂျော့ဘုရင်နဲ့ မေရီမိဖုရားကြီးတို့ သက်တော်ရာကျော် ရှည်ပါစေ၊ ဘုရားသခင်က စောင့်ရှောက်ပါစေရယ်လို့ ဆုတောင်းမေတ္တာ ပို့ခဲ့ကြရသေးတာကလား။

စတုတ္ထအကြိမ် ဟင်္သာတကွန်ဖရင့်မှာလည်း ဂျော့ဘုရင်နဲ့ မြန်မာပြည်ဘုရင်ခံကို ကျေးဇူးသစ္စာ စောင့်သိရိုသေပါကြောင်း အစည်းအဝေးမှာ ထည့်ပြောရပါသေးသတဲ့။ ဆဋ္ဌမအကြိမ် မော်လမြိုင်ကွန်ဖရင့်မှာ ပုဏ္ဏားသုံးယောက်က ဂျော့ဘုရင်ကို မေတ္တာရေစင် သွန်းလောင်း၊ ဆုမွန်ကောင်းတွေလည်း တောင်းကြသေးတာတဲ့။ ဒါ့အပြင် အင်္ဂလိပ်အုပ်ချုပ် ရေးအောက်မှာ အေးအေးချမ်းချမ်း နေကြရလို့ အုပ်ချုပ်သူ မာစတာမင်းတွေကို ကျေးဇူး ဥပကာရတင်ကြောင်း စကားဆိုခဲ့ကြသေးတယ်လို့ ဆိုသကိုး။

မာစတာတွေက ကျွန်ဇာတ်သွင်းသလို ကျွန်တော်တို့ထဲကလူတွေကလည်း မျက်နှာ လိုအားရနဲ့ ကျွန်ဇာတ်ကသူတွေ ကကြသေးတာဆိုတော့ ရာဇဝင်ရိုင်းခဲ့ရတယ်လို့ ရှက် ရှက်နဲ့ ဝန်ခံရမှာပါ။ ဒါပေမဲ့ ဝိုင်အမ်ဘီအေအသင်းကြီးဟာ နိုင်ငံအကျိုးပြုလုပ်ငန်းတွေလည်း လုပ်ခဲ့တာ ငြင်းလို့မရပါဘူး။

အဲဒီတုန်းက အစိုးရရုံးတွေက လူထုကို ဆင့်ဆိုတဲ့ စာတွေထုတ်ရင် 'မောင်မင်း၊ မယ်မင်း နာခံရမည်' ဆိုတဲ့ အသုံးအနှုန်းမျိုး သုံးနှုန်းတာကလား။ လူ့နာမည်ကိုလည်း ငဖြူ၊ ငမဲ စသဖြင့် 'င' ထည့်ပြီး နှိမ်ခေါ်တာပါ။ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံ အမှုတုန်းကဆိုရင်လည်း အဲဒီအခေါ်အဝေါ်ပြဿနာ ကြုံခဲ့ပါသေးတယ်။

အဲဒီအခါက ဆရာစံဘက်က လိုက်ပါဆောင်ရွက်တဲ့ ရှေ့နေတွေက ဒေါက်တာ ဘမော်၊ သခင်မြ၊ သခင်စိန်တို့ပါ။ အမှုစစ်တော့ 'ဆရာစံ' လို့ပဲ ဆရာစံကို ခေါ်ကြပါတယ်။ ငစံလို့ မခေါ်ရကောင်းလားဆိုပြီး တရားသူကြီး ဦးဘဦးက မကျေမနပ်ဖြစ်ပါသတဲ့။ ဒါကြောင့် 'ဒီမှာ သခင်ဘသောင်းရဲ့၊ ကျုပ်တို့ မြန်မာတွေကိုက မကောင်းတာဗျ' လို့ ဒေါက်တာဘမော်က သခင်ဘသောင်းကို ပြောဖူးပါသတဲ့။

အဲဒီလို ဈေးဖျက်မြန်မာတွေကလည်း ရှိသေးတာကိုး။ သခင်သီချင်းထဲမှာ 'ဈေးဖျက်မြန်မာဆိုတာ ကိုယ့်အသားက လောက်ပင်၊ မိုက်ကြေးသာခွဲချင်တာ၊ ဒါမျိုးတော့ ခေါင်းဆောင်မတင်' လို့ ရေးဖွဲ့ဆိုခဲ့ပါသေးတယ်။

ဒီလို ရင့်သီးနှိမ်ချတဲ့ အသုံးအနှုန်းတွေကို ဝိုင်အမ်ဘီအေအသင်းကြီးက ကန့်ကွက် ပါတယ်။ အင်္ဂလိပ်၊ မြန်မာ၊ ဥရောပသားရယ်လို့ မခွဲခြားဘဲ ပညာရေးဥပဒေတစ်မျိုးတည်း ရှိသင့်တယ်လို့လည်း တောင်းဆိုခဲ့ပါတယ်။ အဲဒီတုန်းက မြန်မာကျောင်းသားတွေ ကျောင်းခန်းထဲဝင်ရင် ဘွတ်ဖိနပ်ပဲ စီးရတာ၊ မြန်မာဖိနပ်စီးခွင့်ပြုဖို့လည်း ဝိုင်အမ်ဘီအေက တောင်းဆိုခဲ့ပါတယ်။

mgyoe.com

မာစတာအုပ်ချုပ်ရေး အောက်တန်းကျလိုက်ပုံများ

၁၉၄၀ ပြည့်နှစ် ဇွန်လ ၁ ရက်နေ့ ဟသာ်ာတမှာ သခင်အောင်ဆန်း တရားဟောနေတဲ့အခိုက် ရာဇဝတ်အုပ်တစ်ယောက် ရောက်လာပြီး စာတစ်စောင် ပေးပါတယ်။

လူထုပရိသတ်က တအံ့တသြကြည့်နေတုန်း သခင်အောင်ဆန်းက စာကိုဖတ်ပြီး "ဟောဒီမှာ ဟသာ်ာတရာဇဝတ်ဝန်က ဖိတ်စာတစ်စောင်ပေးပါတယ်။ သူ့စာကတော့ ချင်းတောင်ကိစ္စကို မဟောရဘူးလို့ ပိတ်ပင် တားမြစ်တာပါပဲ။ ချင်းတောင်ကိစ္စကို ကြားချင်ကြပါသလား" လို့ မေးပါလေရော။

ပရိသတ်ကြီးကလည်း "ကြားချင်ပါတယ်" ဆိုတာနဲ့ သခင်အောင်ဆန်းက "ကြားချင်ရင် ပြောချင်တာနဲ့ အတော်ပဲ" ဆိုပြီး အင်္ဂလိပ်အစိုးရရဲ့ ဖိနှိပ်ရက်စက်ပုံတွေကို ပြောတော့တာကိုး။ ဒါကြောင့် ဟသာ်ာတရာဇဝတ်ဝန်က သခင်အောင်ဆန်း ဖမ်းဆီးဖို့ ကြေညာချက်တစ်စောင် ထုတ်ပါတယ်။

"ဟသာ်ာတစီရင်စု၊ ဇလွန်မြို့တွင် ၁၉၄၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့ည၊ အစိုးရအကြည်အညိုပျက်လောက်အောင် တရားဟောပြောသဖြင့် ရာဇသတ်ပုဒ်မ ၁၂၄ (က) အရ အလိုရှိသော ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး၏ အထွေထွေ အတွင်းရေးမှူး မောင်အောင်ဆန်း ခေါ် သခင်အောင်ဆန်းအား ဖမ်းဆီးပေးသူကို ဖြစ်စေ၊ ဖမ်းဆီးရမိရန်ကိုဖြစ်စေ ဟသာ်ာတမြို့ ရာဇဝတ်ဝန်မင်းက ဆုတော်ငွေ ၅/–(ငါးကျပ်တိတိ) ပေးသနားတော်မူလိမ့်မည်"

ရာဇဝတ်ဝန်ရဲ့ နာမည်ကတော့ မစ္စတာဖေဗီယာပါပဲ။ ဒီကြေညာချက်လေးကို ဖတ်ကြည့်လိုက်တာနဲ့ မာစတာစိတ်ဓာတ်နဲ့ အုပ်ချုပ်သူတွေက မြန်မာပြည်သူလူထုရဲ့ ခေါင်းဆောင်တစ်ယောက်အပေါ်မှာ နာမည်တစ်လုံးခေါ်တာကအစ နှိမ့်ချခေါ်ဝေါ်ချင်ကြတာ ထင်းခနဲတွေ့ရတော့တာပါပဲ။ လူထုကို ကျွန်လို သဘောထားကြတာကိုး။ ဒီတော့ လူထုခေါင်းဆောင်တစ်ယောက်ကိုလည်း မြန်မာ့ယဉ်ကျေးမှုအရမဟုတ်တော့ဘဲ နှိမ့်ချသုံးနှုန်းဖို့ ဝန်မလေးတော့ပေဘူး။ သာမန်စောင့်ထိန်းလိုက်နာအပ်တဲ့ လူမှုကျင့်ဝတ်လေးတောင် မလိုက်နာနိုင်လောက်အောင် စိတ်ထားသေးသိမ် အောက်တန်းကျသွားပါတော့တယ်။ 'မောင်အောင်ဆန်း' တဲ့လေ။ ကျွန်တော်တို့ရဲ့ ခေါင်းဆောင်ကို။ ပြီးတော့ ဆုတော်ငွေကိုလည်း ကြည့်ဦး၊ ၅/– (ငါးကျပ်တိတိ) တဲ့။ အင်္ဂလိပ်အုပ်ချုပ်သူတွေက အဲဒီလို စော်ကားခဲ့ကြတာပါ။

mgyoe.com

mgyoe.com

စီးပွားရေးအားဖြင့်ဆိုရင် လယ်ယာတွေကို နိုင်ငံခြားသားကို ပိုင်ဆိုင်ခွင့်မပေးဖို့၊ ဆန်ဈေးကို မကန့်သတ်ဖို့၊ ဆန်ရောင်းလို့ရတဲ့အမြတ်ကို မြန်မာပြည်မှာပဲသုံးစွဲဖို့ အဆိုပြုခဲ့တာတွေလည်း ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအားဖြင့်ဆိုရင်တော့ ဘာတောင်းဆိုချက်မှ မတောင်းဆိုနိုင်ခဲ့သလောက်ပါပဲ။

အုပ်ချုပ်သူရဲ့ အင်ပါယာကိုစိန်ခေါ်ပြီး တစ်နိုင်ငံလုံး ထကြွနိုးကြားလာစေခဲ့တာကတော့ ပထမကျောင်းသားသပိတ်ပဲ ဖြစ်ပါတယ်။

## လူတိုင်းခေါင်းဆောင်

၁၉၂၀ မတိုင်မီက မြန်မာပြည်မှာ တက္ကသိုလ်ရယ်လို့ မရှိသေးပါဘူး။ ရန်ကုန်တက္ကသိုလ်နဲ့ ယုဒသန်ကောလိပ်ပဲ ရှိတာပါ။ အဲဒီတော့ ဝိုင်အမ်ဘီအေလို့ခေါ်တဲ့ ဗုဒ္ဓကလျာဏယုဝအသင်းက မြန်မာပြည်မှာ တက္ကသိုလ်သီးခြားရရှိမယ်ဆိုပြီး ကြွေးကြော်တိုက်တွန်းပါတယ်။ ဒါကြောင့် ပညာမင်းကြီး မစ္စတာမက်သယူးဟန်တား ဦးစီးလို့ တက္ကသိုလ်အက်ဥပဒေရေးဆွဲဖို့ ကော်မတီတစ်ရပ်ကို ၁၉၁၈ ဇွန်လမှာ ဖွဲ့စည်းပြီး ၁၉၂၀ မှာ တင်သွင်း၊ ဒီဇင်ဘာ ၃ ရက်နေ့မှာ ကောလိပ် ကျောင်းသားကြီး ၁၁ ဦးဟာ ရွှေတိဂုံစေတီတော်အနောက်တောင်ထောင့် ဗောဓိပင်အနီးမှာ ဒီဥပဒေကို လျှို့ဝှက်ဆွေးနွေးကြပြီး သပိတ်မှောက်ဖို့ ဆုံးဖြတ်ကြပါတယ်။

ကောလိပ်ကျောင်းသားတွေကလည်း သပိတ်မှောက်ရော တစ်ပြည်လုံးက အထက်တန်းကျောင်းသားတွေလည်း သပိတ်ထဲပါလာကြပါတယ်။ မန္တလေးမှာ သပိတ်မှောက်ကျောင်းသားတွေ မြို့ထဲလှည့်ကြတော့ ရာဇဝတ်ဝန်မက်ဒေါ်နယ်နဲ့ တွေ့ကြပါလေရော။

'ကျောင်းသားခေါင်းဆောင် ဘယ်သူလဲ' လို့ ရာဇဝတ်ဝန်က အင်္ဂလိပ်လိုမေးပါတယ်။ ဒီတော့ ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ သခင်ဘသောင်းဖြစ်လာမယ့် မောင်ဘသောင်းက ဒီလိုပြန်ဖြေလိုက်ပါသတဲ့။ "Everybody is the leader of himself" (လူတိုင်းကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်နေကြတာပဲ)။ ဒီစိတ်ဓာတ်ဟာ သခင်စိတ်ဓာတ်ရဲ့ အတွင်းအနှစ်ပဲ ဖြစ်ပါတယ်။ သခင်စိတ်ဓာတ်အလုံးစုံရဲ့ အုတ်မြစ်လည်း ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့ မာစတာလို့ ထင်နေရှာတဲ့ ရာဇဝတ်ဝန် မက်ဒေါ်နယ် ပြန်လှည့်သွားရတဲ့ စကားတစ်ခွန်းလည်း ဖြစ်ပါတယ်။

လူတိုင်းဟာ ကိုယ့်ရဲ့ကြောက်စိတ်တွေကို ပယ်ဖျောက်၊ အပြုခံစိတ်တွေကို ဖယ်ရှားပြီး ကျွန်ဘဝလွတ်မြောက်ရေးကို လျှောက်လှမ်းမယ်ရယ်လို့ တစ်ဦးချင်းက ဆုံးဖြတ်ချက် ရှိရှိနဲ့ မိမိကိုယ်ကို ဦးဆောင်ကြမှသာ သခင်ဘဝနဲ့ နီးစပ်တော့မှာကိုး။

mgyoe.com

 mgyoe.com 

မာစတာအင်္ဂလိပ်တွေ ဖြစ်စေချင်တဲ့အတိုင်း အမြီးကုပ်နေလို့ကတော့ ကျွန်ဟာ ကျွန်ပဲဖြစ်နေမှာပါ။ ဒါကြောင့် လူတိုင်းဟာ ခေါင်းဆောင်ဖြစ်တယ်လို့ သခင်ဘသောင်းက ပြောတာပါ။ ဒါကြောင့် လူတိုင်းဟာ ကျွန်ဘဝလွတ်မြောက်ရေးဆီ ကိုယ့်ကိုယ်ကိုယ်မှ ဦးဆောင်ခေါ်မသွားနိုင်လို့ကတော့ ဝပ်ကျင်းထဲက ဘယ့်နှယ်လွတ်နိုင်ပါ့မလဲ။

အင်္ဂလိပ်–ဂျပန် လက်အောက်က မြန်မာပြည်လွတ်လပ်ခဲ့တာ ဒီစိတ်ဓာတ်ကြောင့် ဖြစ်တယ်။ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် မကြောက်မရွံ့နောက်မတွန့်ဘဲ လုပ်ခဲ့ကြသူတွေ ရှိလို့သာဖြစ်တယ်။ ဒါ အရေးကြီးတဲ့ သင်ခန်းစာတစ်ရပ်ပါပဲ။

**သပိတ်ပြီးတဲ့အခါ မာစတာတွေရဲ့အကြံ**

အင်္ဂလိပ်လက်အောက်မှာ အိန္ဒိယနဲ့ မြန်မာရယ်လို့ နယ်စပ်ချင်းထိစပ်နေတဲ့ နိုင်ငံ နှစ်နိုင်ငံရှိပေမဲ့ မြန်မာကိုချန်ပြီး အိန္ဒိယကို အုပ်ချုပ်ရေးတိုးမြှင့်ပေးမယ်လို့ ၁၉၁၇ ခုနှစ်၊ ဩဂုတ် ၂၀ မှာ အင်္ဂလိပ်အစိုးရက ကြေညာပါတယ်။ အိန္ဒိယပြည်ကို ဘယ်လိုအုပ်ချုပ်ရေးမျိုးပေးသင့်သလဲစုံစမ်းဖို့ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူကို အိန္ဒိယလွှတ်တော့ မြန်မာတွေလည်း အုပ်ချုပ်ရေးတိုးမြှင့်ပေးဖို့ တောင်းဆိုရအောင် ဝိုင်အမ်ဘီအေက ကိုယ်စားလှယ်တစ်ဖွဲ့ စေလွှတ်လိုက်ပါတယ်။ ဒါပေမဲ့ မွန်တေဂူအစီရင်ခံစာ ထွက်လာတော့ မြန်မာနိုင်ငံက နိုင်ငံရေးနိုးကြားမှုမရှိသေးလို့ အုပ်ချုပ်ရေးအဆင့်တိုးမြှင့်ပေးဖို့ စောပါသေးတယ်တဲ့။ ဒါနဲ့ ၁၉၁၉ မှာ တစ်ကြိမ်၊ ၁၉၂၀ မှာတစ်ကြိမ် (ဖေ၊ ပု၊ ရှိန်နဲ့ ဖေ၊ ပု၊ သိန်း) ကိုယ်စားလှယ်နှစ်ဖွဲ့ သွားအရေးဆိုပေမဲ့ စိတ်မဝင်စားလှပါဘူး။

ဒါပေမဲ့ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလမှာ ပထမကျောင်းသားသပိတ်ကြီး ပေါ်ပြီး တစ်နိုင်ငံလုံး အမျိုးသားကျောင်းတွေ ပေါ်လာ၊ ဂျီစီဘီအေအသင်းကြီးရဲ့ နဝမမြောက် ကွန်ဖရင့်ကလည်း ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုလာတယ်ဆိုတော့ အင်္ဂလိပ်တွေ မနေသာတော့ပါဘူး။ (G.C.B.A ရဲ့ အရှည်က General Council of Buddhist Association ပါ။ ၁၉၂၀ ပြည့်နှစ်၊ အဋ္ဌမမြောက် ကွန်ဖရင့်မှာ ဝိုင်အမ်ဘီအေကို ဂျီစီဘီအေအဖြစ် ပြောင်းခဲ့တာပါ။)

ဒါနဲ့ မြန်မာကို အုပ်ချုပ်ရေးတိုးမြှင့်ပေးဖို့ လေ့လာရအောင်ဆိုပြီး ဆာအေဖရက် ဒရစ်ဂိုက် ဦးစီးတဲ့ ကော်မတီတစ်ခုကို ၁၉၂၁ ခုနှစ်မှာ မြန်မာနိုင်ငံကို စေလွှတ်လိုက်ပါတယ်။ ဒီကော်မတီကို ဝှိုက်ကော်မတီရယ်လို့ သမိုင်းမှာ လူသိများကြပါတယ်။ တကယ်တော့ အင်္ဂလိပ်တွေပေးချင်တာက ဒိုင်အာခီ (Dyarchy) အုပ်ချုပ်ရေးပုံစံပါ။

mgyoe.com

**ဒိုင်အာခီအုပ်ချုပ်ရေး**

ဒီအုပ်ချုပ်ရေးကို အင်္ဂလိပ်က ၁၉၂၃ ခုနှစ်မှာ ပေးပါတယ်။ အဲဒီအုပ်ချုပ်ရေးမှာ ၁၀၂ ဌာနခွဲထားပြီး ဗြိတိသျှအိန္ဒိယ ဗဟိုအစိုးရက ၄၇ ဌာန၊ မြန်မာနိုင်ငံဘုရင်ခံက ၃၃ ဌာန၊ ရွေးကောက်တင်မြှောက်တဲ့ ဥပဒေပြုကောင်စီအမတ်တွေက ၂၂ ဌာန တွဲဘက်အုပ်ချုပ်မယ့် အုပ်ချုပ်ရေးဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်တဲ့ ဥပဒေပြုကောင်စီအမတ်တွေပါတယ်ဆိုတော့ လူထုဆန္ဒသဘောထားကို အင်္ဂလိပ်တွေက လေးစားသယောင်ယောင်ပါပဲ။ ဒါပေမဲ့ အမတ်အချိုးကျထားပုံကို ကြည့်လိုက်တော့ ဗမာတိုင်းရင်းသားတွေအတွက် ၅၈ နေရာ၊ ကရင်အမျိုးသားတွေအတွက် ငါးနေရာ၊ ဗမာကုန်သည်ကြီးအသင်းအတွက် တစ် နေရာ၊ ပေါင်း ၆၄ နေရာပဲ ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၆၂ ရာနှုန်းပါ။

ဘုရင်ခံက တိုက်ရိုက်ခန့်တာ ၂၁ ယောက်၊ အစိုးရအရာရှိက နှစ်ယောက်၊ ပေါင်း ၂၃ ယောက်ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်းကို ဘုရင်ခံက တိုက်ရိုက်ချုပ်ထားလေရဲ့။ သွယ်ဝိုက်ပြီး အိန္ဒိယအမျိုးသားတွေအတွက် ရှစ်နေရာ၊ အင်္ဂလိပ်ကပြား တစ်နေရာ၊ ဥရောပတိုက်သား တစ်နေရာ၊ တက္ကသိုလ်ကျောင်းကိုယ်စားလှယ် တစ်နေရာ၊ ဥရောပကုန်သည် နှစ်နေရာ၊ တရုတ်ကုန်သည် တစ်နေရာ၊ ဥရောပတိုက်သားရောင်းဝယ်ရေးအဖွဲ့ တစ်နေရာ၊ အိန္ဒိယအမျိုးသားကုန်သည်တစ်နေရာ၊ ပေါင်း ၁၆ နေရာမို့ ၁၅ ရာခိုင်နှုန်း ရှိပါတယ်။

ဒါကြောင့် ဒိုင်အာခီဥပဒေပြုကောင်စီဆိုတာ ဘုရင်ခံမာစတာဆက်လုပ်နိုင်ဖို့ အချိုးကျဖွဲ့ထားတဲ့ကောင်စီလို့ ပြောနိုင်ပါတယ်။ သူက လက်ဝါးကြီးအုပ်ချုပ်ထားတာကိုက ၂၃ ရာခိုင်နှုန်းရှိပေတာကိုး။ သွယ်ဝိုက်ပြီး အုပ်ချုပ်ထားတာကိုက ၁၅ ရာခိုင်နှုန်းပါ။ ဒီတော့ လူထုက မဲပေးနိုင်တာ ၆၂ ရာခိုင်နှုန်းပဲရှိပါတော့တယ်။ ဒါအင်္ဂလိပ်လက်ထက်မှ မဟုတ်ပါဘူး။ ဂျပန်လက်ထက် ဖွဲ့စည်းပုံကိုကြည့်ရင်လည်း ဒီအတိုင်းပါပဲ။ ရာခိုင်နှုန်းပြည့် ရွေးချယ်ခွင့်ပေးခြင်းဟာ လူထုကို သခင်အဖြစ် သဘောထားတာဖြစ်လို့မို့ မြန်မာပြည်သူ ပြည်သားတွေကို ကျွန်လိုသဘောထားတဲ့ အင်္ဂလိပ်၊ ဂျပန်၊ မာစတာဘွဲ့ခံတွေက ဘယ်တော့မှ ဒီအခွင့်အရေးကို မပေးခဲ့ပါဘူး။

ပြီးတော့ ၆၂ ရာခိုင်နှုန်းဆိုတဲ့ အမတ်တွေထဲမှာကိုပဲ ကျွန်စိတ်ဝင်နေကြတဲ့သူတွေက ရှိပေသေးတာကိုး။ ဒီတော့ နေရာလေးတစ်နေရာရဖို့ အချင်းချင်းပုတ်ခတ်ပြောဆိုကြနဲ့

'ဒေါင်းယောင်နေ မှေးသကိုအခိုက်တွင်မှ၊
ခေါင်းဆောင်တွေ ရှေးနဂိုရ် မလိုက်ပြန်တော့၊
အရေးထိုထို၌ အခိုက်အခွင့်မဟန် (အိုကွယ်)

mgyoe.com

ခွေးလိုကိုက်ချင်တဲ့ စရိုက်အကျင့်တန်’… ကြသူတွေလည်း မနည်းပေဘူး။

ဒိုင်အာခီဘတ်ဂျက်

ထုံးစံအတိုင်းပါပဲ။ မြန်မာတွေ သခင်စိတ်ဓာတ်ထွန်းကားပြန့်ပွားလာတာကို မာစတာတွေက ဘယ်ကြိုက်ပါ့မလဲ။ သခင်တွေက သခင်အကျင့်ကို ကျင့်ကြံလာကြသလိုပဲ မာစတာတွေကလည်း မာစတာအကျင့်အကြံတွေနဲ့ လုပ်ကြံလာကြတာပဲပေါ့။ ထုံးစံအတိုင်း ပုလိပ်အဖွဲ့ အသုံးဘတ်ဂျက် ပိုသုံးလာကြပြီး ဖိနှိပ်ဖို့ ကြိုးစားလာကြပါတယ်။

၁၉၂၇–၂၈ ဘတ်ဂျက်မှာ ပုလိပ်အဖွဲ့ အသုံးစရိတ်က ၁၄၈ သိန်းပါ။ ၁၉၃၇–၃၈ ခုနှစ်အတွက် ဘဏ္ဍာရေးဝန်ကြီးချုပ် (အဲဒီတုန်းက ဝန်ကြီးကို ဝန်ကြီးချုပ်လို့ သုံးနှုန်းကြပါတယ်) လျာထားတာက ၁၅၂ သိန်းခွဲ၊ ဒေါက်တာဘမော်ကြီးမှူးတဲ့ အစိုးရလက်ထက်ရောက်တော့ ၁၅၄ သိန်းခွဲ သုံးစွဲလာပြီး နှစ်သိန်းခွဲ ပိုလာပါတယ်။

ဒါကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူ့ရဲ့သခင်ဋီကာမှာ “ပုလိပ်အဖွဲ့ကြီး တစ်ခုလုံး အားထားမှီခိုရာဖြစ်သော ပြည်ထဲရေးဝန်ကြီးချုပ် ဦးပေါ်ထွန်းသည် လွန်ခဲ့သော တပေါင်းလ လွှတ်တော်အစည်းအဝေးတွင် ကျွန်ုပ်တို့သခင်လေးများကို တိုင်းပြည်၌ လှည့်လည်၍ ခဏခဏ တရားဟောပြောမျက်စိဖွင့်ပေးသဖြင့် သခင်တိုင်းကို မိမိက အကြောင်းသိအောင် လုပ်မည်ဟု ဝန်ကြီးချုပ်ပီပီ ဆဲရေးတိုင်းထွာကြိမ်းမောင်းပြီးလျှင် ပုလိပ်အဖွဲ့၌ သခင်များ တရားဟောသော အရပ်ဒေသတိုင်း စုံထောက်များကို ခြေချင်းရှုပ်အောင် လွှတ်ခြင်း၊ ဤကဲ့သို့လွှတ်ခြင်းအားဖြင့် ပုလိပ်အဖွဲ့များမှာ ခရီးစရိတ်များ အလွန်အမင်း ကုန်ကျမည်ကို သိသည်နှင့် ပုလိပ်အဖွဲ့ရန်ပုံငွေ၌ ယခုနှစ်အတွက် ငွေနှစ်သိန်း ပိုမို၍ အမြော်အမြင်ကြီးကြီးနှင့် ထားဟန်တူလေသည်တဲ့” လို့ ရေးပါတယ်။

အဲဒီနှစ် ဘတ်ဂျက်ကို လေ့လာကြည့်ရင်–

| | |
|---|---|
| ဗမာပြည်၊ ရှမ်းပြည်ကာကွယ်ရေးစစ်တပ် | ၂၇၁ |
| ပုလိပ်အဖွဲ့ | ၁၅၄.၅ |
| ၄၀၀၀ိ/– စား ရှေ့နေချုပ်ကြီးမှစ၍ အထွေထွေ | |
| အစိုးရအမှုထမ်းများ ဆောင်ရွက်ရန် ကုန်ငွေ | ၁၂၁ |
| အရပ်ရပ်ရုံးတို့က စီရင်ရ၍ စရိတ် | ၅၅ |
| ထောင်အရာရှိအမှုထမ်းစရိတ် | ၃၄ |
| ပဋိညာဉ်ခံအရာရှိကြီးများစရိတ် | ၁၃၂ |
| စုစုပေါင်း | ၇၆၇.၅ သိန်း |

mgyoe.com

ဒါ သခင်တွေနဲ့ မာစတာအုပ်ချုပ်သူများကို ဆန့်ကျင်ကြတဲ့ပုဂ္ဂိုလ်တွေကို ဖိနှိပ်တဲ့ယန္တရားအတွက် ကုန်ကျစရိတ်ပါ။ ညွန့်ပေါင်းအစိုးရက အဲဒီနှစ် သုံးငွေစုစုပေါင်း ၁၅၄၂ သိန်းရှိတာမို့ ၅၀ ရာခိုင်နှုန်းနီးနီး သုံးတယ်လို့ဆိုရမှာပေါ့။ ပညာရေးအသုံးစရိတ်က ၆.၄၈ ရာခိုင်နှုန်း၊ ကျန်းမာရေးက ၃.၈၉ ရာခိုင်နှုန်းပဲရှိတာကိုး။ အဲဒီနှိပ်ကွပ်အုပ်ချုပ်ရေးအသုံးစရိတ်တွေ ကာမိအောင် အခွန်တွေကလည်း တစ်မျိုးပြီးတစ်မျိုး လူထုအပေါ်ကောက်ခံပါတယ်။

"ဩော်… အခွန်ပဏ္ဏာတွင်တွင်နဲ့ ဝန်ဘလာတင်တဲ့ မွန်မြန်မာတစ်ခွင်မှာ ကျွန်ရာဇဝင် အရိုင်းငယ်နဲ့"ဆိုသလိုပါပဲ။ လူထုကို ဝန်ထုပ်ဝန်ပိုးအမျိုးမျိုးနဲ့ ဖိထားတာပါ။ ဒါ မာစတာတွေရဲ့ ဘတ်ဂျက်ပါပဲ။ တိုင်းပြည်အပေါ်မှာ ဘယ်လောက်စေတနာထားတယ်၊ ကိုယ့်မာစတာဘဝ တည်မြဲရေးအတွက် ဘယ်လောက်သုံးတယ်ဆိုတာ ဒီဘတ်ဂျက်က အထင်အရှားပြနေတာ မဟုတ်လား။

## ကျွန်အမျိုးမျိုးနဲ့ ကျွန်အကျင့်

အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ ဂျပန်ပဲဖြစ်ဖြစ် ဘယ်လူမျိုးပဲဖြစ်ဖြစ်ပါ။ သူတို့ မာစတာဘဝ သက်ဆိုးရှည်ချင်ကြစမြဲပေကိုး။ ဒီတော့ သူတို့ခိုင်းသမျှ ဖြစ်စေ လိုသမျှ လုပ်ပေးကိုင်ပေးမယ့် လူတွေကို ကျွန်လေးမျိုးစာရင်းမှာ သွတ်သွင်းပါတယ်။ အဲဒီကျွန်လေးမျိုးကတော့–

၁။ အန္တောဇာတ–ခြံပေါက်ကျွန် (ဝါ) ရုံးပေါက်ကျွန်၊

၂။ ဓနက္ကီတ–ငွေဝယ်ကျွန် (ဝါ) လခပေးလျှင် ခွေးလိုလုပ်ရသောကျွန်၊

၃။ သယံဒါ–ကျွန်စော်နံ၍ ကိုယ်တိုင် ကျွန်တော်မျိုးခံသော မေတ္တာရိကျွန်၊

၄။ ကရမရာနီက–သုံ့ပန်းကျွန်တဲ့။

အင်္ဂလိပ်လက်ထက်၊ ဂျပန်လက်ထက် ဘယ်လက်ထက်ကိုပဲ ကြည့်ကြည့် မာစတာတွေဟာ သူတို့အုပ်ချုပ်ရာမှ လက်ရင်းခြံပေါက်ကျွန်တွေကို အားကိုးအားထား ပြုကြတာကလား၊ ပြီးတော့ လွတ်လပ်ရေးလှုပ်ရှားမှုတွေမှာ ပါနေတဲ့ အချို့သောခေါင်းဆောင်တွေကို ဝယ်ယူဖို့ကြိုးစားကြတာလည်း သမိုင်းမှာတွေ့ရပါတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးမှာ ၂၅ဝိ/–စား၊ ၅၀ဝိ/–စား၊ ၄၀၀ဝိ/–စား ရာထူးတွေနဲ့ မျှားလိုက်တော့ ကျွန်သက်မစင်သေးတဲ့ သူတွေ ပါသွားကြပြီး အချင်းချင်းလည်း ပဋိပက္ခတွေ ဖြစ်ကြပါလေရော။

"နှံနစ်ရှာတောင် ကျွန်ခေတ် ငါတစ်ကောင်ဟဲ့လို့
စွာဟောင်ဟောင်သို့ကလောက် ဟိန်းကြလျှင်ဖြင့်
မှောက်ကိန်းအရှည်သွားမည်ကြောင့်

mgyoe.com

ငွေငါးထောင်အရာလုတွေကဖြင့်၊
သာဓုခေါ်စရာပ အကြော်ကညာ"

လို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက လေးချိုးကြီးဖွဲ့ပြီး သတိပေးခဲ့ဖူးပါတယ်။ စာဏကျနိတိကျမ်းစကားအရဆိုရင်လည်း ကျွန်ကျင့်ဆိုတာ သခင်မွေးတဲ့ခွေးတွေ ကျင့်သလိုပဲတဲ့။ အဲဒီအကျင့်တွေက–

၁။ သခင့်အကြိုက် သခင့်အလိုလိုက်ပြီး အကိုက်ခိုင်းလျှင် ကိုက်ခြင်း၊ အဟောင်ခိုင်းလျှင် ဟောင်ခြင်း၊ အဟိန်းခိုင်းလျှင် ဟိန်းခြင်း၊

၂။ သခင်ပေးသဟာ ကျွေးသဟာ ခွေးစာပင်နည်းသော်လည်း ရောင့်ရဲတင်းတိမ်ခြင်း၊

၃။ ကိုယ့်အရှင်ကို ခင်မင်လွန်မင်း ချစ်ခင်ခြင်း၊

၄။ မကြောက်မရွံ့ နောက်မတွန့်မူ၍ စွန့်စွန့်စားစား သခင်အားရ ကျွန်ဒဏ်ဝဆိုသလို ဖွဲ့သန်ရခြင်းတဲ့။

ကျွန်ဆိုတာကတော့ မာစတာရဲ့ မျက်နှာရိပ်မျက်နှာကဲကို ကြည့်နေတာ။ ကိုယ်မှန်တယ်ထင် ထင်တဲ့အတိုင်းမပြောဘဲ မာစတာကြားချင်တဲ့ စကားမျိုးပြောကြတာကိုး။ အဲဒီစိတ်ရှိသူတွေကို အသပြာရာထူးနဲ့လည်း မျှားလိုက်ရော အရာလုတွေ ဖြစ်ကုန်လေရော မဟုတ်လား။ ဒါကို–

"ငွေငါးထောင် အစာဒုလ္လဘရယ်ကြောင့်
ပြည်အားတောင် မဖြုန်သပရယ်လို့
မဟာသူပုန်ထခဲ့တဲ့ အရေးတတ်တွေ
အမွေးခပ်ရှည်ရှည်ရယ်နှင့် အမိုက်ဝါသနာကိုး
(အရိုးစိမ်းကြီးရယ်) ခွေးအငတ် မပြေတပြေတွေမှာဖြင့်
ကိုက်စရာအရိုး"

လို့ အဲဒီတုန်းက ဒိုင်အာခီနေရာလုကြတဲ့သူတွေကို ဆရာကြီးက ခွေးဋီကာဖွဲ့ပြီး သရော်ခဲ့ ကလော်ခဲ့ဖူးပါတယ်။

## မြန်မာတွေ ဂိုဏ်းဂဏပြင်းကြပုံ

ဒိုင်အာခီအုပ်ချုပ်ရေးမှာ ရွေးကောက်ပွဲဝင်သင့်၊ မဝင်သင့်ဆိုပြီး ဂျီစီဘီအေအဖွဲ့ချုပ်ကြီး ကွဲပါတယ်။ တစ်ဂိုဏ်းက ဝင်သင့်တယ်ဆိုတဲ့ ဦးဘဖေ၊ ဦးမောင်ကြီး၊ ဝတ်လုံဦးပုတို့ဂိုဏ်းဖြစ်ပြီး မဝင်သင့်ဘူးဆိုတာကတော့ ဦးချစ်လှိုင်၊ ဦးပု၊ ဦးထွန်းအောင်ကျော်တို့ဂိုဏ်း

mgyoe.com

mgyoe.com
ဖြစ်ပါတယ်။ အတိုကောက်အားဖြင့် ‘လှိုင်၊ ပု၊ ကျော် ဂျီစီဘီအေ’ ဆိုပြီး နာမည်တွင်ပါတယ်။ အဲဒီ လှိုင်၊ ပု၊ ကျော် အုပ်စုက အစိုးရနဲ့မဆက်ဆံ၊ ဒိုင်အာခီအသိအမှတ်မပြု၊ အခွန်မပေး ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆက်လှုပ်ရှားတာ သမိုင်းမှာ ‘ဘူး’ အသင်းရယ်လို့ ထင်ရှားခဲ့ပါတယ်။ အစိုးရကို မဆက်ဆံဘူး။ ဒိုင်အာခီကို အသိအမှတ်မပြုဘူး။ အခွန်မပေးဘူးလို့ ကြွေးကြော်ကြတဲ့အတွက် ဘူးအသင်းရယ်လို့ တွင်သွားတာပါ။

ဒါပေမဲ့ အဲဒီ ဦးချစ်လှိုင် ဂျီစီဘီအေအသင်းကြီးမှာလည်း ခေါင်းဆောင်တချို့ ငွေရေးကြေးရေး သုံးစွဲမှုနဲ့ပတ်သက်ပြီး မကျေနပ်ကြလို့ ၁၉၂၅ ခုနှစ်မှာ ဦးစိုးသိမ်းဂျီစီဘီအေ ရယ်လို့ ထပ်ကွဲပြန်ပါတယ်။ တစ်ခါ ၁၉၂၉ ခုနှစ်ရောက်တော့ ဦးစိုးသိမ်းကို မနှစ်သက်ကြတဲ့သူတွေက ခွဲထွက်ပြန်ပြီး ဦးစုကို ခေါင်းဆောင်တင်လိုက်တာ ဂျီစီဘီအေအဖွဲ့ကြီး အစိတ်စိတ်အမြွာမြွာ ဖြစ်ပါလေရော။ အဲဒီလိုကွဲတဲ့ အဖွဲ့အသီးသီးမှာ ဆက်ဆက်ကွဲလိုက်ကြတာ ဂျီစီဘီအေနာမည် ပျောက်သလောက်အခြေကို ရောက်သွားပါတယ်။

အဲဒီလို မြန်မာတွေကွဲကြ၊ ဂိုဏ်းဂဏပြင်းထန်လိုက်ကြပုံများ ပြန်တွေးရင် ရှက်စရာကောင်းလွန်းလို့ ပြောဖို့ခက်တဲ့အကြောင်းလေးတစ်ကြောင်းတောင် သမိုင်းထဲမှာ တွေ့ရပါ တယ်။ အဲဒီအကြောင်းလေးက ဆရာတော်ဦးဥတ္တမနဲ့လည်း ပတ်သက်နေပါတယ်။

*၁၉၂၄ ခုနှစ်၊ ဩဂုတ်လမှာ မန္တလေး လှိုင်၊ ပု၊ ကျော် ဂျီစီဘီအေဝံသာနုအဖွဲ့က ဆရာတော်ဦးဥတ္တမကို မန္တလေးကို ပင့်ပါတယ်။ ဆရာတော်ဦးဥတ္တမကလည်း ထောင်က လွတ်တော့ ၁၉၂၂ ခုနှစ်မှာ ဒိုင်အာခီကို လက်မခံ။ ရွေးကောက်ပွဲကို သပိတ်မှောက်ရမယ်လို့ တရားဟောခဲ့ဖူးတာကိုး။*

*ဆရာတော် မန္တလေးကိုကြွချိန်မှာ ဒိုင်အာခီလက်ခံတဲ့ ၂၁ ဦးအဖွဲ့နဲ့ လက်မခံတဲ့ ဝံသာနုအဖွဲ့တွေကြား တင်းမာနေကြပါတယ်။ ဒီတော့ ရွေးကောက်ပွဲလက်ခံတဲ့ ၂၁ ဦး အဖွဲ့သားတွေက သူတို့နေထိုင်ရာ ရပ်ကွက်တွေကိုဖြတ်ပြီး ဆရာတော်ဦးဥတ္တမကိုယ်တော်ကို ပင့်ဆောင်တာခွင့်မပြုဖို့ အရေးပိုင်ဆီ စာတင်ကန့်ကွက်ကြပါသတဲ့။ ဝံသာနုတွေကလည်း ကန့်ကွက်ထားတဲ့ ရပ်ကွက်က ဖြတ်ပင့်ကြပါတယ်။ ရာဇဝတ်ဝန်က အဲဒီရပ်ကွက်တွေကို ရှောင်ပင့်ဖို့ တားပါတယ်။*

*ဒီလိုနဲ့ ကျောက်သွေးတန်းရောက်တော့ ဝံသာနုတွေပေါ် ခဲကျလာပါလေရော။ ဒါနဲ့ ခဲပေါက်တယ်လို့ မသင်္ကာတဲ့ ရွှေမောင်းတိုက်ကို ဝံသာနုတွေက အတင်းဝင်ဖို့ကြိုးစားတော့ ပုလိပ်က တားရာက ရုန်းရင်းဆန်ခတ်ဖြစ်။ နောက်ဆုံး ပုလိပ်က သေနတ်နဲ့ပစ်လို့စုခွဲရတော့တဲ့အထိ ဖြစ်ပါတယ်။ ဒီအခိကရုဏ်းမှာ ရဟန်းတော်ဦးစန္ဒိမာ သေနတ်ဒဏ်ရာနဲ့ ပျံလွန်တော်မူရှာပါတယ်။*

mgyoe.com

*ဒီအဖြစ်အပျက်လေးဟာ မြန်မာ့သမိုင်းမှာ အမာရွတ်ထင်ကျန်ခဲ့တာပါ။ အင်္ဂလိပ်မာစတာတွေက ကွဲပြဲစေချင်သလို မြန်မာတွေကလည်း တစ်ဦးအပေါ်တစ်ဦး သဘောထားမကြီးကြဘဲ မာစတာအလိုကျ ကွဲခဲ့ကြတာကလား။ ပြဿနာတစ်ရပ်ပေါ်မှာ သဘောကွဲလွဲနိုင်ကြလို့ တစ်ဦးကိုတစ်ဦး မပုတ်ခတ်။ ကိုယ်ထိလက်ရောက် ပြုမူခြင်းမရှိမှသာ ဒါအထက်တန်းကျတဲ့ စိတ်ဓာတ်ဖြစ်ပါတယ်။*

ခုတော့ ရပ်ကွက်ထဲ အဖြတ်မခံတာတို့၊ ခဲပေါက်တာတို့ထိ မာစတာတွေက ကျွန်တွေမှာ အောက်တန်းကျတဲ့စိတ် ပေါ်စေချင်တဲ့အတိုင်း စိတ်ဓာတ်ရေးရာ အောက်တန်းကျခဲ့တာဟာဖြင့် သခင်စိတ်ဓာတ်နဲ့ ကျွန်စိတ်ဆိုတဲ့ မြန်မာတွေရဲ့ စိတ်ဓာတ်ရေးရာသမိုင်းမှာ အမည်းစက်ထင်ခဲ့တယ်လို့ ပြောရမှာပါပဲ။

ဒါကြောင့်လည်း တို့ဗမာသီချင်းထဲမှာ 'သခင်အကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးပေ့တို့ဗမာ၊ မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့ စာမရှိသေးတို့ဗမာ' ရယ်လို့ ရေးခဲ့တာပဲထင်ပါတယ်။ 'မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်' ဆိုတဲ့ စကားလေးကို မမေ့ဖို့လိုကြမယ်လို့ ထင်ပါရဲ့။

### သခင်အစ

အဲဒီလိုဂိုဏ်းဂဏတွေ ပြင်းထန်ကြ၊ မာစတာချိုးတဲ့ဖဲကိုပဲ လုရာက တစ်ဦးနဲ့တစ်ဦး ပုတ်ခတ်စော်ကားကြနဲ့ ဖြစ်ပျက်နေကြတာကို ကျောင်းသားလူငယ်တွေက ဘဝင်မကျကြပါဘူး။ ဒီလိုသွားလို့တော့ဖြင့် မဖြစ်ပေဘူးရယ်လို့ နားလည်လာကြပါတယ်။

ဒါနဲ့ ၁၉၃၀ ပြည့်နှစ် နွေဦးကာလမှာ သခင်ဘသောင်းနဲ့ လူငယ်တစ်စုဟာ နိုင်ငံရေးအဖွဲ့အစည်းသစ်တစ်ရပ် ထူထောင်ဖို့ ဆွေးနွေးကြပါတယ်။ အဲဒီလူငယ်တွေကတော့ သခင်ဘသောင်း၊ ဓာတုဗေဒ–ကိုလှဘော် (သခင်လှဘော်)၊ မြန်မာပြည်စာအုပ်အသင်းက ကိုသိန်းမောင် (သခင်သိန်းမောင်)၊ အမြတ်တော်ကြေးရုံးက ကိုအုံးခင် (ခြေကျင်) တို့ပါပဲ။ နိုင်ငံရေးအဖွဲ့အစည်းရဲ့အမည်ကို 'တို့ဗမာအစည်းအရုံး' လို့ခေါ်ပြီး အဖွဲ့ဝင်တိုင်းရဲ့ အမည်ရှေ့မှာ 'သခင်' တပ်ခေါ်ဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကုလားဗမာ အဓိကရုဏ်းပြီးစ ၁၉၃၀ ပြည့်နှစ်၊ မေလ ၃၀ ရက်နေ့မှာ အဲဒီအဓိကရုဏ်းကို အကြောင်းပြုပြီး မြန်မာလူထုကို တပ်လှန့်လှုံ့ဆော်လိုက်တဲ့ ကြေညာချက်ကိုလည်း ထုတ်ဝေပါတယ်။ အဲဒီကြေညာစာတမ်းမှာ တို့ဗမာအစည်းအရုံး၊ ခြံအမှတ် ၃၃၊ ရေတာရှည်လမ်း၊ ဗဟန်းလို့ ဖော်ပြလိုက်ပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ တာဝန်ခံအဖြစ် သခင်ဘသောင်းဆိုပြီးတော့လည်း နာမည်ရှေ့မှာ သခင်တပ်ပုံနှိပ်လိုက်ပါတယ်။

mgyoe.com

mgyoe.com

ဒါပေမဲ့ နိုင်ငံရေးသဘောမပါဘဲ နာမည်ရှေ့မှာ သခင်လို့တပ်ခေါ်တာကတော့ အဦးအစ ဝက္ကသေးဆိုတဲ့ ရွာလေးက စတာပါ။

## သခင်ခေါ်အစ ဝက္ကသေးက

တောင်တွင်းကြီးမြို့နယ်မှာ ဝက္ကသေးဆိုတဲ့ ရွာကလေးတစ်ရွာရှိပါတယ်။ အဲဒီရွာနဲ့ မလှမ်းမကမ်းမှာ ဆတ်သွားဆိုတဲ့ မြို့လေးတစ်မြို့ရှိပါတယ်။ တစ်ခါတော့ ဆတ်သွားသူတစ်ယောက်ဟာ အင်္ဂလိပ်ဝန်ထောက်တစ်ယောက်နဲ့ အိမ်ထောင်ကျပါလေရော။ အဲဒီအမျိုးသမီးရဲ့ မိဘတွေက ဒီလိုလင်မျိုးရတာကို ရောမဂုဏ်ရယ်လို့ ထင်ကြတာကိုး။ အဲဒီအချိန်က အင်္ဂလိပ်အုပ်ချုပ်သူတွေကို မြန်မာတွေက သခင်ကြီးလို့ ခေါ်ရတဲ့ခေတ်ဆိုတော့ ကိုယ့်သမက်ပေမဲ့လည်း သခင် သခင်လို့ ခေါ်တာတဲ့။

ဝက္ကသေးရွာသားတွေက ဆတ်သွားတက် ဈေးဝယ်၊ ဈေးရောင်းကြတဲ့အခါ ယောက္ခမက သမက်ကို သခင်ချင်းထပ်ခေါ်သံ ကြားရတိုင်း ယိုသူမရှက်၊ မြင်သူရှက်ဆိုသလို ကြားရရုံနဲ့တင် နားရှက်ကြသတဲ့။ ဒါနဲ့ ဝက္ကသေးရွာသူ ရွာသားတွေက ဒီအဖြစ်ကို အရွဲ့တိုက်တဲ့အနေနဲ့ ကိုယ့်ရွာသားအချင်းချင်း သခင်လို့ ငေါ့ခေါ်ကြသတဲ့။ တချို့ကတော့လည်း ကိုယ့်နာမည်ရှေ့မှာ သခင်တပ်ပြီး အိမ်မှာ ဆိုင်းဘုတ်ကို ချိတ်ထားကြသတဲ့။

ဒါကြောင့် သခင်ခေါ်ရာမှာတော့ ဝက္ကသေးကအစလို့ ပြောရတာပါ။ ဒါပေမဲ့ ဒါက အမြင်မတော် နားကလောရာက စတာဖြစ်ပြီး စိတ်ဓာတ်ရေးရာအရ ကျွန်ဘဝလွတ်မြောက် ရေး သဘောမပါတာကြောင့် သခင်အစရယ်လို့တော့ ပြောလို့မရနိုင်ပါဘူး။ ကျွန်စိတ်တွေက လွတ်မြောက်အောင် ကျွန်ဘဝကို စက်ဆုပ်အောင် ရည်မှန်းချက်ကြီးကြီး၊ စိတ်နေမြင့်မြင့်နဲ့ တကယ်စခဲ့တာကတော့ သခင်ဘသောင်းသာ ဖြစ်ပါတယ်။ ဒါကြောင့် 'သခင်အစ ဘသောင်းက' လို့လည်း သမိုင်းမှာ စာတင်ကျန်ရစ်ပါတော့တယ်။

## ဘာကြောင့် သခင်လဲ

အင်္ဂလိပ်တွေကပဲ ခေါ်ခိုင်းတာလား၊ မြန်မာတွေကပဲ စခေါ်တာလား အစရှာမရနိုင်ပေမဲ့ အင်္ဂလိပ်တွေကို 'သခင်ကြီး' လို့ ခေါ်ခဲ့ရတာကတော့ အမှန်ပါပဲ။ အင်္ဂလိပ်ရယ်မှမဟုတ်ပါဘူး။ အဲဒီအင်္ဂလိပ်အရေးပိုင်အောက်က မြို့အုပ်မင်း မြန်မာအချင်းချင်းတောင် ဘုရားထူးကြရတာပါ။ ထောင်ထဲမှာဆို ဒူးတုပ်ပြီး လက်ယှက်ရှိခိုးသလိုခေါင်းပေါ် တင်ထားရပါတယ်။

mgyoe.com

mgyoe.com

ထိုင်ကြပြီဆိုရင်လည်း အင်္ဂလိပ်အုပ်ချုပ်သူက အပေါ်မှာ၊ လူထုက အောက်မှာထိုင်ရတာပါ။ 'ကုလားထိုင်' ဆိုတဲ့ အသုံးအနှုန်းလေးကြည့်ရင် သမိုင်းသဘောလေးပါနေတာတွေ့ရပါလိမ့်မယ်။ အဲဒီခေတ်က အင်္ဂလိပ်တွေကို ကုလားဖြူတွေလို့ မြန်မာတွေက ခေါ်ကြတာကိုး။ သူတို့က ခုံပေါ်ထိုင်ပြီး မြန်မာလူထုက ကြမ်းပေါ်၊ မြေကြီးပေါ်ထိုင်ရတာပါ။ မြို့အရပ်မှာတော့ အုပ်ချုပ်သူတွေကို လက်အုပ်ချီလေ့နည်းပေမဲ့ တောအရပ်တွေမှာတော့ အုပ်ချုပ်သူဝန်မင်းများ ကြွလာရင် လက်အုပ်ချီကြရပါသတဲ့။

မြန်မာဓလေ့မှာ ပဒေသရာဇ်ခေတ်က ဘုရင်ဆိုရင် လက်အုပ်ချီပါတယ်။ ဒါပေမဲ့ ပဒေသရာဇ်ခေတ်ကုန်သွားပေမဲ့လည်း ကိုလိုနီမာစတာတွေက လူထုကို လက်အုပ်ချီအောင် လုပ်ထားကြစမြဲပါ။ ဒီတော့ သခင်ဖြစ်ချင်တဲ့ လူငယ်တွေရဲ့ မျက်စိထဲမှာတော့ မျက်စိစပါးမွေးစူးကြပေတာပေါ့။ မြတ်စွာဘုရားနဲ့ ရဟန်းတော်တွေကိုပဲ လက်အုပ်ချီရမယ့်အစား ဒီမာစတာလုပ်ချင်တဲ့ မြို့အုပ်၊ ဝန်မင်း မာစတာတွေကိုပါ လက်အုပ်ချီနေကြရတော့ လူငယ်တွေ ဘယ်ကျေနပ်နိုင်ကြပါ့မလဲ။

ပြီးတော့ တိုင်းမင်းကြီးများလာလို့ရှိရင် တခမ်းတနားလုပ်ကြတာကိုး။ တိုင်းမင်းကြီးမှာ ကိုယ်ပိုင်သင်္ဘောရှိပါတယ်။ အရပ်ကတော့ အဲဒီသင်္ဘောကို မင်းကြီးသင်္ဘောလို့ခေါ်ကြပါသတဲ့။ မီးရထားလမ်းတစ်လျှောက်မှာဆိုရင်လည်း သီးသန့်တွဲနဲ့ပေါ့လေ။ တိုင်းမင်းကြီးတွေစီးတဲ့အတွဲက တွဲဖြူကြီးပါတဲ့။

အဲဒီတိုင်းမင်းကြီးများရောက်လာရင် ကျောင်းသား ကျောင်းသူလေးတွေက လမ်းဘေးတစ်ဖက်တစ်ချက်မှာ ယူနီယံဂျက်အလံငယ်လေးတွေ ကိုင်ဝှေ့ယမ်းလို့ ကကြရတာတဲ့။ မင်းကြီးလျှောက်မယ့်လမ်းမှာလည်း သဲဖြူခင်း၊ ရာဇမတ်ကာပေးရတာတဲ့လေ။ ရေလမ်းနဲ့ လာတဲ့အခါ ကမ်းနဖူးမှာ မဏ္ဍပ်ကြီးထိုး ကကြရတာပါတဲ့။

ဘုရင်ခံဆိုရင်တော့ ဒါ့ထက်ပိုပြီး ခမ်းခမ်းနားနားလုပ်ရပါတယ်။ သရက်မြို့ကို ဘုရင်ခံလာတော့ အရေးပိုင်မင်း အိမ်ရှေ့ကွက်လပ်အကျယ်ကြီးမှာ မဏ္ဍပ်တွေထိုးကြရပါတယ်။ ကံမ၊ အာလံ (အဲဒီတုန်းကအခေါ်ပါ) ဆင်ပေါင်ဝဲ၊ မင်းလှ၊ သရက်မြို့တွေက အတီးအမှုတ်အဖွဲ့တွေ လာကြရပါတယ်။ တစ်ဖွဲ့တစ်ဖွဲ့မှာ လူ ၂၅ ယောက်လောက်ပါကြပါတယ်။ ကိုယ့်မဏ္ဍပ်အသီးသီးမှာ တီးကြမှုတ်ကြပေါ့။ ဘုရင်ခံကို ဖျော်ဖြေရတဲ့သဘော။

"ရှင်ဘုရင်ဗဟိုပျော်ကို
အကြင်အကြိုတော် အဆိုတော်တွေနှင့်
ယခင်အပျိုတော်ဝိုင်းသလိုပေါ့
တခွင်လျှိုပေါ်မှာ ထင်သလိုနော် စိုင်းနေကြ

mgyoe.com

mgyne.com

အရှင်အလိုတော်အတိုင်းပေပ တစ်ဂိုဏ်းထူကြသလေ (အိုကွယ်)

သခင်ကိုယ်တော်မှိုင်းရယ်နှင့် စစ်ကိုင်းသူမတွေ"

လို့ ဆရာကြီးတောင် ဖွဲ့ခဲ့ပါသေးတယ်။

အဲဒီ ဘုရင်ခံရဲ့ ဩဝါဒကို နာကြားရတဲ့သူတွေကတော့ သူကြီးတွေ၊ ရှေ့နေရှေ့ရပ် တရားသူကြီးတွေ၊ အစိုးရဝန်ထမ်းတွေပါပဲ။ အခမ်းအနားကို ဖွင့်တဲ့အခါမှာရော၊ ပိတ်တဲ့ အခါမှာရော God Save The King သီချင်းကို ဆိုကြရပါတယ်။

သူတို့အရေးကိစ္စကျ အဲဒီလိုကိန်းကြီးခန်းကြီးတွေ လုပ်ကြပေမဲ့ ပြည်သူလူထု ကိုတော့ အမျိုးမျိုးချုပ်ချယ်ကြတာပါ။ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးညီလာခံမှာ သဘာပတိအဖြစ် ဆောင်ရွက်ရတဲ့ဥက္ကဋ္ဌ သခင်လှဆော်ရဲ့ မိန့်ခွန်းမှာ–

"ဤကဲ့သို့ ကျောင်းသား၊ အလုပ်သမား၊ လယ်သမားများ နိုးနိုးကြားကြားဖြစ်လာ ရာတွင် နိုင်ငံချဲ့သမားတို့သည် အေးချမ်းသာယာစွာဖြစ်စေရန် တရားသဘောသက်ဝင်သော နည်းစနစ်တို့ကို အသုံးမပြုဘဲ ပြည်သူတို့၏လွတ်လပ်မှုကို လက်နက်နှင့်တစ်မျိုး၊ ဥပဒေ များနှင့်တစ်ဖုံ ချုပ်ချယ်ညှဉ်းဆဲခဲ့လေသည်။

ငါတို့က တရားသဖြင့် စည်းဝေးစုရုံးကြခြင်းတို့ကို အမျိုးမျိုးပိတ်ပင်တားဆီးခဲ့၏။ နိုင်ငံရေးလုပ်နေသူတို့ကိုလည်း နိုင်ထက်စီးနင်းချုပ်ချယ်ခဲ့ရုံမျှမက နိုင်ငံရေးအဖြစ်အပျက် တို့ကို မျက်ဝါးထင်ထင်မဖြစ်စေရန် ရုပ်ရှင်သတင်းကားများကိုလည်း အတင်းအဓမ္မ ပိတ်ပင်ကြပြန်လေသည်။

ဤကဲ့သို့ ပြည်သူလူထုတို့၏ ပြဿနာကိုဖြေရှင်းခြင်းငှာ မတတ်စွမ်းနိုင်သဖြင့် ပြည်သူ့လွတ်လပ်မှုကို လက်နက်ပုဒ်မတို့ဖြင့် နှိမ်နင်းခြင်းကား ဓနရှင်နိုင်ငံများတွင် လွှမ်းမိုးနေသော ဖက်ဆစ်စိတ်ဓာတ်များ၊ နိုင်ငံချဲ့သမားများ၏ ဦးနှောက်တွင် အဘယ်မျှ ဝင်နေပြီမှာ ထင်ရှားနေလေပြီ" လို့ ထည့်သွင်းပြောခဲ့ပါတယ်။

ဒီတော့ တက်လူကျောင်းသားလူငယ်တွေက ဒီအခြေအနေတွေကို မကျေနပ်ကြဘူး။ မြန်မာလူမျိုးဆိုတာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ထီး၊ ကိုယ့်နန်းနဲ့ လွတ်လွတ် လပ်လပ် နေထိုင်ခဲ့ကြသူတွေ မဟုတ်လား။ ဒါကြောင့် ကျွန်လူမျိုးမဟုတ်ဘူး၊ သခင်လူမျိုး ဖြစ်တယ်။

ဒုတိယ–မြန်မာလူမျိုး၊ မြန်မာလူထုဟာ မြန်မာနိုင်ငံရဲ့ ပိုင်ရှင်ဖြစ်တယ်။ မူလ ပိုင်ရှင် အရှင်သခင်တွေဖြစ်တယ်။ ကျွန်ဖြစ်ခါစတုန်းကတော့ ဘုရင်ကို ထီးနန်းပြန်တင် ချင်တဲ့ သူတွေရှိပေမဲ့ တို့ဗမာအစည်းအရုံးခေတ် ရောက်တဲ့အခါမှာတော့ ပဒေသရာဇ်

mgyne.com

mgyoe.com
အာဏာရှင်စနစ်ဆီပြန်သွားဖို့ မရည်ရွယ်တော့ပါဘူး။ ဒါကြောင့် လူထုသာ အရှင်သခင် ဖြစ်တယ်လို့ ပြောတာပါ။

တတိယ–ဘုရင်ခံ၊ မင်းကြီး၊ အရေးပိုင်၊ မြို့ပိုင်မာစတာတွေက လခစားတွေပါ။ အခွန်ပေးဆောင်နေကြတဲ့ လူထုရဲ့ အသက်အိုးအိမ်၊ စည်းစိမ်တွေကို စောင့်ရှောက်ပေးရမယ့် ပြည့်အစေခံ (Government Servant)တွေပဲဖြစ်ပါတယ်။ ဒါကြောင့် အခွန်ပေးဆောင်သူ တို့မြန်မာလူထုသာ အရှင်သခင်ဖြစ်တယ်ရယ်လို့ ယုံကြည်ကြပါတယ်။ ဒီလို ယုံကြည် ကြတဲ့ လူငယ်တွေစုပြီး ထူထောင်လိုက်ကြတာမို့ တို့ဗမာအစည်းအရုံးကြီး ပေါ်လာရတာ ပါ။ စတင်တည်ထောင်ခဲ့တဲ့ လူငယ်တွေကတော့–

၁။ သခင်ဘသောင်း
၂။ သခင်လှဘော်
၃။ သခင်သိန်းမောင်
၄။ သခင်တင် (ဗိုင်အမ်ဘီ)
၅။ သခင်အုန်းဖေ (ဝါးခယ်မ)
၆။ သခင်သာဒိုး
၇။ သခင်တင်စိန်
၈။ သခင်မောင်မောင်တိုး
၉။ သခင်ဘရီ
၁၀။ သခင်ကျော်ထွန်းစိန်နဲ့
၁၁။ သခင်ဘိုးနီ တို့ပါပဲ။

ဒီလူငယ်တွေရဲ့စိတ်ဓာတ်က ဘယ်လောက်ပြင်းထန်ကြသလဲဆိုရင် ကုလားဗမာ အဓိကရုဏ်းပြီးခါစမှာ ထုတ်ဝေတဲ့ 'တို့ဗမာအစည်းအရုံး၏ တိုက်တွန်းချက်' မှာ ဟောဒီ လိုတောင် ရေးထားပါတယ်။

"လိမ္မာသည်ဆိုခြင်းမှာ သူရဲဘောနည်းခြင်း၊ ကြောက်ခြင်း၊ သွေးမရှိခြင်း၊ သတ္တိ နည်းခြင်း၊ ဒူးတုန်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ အမေနှင့် ငါ မာလျှင်ပြီးရောဆိုသော စိတ်ရှိခြင်း၊ ကိုယ့်ကျိုးစီးပွားတစ်ခုတည်းကိုသာ ကြည့်ခြင်း၊ ရှေ့လာမည့်ဘေးကို စည်း လုံး၍ ခုခံရမှန်းမသိခြင်းဖြစ်ပါမူ အို အချင်းတို့၊ ငါတို့သည် မလိမ္မာလိုပါ။ မိုက်သာ မိုက်လိုပါ၏။ ငါတို့အား မိုက်ခွင့်ပေးကြပါကုန်။ ငါတို့မိုက်ပါရစေ" တဲ့။
mgyoe.com

တို့ဗမာသတင်းစဉ်ကို နှိပ်ကွပ်

တို့ဗမာအစည်းအရုံးကို ထူထောင်ပြီး ၁၉၃၂ ခုနှစ်ရောက်တော့ သခင်ဘသောင်း ဦးဆောင်ပြီး တို့ဗမာသတင်းစဉ်မှတ်တမ်း အတွဲ ၁၊ အမှတ် ၁ ကို စထုတ်ပါတယ်။ မျက်နှာဖုံးမှာ ခါးတောင်းမြှောင်အောင်ကျိုက်ထားတဲ့ ထိုးကွင်းမင်ကြောင် သျှောင်နောက်တွဲနဲ့ ဗမာယောကျာ်းကြီးတစ်ယောက် မီးတုတ်ကိုင်၊ ရှေ့ကိုချီတက်နေတဲ့ပုံ ရေးဆွဲထားပါတယ်။

တို့ဗမာသတင်းစာပါ စာတွေက သခင်စိတ်ဓာတ်ထွန်းကားရေးဆိုတော့ မာစတာလုပ်ချင်နေတဲ့ အုပ်ချုပ်သူတွေ ဘယ်ကြိုက်ပါ့မလဲ။ ဒါကြောင့် အင်္ဂလိပ်အစိုးရက "တို့ဗမာသတင်းစဉ်ရဲ့ အရေးအသားတွေဟာ တိုင်းပြည်အေးချမ်း ငြိမ်သက်ရေးဘက်ကြည့်လျှင် များစွာကနဲ့ကွက်ဖွယ်ကောင်းကြောင်း၊ နောင်ကို ထိုကဲ့သို့သော အသုံးအနှုန်းများကိုသုံးလျှင် တစ်ချက်လွှတ် ပုံနှိပ်တိုက်ဥပဒေအရ အရေးယူရလိမ့်မည်ဖြစ်ကြောင်း" သခင်ဘသောင်းဆီ သတိပေးစာတစ်စောင် ပို့ပါတယ်။

ဒါကြောင့် အတွဲ ၂ ကို ထုတ်ဖို့ပြင်တဲ့အခါ 'သခင်ဘသောင်းက ပုံနှိပ်တိုက်နှိပ်ကွပ်ရေး တစ်ချက်လွှတ်ဥပဒေ ဖျက်သင့်ပြီဆိုတဲ့ ခေါင်းစဉ်နဲ့ ခေါင်းကြီးပြန်ရေးပါသေးတယ်။ ဒါပေမဲ့ ငွေရေးကြေးရေး အခက်အခဲကြောင့် မဂ္ဂဇင်းဆက်မထွက်နိုင်တာမို့ ပုံနှိပ်စာလုံး ဘဝတော့ မရောက်ခဲ့ဘူးလို့ ဆိုပါတယ်။

သခင်တပ်ခေါ်ပါ

ဒီလိုနဲ့ ကိုဘသောင်းခေါင်းဆောင်တဲ့ မြန်မာခေတ်ပညာတတ် လူငယ်တစ်စုဟာ ကိုယ့်အမည်ရှေ့မှာ သခင်ဘွဲ့တပ်ခေါ်ဖို့ ဆုံးဖြတ်လိုက်ကြပြီး လိုက်စည်းရုံးကြပါတယ်။ တစ်ရက်မှာ ကိုဘသောင်းရယ်၊ ကိုသိန်းမောင် (မီးတုတ်သခင်သိန်းမောင်) ရယ်၊ ကိုလှဘော်ရယ် သုံးယောက်သား ၂၁ ဦး ပါတီက ဒေါက်တာသိန်းမောင်ဆီ သွားကြပါတယ်။

ကိုဘသောင်းက သခင်စိတ်မွေးပြီး သခင်ကျင့်ကိုကျင့်၊ သခင်အကြံအစည်ကြံစည်ရမယ်။ မောင်၊ ကို၊ ဦးအစား နာမည်ရှေ့မှာ သခင်တပ်ခေါ်ဝေါ်ကြရမယ်လို့ ပြောတာကိုး။ ဒီတော့ ဒေါက်တာသိန်းမောင်က–

"ဒါတွေက ပညတ်တွေပါ။ ပရမတ်မဟုတ်ပါဘူး။ နာမည်ရှေ့သခင်တပ်ခေါ်ဖို့ မလိုပါဘူး"

လို့ ပြန်ပြောပါသတဲ့။ ဒါနဲ့ ကိုဘသောင်းက–

"ခင်ဗျားကို ဒေါက်တာသိန်းမောင်လို့မခေါ်ဘဲ ဦးသိန်းမောင်လို့ခေါ်ရင် သဘောကျ

mgoe.com

မလား"

"သဘောကျပါတယ်၊ ခေါ်ပါဗျာ"

"ဦးသိန်းမောင်မခေါ်ဘဲ ကိုသိန်းမောင်ခေါ်ရင်ကောဗျာ"

"ကြိုက်ပါတယ်၊ ခေါ်ပါဗျာ"

"ခင်ဗျားကို ဦးထည့်မခေါ်၊ ကိုလည်းထည့်မခေါ်ဘဲ သိန်းမောင်လို့ခေါ်မယ်၊ ဘယ့်နယ်လဲ"

"ခေါ်ပါ၊ ကိစ္စမရှိပါဘူး။ ဒါတွေက ပညတ်ချက်တွေပဲ"

"ကိုင်း... ခင်ဗျားကို ဦးသိန်းမောင်လို့လည်းမခေါ်၊ ကိုသိန်းမောင်လို့လည်းမခေါ်၊ မောင်သိန်းမောင်လို့လည်းမခေါ်ဘဲ ခွေးသိန်းမောင်လို့ခေါ်မယ်။ ကြိုက်ပါ့မလား" ဆိုတော့–

ဒေါက်တာသိန်းမောင် ငြိမ်ကျသွားပါလေရောတဲ့။ ဒီလိုနဲ့ ကိုဘသောင်းဟာ အိမ်ရောက်ရောက်ချင်းပဲ သူ့ရဲ့အဘိဓာန်စာအုပ် Pocket Oxford Dictionary စာအုပ်မှာ 'သခင်ဘသောင်း' လို့ ကမ္ပည်းတင်လိုက်ပါသတဲ့။

တစ်နေ့တော့ (ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွယ်လွန်သူ) ပန်းတနော် ဦးသန့်က ကိုဘသောင်းအိမ်လာလည်တော့ အဲဒီအဘိဓာန်စာအုပ် တွေ့ပါလေရော။ 'သခင်ဘသောင်း' လို့တွေ့ရတော့ ဦးသန့်က ရယ်ပါသတဲ့။ ဦးသန့်မှ မဟုတ်ပါဘူး။ ဂန္ထလောကမဂ္ဂဇင်းကို ထုတ်ဝေခဲ့ပြီး ၁၉၄၈ ခုနှစ်ကနေ ၁၉၅၈ ခုနှစ်ထိ မြန်မာနိုင်ငံရဲ့ အကြံပေးပါရဂူအဖြစ် ဆောင်ရွက်ခဲ့တဲ့ မစ္စတာဖာနီဗယ်လည်း သခင်တပ်ပြောလို့ သခင်ဘသောင်းကို ရယ်ခဲ့ဖူးတာပါပဲ။ မစ္စတာဖာနီဗယ် ရေးခဲ့ပုံလေးက သတိရစရာပါ။

"ကိုဘသောင်းသည် ကျွန်ုပ်တို့အလုပ်ခန်းသို့ တစ်မနက် ပေါက်လာပြီးလျှင် နောင်ကို သူ့အား ကျွန်ုပ်ကခေါ်သည့်အခါ သခင်ဘသောင်းဟုခေါ်ပါရန် အကြောင်းကြားလာသည်။ ကျွန်ုပ်သိသလောက်မှာ မောင်ဘသောင်းသည် သခင်ကို ပထမစသူဖြစ်သည်။ မောင်ဘသောင်းက သူ့ကို သခင်ဟုခေါ်ရန်ပြောသောအခါ ကျွန်ုပ်က ဘာမျှပြန်မပြောဘဲ ရယ်လိုက် ပါသည်" တဲ့။

တချို့ ကျွန်စိတ်လုံးလုံးဝင်နေတဲ့သူတွေကတော့ သခင်တပ်ခေါ်တာကို နားကြားပြင်းကို ကတ်နေကြတော့တာပေါ့။

"တို့ဗမာတို့သည် ကျွန်စိတ်ဝင်၍ မိမိကိုယ်မိမိ အထင်သေးပြီး နိုင်ငံခြားသားမြင်လျှင် ထန်းလျက်လုံးကိုမြင်သော အောင်နက်ကဲ့သို့ နှုတ်တသွက်သွက်၊ သွားရည်တမြားမြားနှင့် 'သခင် သခင်' ဟု ခေါ်လေ့ရှိ၏။ တို့ဗမာတို့ သခင်တပ်ခေါ်ခြင်းကိုမူကား 'မကြားနိုင်

mgyoe.com

မရှိနိုင်’ လို့ သခင်ဘသောင်းက ရှုတ်ချထားတဲ့အကြောင်း” ဆရာတင်ထွန်းအောင် ရေးထားတဲ့ စာအုပ်မှာ တွေ့ရပါတယ်။

အဲဒီတုန်းက နာမည်ရှေ့မှာ သခင်တပ်ခေါ်တော့ နားစိမ်းနေကြတာကိုး။ ခေတ်စကားကို သုံးရရင်တော့ ခပ်ကြောင်ကြောင်လို့ ဆိုရမှာပါ။ ဒါကြောင့်လည်း ကြားခါစမှာ လူတွေ ရယ်သူရယ်ကြ၊ မဲ့သူမဲ့ကြပေါ့လေ။ ဒါပေမဲ့ မာစတာစိတ်ဓာတ် ဆန့်ကျင်ရေး စိတ်ပြင်းနေ ကြတဲ့ လူငယ်တွေကတော့ သိပ်ကြိုက်သွားပါတယ်။ ဟုတ်တယ်၊ ‘ငါတို့သာ ငါတို့ဘဝ ရဲ့ အရှင်သခင်’ လို့ ရင့်ကျူးပြီး ကိုယ့်နာမည်ရှေ့မှာ သခင်တပ်ခေါ်ကြတာပါပဲ။ အဲဒီလို ရင့်ကျူး၊ အဲဒီလို တပ်ခေါ်ရုံမက တကယ်လည်း ကိုယ့်ဘဝကို သူများက ပြဋ္ဌာန်းနေတဲ့ ကျွန်ဘဝက လွတ်မြောက်အောင် လူထုအား ယူကြပါတယ်။ လူထုအားကောင်းမှ ကိုယ့်ဘဝကိုယ် ရွေးချယ်ပြဋ္ဌာန်းနိုင်တဲ့ ကိုယ့်မင်းကိုယ့်ချင်း ဖြစ်မှာမဟုတ်လား။

## တို့ဗမာသီချင်း

တို့ဗမာအစည်းအရုံး တည်ထောင်ပြီး မိုးရာသီရောက်တဲ့အခါ မန္တလေးက ရန်ကုန်ဆင်းလာတဲ့ ဝိုင်အမ်ဘီဆရာတင်နဲ့ သခင်တစ်စု ဆက်သွယ်မိကြပါတယ်။ ဒီလိုနဲ့ ဇာတိသွေး ဇာတိမာန် တက်ကြွစေတဲ့ နိုင်ငံကျော် တို့ဗမာသီချင်းကြီးကို စုပေါင်းရေးဖို့ ဖြစ်လာပါတော့တယ်။

တို့ဗမာသီချင်းကို ပထမသမိုင်းနောက်ခံနဲ့ စဖွင့်ပါတယ်။ ဒုတိယ လက်ရှိဗမာ့အခြေအနေကို ဝမ်းနည်းဖွယ်၊ သင်ခန်းစာယူဖွယ်၊ ပြီးတော့ အားတက်ဖွယ် စကားလုံးပြောင်ပြောင်တွေနဲ့ ဖော်ထုတ်ပါတယ်။ တတိယ ခေတ်သစ်ထူထောင်ဖို့ တို့ဗမာကျင့်စဉ်တွေကို နှိုးဆွဖော်ထုတ်ပါတယ်။ စတုတ္ထ ဇာတိသွေးကို မြှင့်တင်ပါတယ်။

အဲဒီအချက်တွေပါတဲ့ စကားလုံးတွေကို ပြည့်စုံအောင် သခင်ဘသောင်း၊ သခင်သိန်းမောင်၊ သခင်လှဘော်၊ သခင်သာဒိုး၊ သခင်အုန်းဖေ၊ သခင်ကျော်ထွန်းစိန်၊ သခင်မိုးနီ စတဲ့ သခင်တွေက စုပေါင်းရှာဖွေကြပါတယ်။ ပြီးတော့ ဆရာတင်နဲ့ သခင်တစ်စု အပြန်အလှန် တည်းဖြတ်စစ်ဆေးပြီး တို့ဗမာသီချင်း ဖြစ်လာတာပါ။

## ကျောင်းသားနဲ့သခင်

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ်မှာ စဖွဲ့စည်းထူထောင်ပြီး ၁၉၂၉ ခုနှစ်လောက်ရောက်တော့ ကျောင်းသားတွေက သမဂ္ဂအသင်းတိုက်တစ်ခု ထူထောင်ပေးဖို့ အာဏာပိုင်တွေဆီ တင်ပြတောင်းခံကြပါတယ်။ အာဏာပိုင်တွေက လိုက်လျောလို့

အောက်စဖို့ တက္ကသိုလ် ကျောင်းသားများသမဂ္ဂလို ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂကို ထူထောင်ကြပါတယ်။ အသင်းတိုက်ကို ကျောင်းသားများလက် လွှဲပြောင်းပေး ခဲ့သူကတော့ ဆရာကြီး ဦးဖေမောင်တင်ပါပဲ။

အဲဒီလို သမဂ္ဂအသင်းတိုက် တည်ထောင်ပြီးလို့ တစ်နှစ်လောက်ရှိတော့ ကိုဘသောင်း ခေါင်းဆောင်တဲ့ လူငယ်တစ်စုက သူတို့ကိုယ်သူတို့ နာမည်ရှေ့မှာ သခင် တပ်ခေါ်ပြီး သခင် လှုပ်ရှားမှု စခဲ့တာကိုး။ အဲဒီအခါက သခင်ဘသောင်းက ရန်ကုန်

**တို့ဗမာသီချင်း**

တကောင်း အဘိရာဇာ၊ တို့ဗမာသာကီမျိုးဟာမို့၊ မညှိုးဂုဏ်တေဇာ၊
ယိုးဒယားနှင့် ကုလားကိုပါ၊ တိုက်ခိုက်ခါ အောင်ခဲ့တာ... တို့ဗမာ။
စိန်မှန်ကင်းအစစ်၊ အဖြစ်ကြီးဖြစ်လျက်၊ ထင်းတစ်လှည့် ကြုံရ၊ ထုံးနှင့်မသွေ၊
လောကဓမ္မတာပေ၊ ငါတို့ကံခေ ဖြစ်ရပြန်သလေ၊ သို့သော် အရင်းကိုစစ် လျှင်၊
ဗမာပြည်၊ ငါတို့.... ငါတို့ပြည်။
နောင်ဥဒါန်းဘယ်မကြေစရာ...၊ ရာဇဝင်တင်ထား မျိုးရိုးနွယ်လာ၊ ကမ္ဘာ တစ်ခွင်မှာဖြင့်၊
ဗမာအထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မလား၊
တို့ဗမာ...၊ တို့ဗမာ မဟုတ်လေသလား၊ (တို့ဗမာ– ငါတို့ ဗမာ)[၂] (ဒါ ငါတို့ ဗမာ)[၂]။
အားလုံး... ညီညီ၊ ယောကျ်ားဘုသား တို့ဗမာ၊
နောင်လာနောက်သား ကောင်းစားဖို့ရာ၊ တို့ကိုယ်ကျိုး လုံးလုံးမပါ၊
ရဲရဲဗမာပီပီ ဗမာပြည်... တို့ဗမာဖို့ပါ၊
သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့... တို့ဗမာ၊
မိုးအောက်မြေပြင်မှာ အထက်တန်းစိတ်နဲ့၊ စာမရှိသွေး... တို့ဗမာ။
(သံပြိုင်) ကမ္ဘာမကြေ... ဗမာတွေ (ဒါတို့ပြည် ဒါတို့မြေ ဒါ... ငါတို့ပြည်)[၃]
(တို့ဗမာ)[၂] ပြည်... ကို တိုင်းရင်းသား အကုန်အစင် တို့ပြည်လို့မှတ်ထင်၊
တို့ဝတ္တရားပင် တို့ဗမာသခင်၊
အမျိုးသားရေး... ကြိုးပမ်းကြပါ၊ တို့ဗမာ– ဟေ့ တို့ဗမာ၊
ဩော်... အမျိုးသားရေးကို ကြိုးပမ်းကြပါ၊ တို့ဗမာ– ဟေ့... တို့ဗမာ၊
အရှေ့ကနေဝန်းထွက်သည့်ပမာပ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ။

mgyoe.com

တို့ဗမာ– ဟေ့… တို့ဗမာ၊ ဗမာပြည်တဝှန်း အကုန်၊
တို့အိမ်မှတ်ပါ…၊ တို့ယာမှတ်ပါ…၊ အဲဒါ… တို့ဗမာ။
(သံပြိုင်ပြန်ကောက်)

တက္ကသိုလ် ဘာသာပြန် ဌာနမှာ နည်းပြဆရာအဖြစ် အလုပ်လုပ်ပါတယ်။ မစ္စတာဖာနီဗယ်ကို သူ့နာမည်အရှေ့မှာ သခင်တပ်ခေါ်ဖို့ သွားပြောတာ အဲဒီကာလပါ။ သခင်ဘသောင်းရဲ့ တရားကိုနာပြီး သူနဲ့ အတူပူပေါင်း သခင်ဘွဲ့ခံယူတဲ့ ကျောင်းသားကြီးတွေလည်း ပေါ်လာပါတော့တယ်။ သူတို့ကတော့ သခင်ဗစိန်၊ သခင်လေးမောင်တို့ပါပဲ။ နောက်ပိုင်း ကျောင်းသားတွေဖြစ်တဲ့ ကိုနုတို့၊ ကိုဗဟိန်းတို့၊ ကိုအောင်ဆန်းတို့ဆိုရင်လည်း ကျောင်းသားဘဝကနေ သခင်ဘွဲ့ခံယူ ပြီး နိုင်ငံရေးထဲ ခြေစုံပစ်ဝင်သွားကြတာပါ။

သခင်ဘသောင်းတို့အဖွဲ့ဟာ အဲဒီလို စုစည်းမိသွားတဲ့အခါ တက္ကသိုလ်ကျောင်းဆောင်သဟာယနဲ့ စာဖတ်အသင်းတွေမှာ သွားဟောပြောကြပါတယ်။ ပထမဆုံး ဟောပြော ခဲ့တဲ့ အဆောင်ကတော့ သထုံဆောင်သဟာယနှင့် စာဖတ်ခန်းဖြစ်ပြီး ဟောပြောခဲ့တဲ့နေ့က တော့ ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ပါပဲ။ အဲဒီမှာပဲ တို့ဗမာသီချင်းကို စဆိုခဲ့ကြတာပေါ့။

## သခင်စိတ်ဓာတ်ကို လူထုဆီသို့ဖြန့်ခြင်း

ရန်ကုန်တက္ကသိုလ်မှာ သီဆိုပြီး နောက်တစ်နေ့ ၁၉၃၀ ပြည့်နှစ်၊ ဇူလိုင် ၂၀၊ တနင်္ဂနွေနေ့ ညနေ ၅ နာရီမှာ ရွှေတိဂုံစေတီ အနောက်မြောက် ရာဟုထောင့်မှာရှိတဲ့ ဦးစံထွန်း တန်ဆောင်းသစ်ကြီးမှာ 'တို့ဗမာသီချင်း' ကို အခမ်းအနားနဲ့ သီဆိုတင်ပြပါတယ်။ ၅ နာရီတိတိမှာ အခမ်းအနားစပါတယ်။ 'ဗမာစော နေထွက်' ဆိုတဲ့စကားကို တော်လှန်လိုတာကြောင့် သခင်ဘသောင်းက အချိန်တိတိကျကျနဲ့ အခမ်းအနားကို ဖွင့်လှစ်တာပါ။ မြန်မာတွေ အချိန်မလေးစားတာကို ပထမဆုံးစတိုက်တာလို့ ဆိုရပါလိမ့်မယ်။

ပထမဆုံး ကုလားဗမာအဓိကရုဏ်းမှာ ကွယ်လွန်ခဲ့ကြတဲ့ ဗမာအမျိုးသားတွေအတွက် တစ်မိနစ် မတ်တတ်ရပ်ဂါရဝပြုပါတယ်။ ပြီးတော့ သခင်ဘသောင်းက နာမည်ရှေ့မှာ မောင်၊ ဦး၊ ကို အစား ဘာဖြစ်လို့ သခင်ဘွဲ့တပ်ရသလဲဆိုတာ အကျယ်တဝင့် ရှင်းပြပါတယ်။ ပြီးတော့ တို့ဗမာသီချင်းကို သီဆိုတော့မှာဖြစ်လို့ သီချင်းအဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်ကို လေးစားတဲ့အနေနဲ့ မတ်တတ်ရပ်နားထောင်ဖို့ မေတ္တာရပ်ခံတော့ အားလုံးက မတ်တတ်ရပ် နားထောင်ကြပါတယ်။ အဲဒီပွဲမှာ ဝိုင်အမ်ဘီဆရာတင်က ဆိုပြီး ကျန်သခင်

တွေက သံပြိုင်လိုက်ကြပါတယ်။

ဒီလိုသီချင်းမျိုးကို အရင်က ကြားဖူးကြတာ မဟုတ်ပါဘူး။ ဆိုတဲ့ဟန်ပန်၊ အသံ၊ ဌာန်ကလည်း အားနဲ့မာန်နဲ့ဆိုတော့ ပရိသတ်တွေ ကြက်သီးဖြန်းဖြန်းထကြပါသတဲ့။ သိပ်ကြိုက်လွန်းလို့ ဒုတိယအကြိမ် ထပ်ဆိုဖို့ တောင်းကြပြန်ပါတယ်။ ပြီးတော့ တို့ဗမာသီချင်းစာရွက်ကို တစ်ရွက် တစ်ပဲနဲ့ရောင်းတာ ခဏလေးကုန်သွားပါသတဲ့။

တို့ဗမာသီချင်းကို မကြားရသေးသူတွေအတွက် ထပ်ဆိုပြဖို့ နောက်တစ်နေ့ သူရိယသတင်းစာမှာ တောင်းဆိုလာပါတယ်။ တစ်ဆက်တည်း တို့ဗမာအစည်းအရုံးကို စာတွေ ရောက်လာလိုက်တာ မနည်းပါဘူး။ စာတွေက အစည်းအရုံးအကြောင်း စုံစမ်းတဲ့ စာတွေ၊ လာရောက်ဟောပြောသီဆိုဖို့ ဖိတ်ခေါ်တဲ့စာတွေချည်းပါပဲ။

ဒီလိုနဲ့ သခင်တွေဟာ သူတို့နဲ့ပတ်သက်တဲ့ တရားပွဲ၊ အစည်းအဝေးပွဲနဲ့ အခမ်းအနားတွေမှာ တို့ဗမာသီချင်းဆိုပြီး ဖွင့်လှစ်ကြပါတယ်။ နိဂုံးအဆုံးသတ်ကြပါတယ်။ ဒါ သခင်တွေရဲ့ အစဉ်အလာဖြစ်လာပါတယ်။

မိုးကို ဒူးနဲ့တိုက်ကြတာ

တကယ်တော့ မိဘတွေက သူတို့သားတွေ သခင်ဖြစ်တာ သိပ်မကြိုက်ကြပါဘူး။ တို့ဗမာအစည်းအရုံးရဲ့ အလုပ်အမှုဆောင်အဖွဲ့မှာပါခဲ့ပြီး သက်ရှိထင်ရှားသခင်တွေထဲက ခေါင်းဆောင်မှုအရာမှာ ဝါအကြီးဆုံး သခင်နှစ်ဦးအနက် တစ်ဦးဖြစ်တဲ့ သခင်ခင်အောင်ဆိုရင် သူ့အဖေက စက်ရှင်တရားသူကြီးမို့ သားသခင်ဖြစ်တာ ဘယ်သဘောတူပါ့မလဲ။ မောင်ခင်အောင် ဆယ်တန်းအောင်တော့ သူ့အဖေက တက္ကသိုလ်ပို့ချင်တာပါ။ ဒါပေမဲ့ မောင်ခင်အောင်က ငြင်းပါတယ်။ ‘ဟေ့ ဘာလို့လဲကွ’ ဆိုတော့ ‘ကျွန်တော် သခင်ဖြစ်နေပြီ’ လို့ ဖွင့်ပြောလိုက်ပါတယ်။ သူက ကျွန်ပညာရေးကို ဆန့်ကျင်တာဆိုတော့ အဲဒီပညာသင်ပေးတဲ့ တက္ကသိုလ်လည်း မတက်ချင်တော့ဘူးတဲ့။

ဒီတော့ သူ့အဖေက ‘ဟေ့ကောင် မင်းပြောတဲ့ အဲဒီကျွန်ပညာနဲ့ ငါ မင်းတို့ကို တစ်သက်လုံး လုပ်ကျွေးလာခဲ့တာ’ လို့ ပြောသတဲ့။ ဒါပေမဲ့ ကျွန်ဘဝ၊ ကျွန်လိုနေရတာကို စက်ဆုပ်နေပြီဖြစ်တဲ့ သခင်ခင်အောင်ဟာ အိမ်ကထွက်၊ တက္ကသိုလ်မတက်ဘဲ အင်္ဂလိပ်၊ ဂျပန်၊ မာစတာ ဆန့်ကျင်ရေး နိုင်ငံရေးနယ်ပယ်ထဲ စဝင်လိုက်ပါတော့တယ်။

သခင်ခင်အောင်သာ မကပါဘူး။ သခင်လှဖေ (ဗိုလ်လက်ျာ) ဆိုရင်လည်း သခင်ဖြစ်တာ သဘောမတူလို့ အိမ်ကဆင်းခဲ့ပြီး တို့ဗမာအစည်းအရုံးမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား ကျွန်ဘဝ လွတ်မြောက်ရေးအတွက် အလုပ်လုပ်ခဲ့တာပါ။ အဲဒီလို တစ်နိုင်ငံလုံး

mgyoe.com

 com 

လူသိများထင်ရှားခဲ့တဲ့ သခင်တွေမှ မဟုတ်ပါဘူး။ မြို့ရွာအသီးသီးက သခင်တွေလည်း ဒီလိုအတွေ့အကြုံမျိုး ရှိကြတာပါပဲ။

သခင်အကျင့်

ပြီးတော့ တို့ဗမာသီချင်းက ဆက်ပြီး 'သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့ တို့ဗမာ' လို့ ဆိုပြန်သည်။ အဓိပ္ပာယ်ကတော့ ဗမာတွေဟာ ကျွန်လိုမကျင့်ရဘူး။ သခင်လိုလုပ်ရမည်။ ငါတို့ဟာ အခိုက်အတန့်အခါတွင် အဆင်မသင့်၍ အင်္ဂလိပ်တို့၏ ကျွန်များဖြစ်နေကြရသော်လည်း မျိုးရိုးဇာတိက ကျွန်တွေမဟုတ်ဘူး။ သခင်တွေသာဖြစ်သည်။ သခင်ဆိုတာ နေလည်း ရဲရဲနေသည်။ သေလည်း ရဲရဲသေသည်။

နောက်ဆုံး စက်တိုင်ကိုတက်ရတောင် လက်ခမောင်းခတ်တက်သည်။ ဝမ်းဝဖို့ ကိစ္စကလေးတစ်ခုအတွက် ဘယ်သူ့အလိုကိုမှ လိုက်ပြီး ဟုတ်ပါ့ဘုရား၊ မှန်ပါ့ဘုရား မပြောဘူး။ ဟုတ်သည်ထင်လျှင် ဟုတ်သည်။ မဟုတ်ဘူးထင်လျှင် မဟုတ်ဘူးလို့ မကွယ်မထောက် ရဲရဲကြီးပြောတတ်သည်။ ကျွန်များကမူ ထိုသို့မှန်သည့်အတိုင်း မပြောဝံ့။ ကျွန်များတွင် သူတို့ကိုယ်ပိုင် အလိုဆန္ဒမရှိ။ သူတို့သခင်၏ အလိုဆန္ဒကို ကျွန်များက သူတို့၏ ကိုယ်ပိုင်အလိုဆန္ဒဟု သဘောထားကြသည်။

"ငါတို့တွင် ငါတို့ကိုယ်ပိုင်အလိုဆန္ဒရယ်လို့ မရှိပါ။ ငါတို့သခင်၏ အလိုဆန္ဒဟာပဲ ငါတို့၏ဆန္ဒ ဖြစ်ပါသည်" ဟု ကျွန်များက ပြောကြပါသည်။ အဲဒါကြောင့်မို့ "သခင်ကျင့်ကို ကျင့်ကြပါ။ သခင်မျိုးဟေ့ တို့ဗမာ" ဟု တို့ဗမာသီချင်းက ဆိုခြင်းမှာ ဗမာတွေဟာ သခင်မျိုးများ ဖြစ်ကြသည့်အတွက် သခင်မျိုးများပီပီ ကျွန်စိတ်တွေကို အမြစ်ကပါတူးပစ်။ (ကျွန်မွေးများရှိလျှင်လည်း ဗျစ်ဗျစ်ပါအောင် ဆွဲနုတ်ကြပြီး) အစစအရာရာတွင် တည်ငြိမ်ခန့်ညားသော သခင်ဣန္ဒြေဖြင့် ရန်သူ ကပင် ရိုသေလေးစားလာအောင် ရဲရဲရင့်ရင့် ရှိကြရမည်ဟု အဓိပ္ပာယ်ရသည်။

ဤနေရာတွင် ကျွန်စိတ်အလွန်အကျွံဖိစီးသော အချို့သောလူများက တို့ဗမာအစည်းအရုံးနှင့် သက်ဆိုင်သူများကို သူတို့ကိုယ်သူတို့ သခင်ခေါ်ကြခြင်းမှာ ဝင့်ဝါခြင်းကြောင့်၊ ဂုဏ်ပကာသန လိုလားခြင်းကြောင့်ဖြစ်သည်ဟု စွပ်စွဲကြဖူးသည်။ သို့သော် တို့ဗမာအစည်းအရုံး၏ အကျဉ်းချုပ်သမ္မာကျမ်းစာဟု ဆိုအပ်

mgyoe.com

သော တို့ဗမာသီချင်းက 'သခင်ကျင့်ကို ကျင့်ကြပါ၊ သခင်မျိုးဟေ့ တို့ဗမာ' ဟု အတိအလင်းဆိုသဖြင့် တို့ဗမာအစည်းအရုံးနှင့် သက်ဆိုင်သူတို့က သခင်အမည်ခံခြင်းမှာ သူတို့ချည်းသက်သက်ခွဲ၍ သခင်အမည်ခံကြခြင်း မဟုတ်။

ဗမာတစ်မျိုးသားလုံးကိုပါ သခင်မျိုးဟေ့ တို့ဗမာဟု ဆိုထားသဖြင့် တို့ဗမာ အစည်းအရုံး၏ အာသီသမှာ လူတစ်စုကိုသာ သခင်ဇာတ်သွင်းဖို့မဟုတ်၊ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ဗမာမှန်သမျှကို အကုန်လုံး သခင်ဇာတ် သွင်းဖို့ ဖြစ်သည်မှာ ထင်ရှားသည်။

ထိုအထဲတွင် သူတို့ကိုယ်တိုင် ဘဝအဆက်ဆက်က ဖြည့်ကျင့်ဆည်းပူးခဲ့ သော ကျွန်ပါရမီကြောင့် သူတို့သည် သခင် အခေါ်ခံထိုက်သူမဟုတ်ကြောင်း၊ သူတို့နာမည်ရှေ့က သခင်တပ်၍ခေါ်လိုက်လျှင် သူတို့သည် မတန်မရာကို ပြုမိသည့်အတွက် ဝမ်းကျသေကြလိမ့်မည် အမှန်ပင်ဖြစ်သည်ဟု ယုံကြည်ကြ သူများ ပါကြလိမ့်မည်မဟုတ်သည်ကို အသိအမှတ်ပြုကြရပေလိမ့်မည်။

**သခင်ဘသောင်းကိုယ်တိုင် ဖွင့်ဆိုသော "တို့ဗမာသီချင်း၏အဓိပ္ပာယ်"**
**မှ တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ စာ– ၂၅။**

မော်လမြိုင်က သခင်သန်းဆိုရင် သူ့အဖေက သစ်ကုန်သည်၊ သစ်စက်ပိုင်မို့ ချမ်းသာပါတယ်။ သူ့အဖေနာမည်က ဦးဘချစ်တဲ့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ကြည်ညိုသူပါ။ ၁၉၃၆ ခုနှစ်၊ ဧပြီလမှာ သခင်ဗစိန်၊ သခင်ထွန်းမြင့်တို့နဲ့ ဆရာကြီး မော်လမြိုင်ကိုသွားတော့ ဦးဘချစ်တို့အိမ်မှာပဲ တည်းကြပါတယ်။ အဲဒီခရီးအကြောင်း ဆရာကြီး ပြန်ပြောတာကို လူထုဒေါ်အမာက ဒီလိုပြန်ရေးပါတယ်။

"သူ့သားက သခင်ထဲဝင်တဲ့ သခင်ပူပူနွေးနွေး၊ ဦးဘချစ်က ဆရာကြီးကို ကြည်ညို ရင်းစွဲမို့သာ အိမ်မှာ ညှော့ဝတ်ပြုတာပါ။ သားသခင်ဖြစ်လာတာကိုတော့ စိတ်ထဲက နည်းနည်းမှ မကြိုက်ဘူး။ သားနဲ့ဖအေနဲ့လည်း စိတ်ချင်းလုံးလုံး မတိုက်မိကြဘူး။ ဒါကြောင့် တစ်မနက်တော့ ဦးဘချစ်က ဆရာကြီးအနားသွားပြီး 'ဆရာကြီးရဲ့တပည့် သခင်ဗစိန်တို့က ပညာတတ်ပါ။ ကျွန်တော့်သားကတော့ နဂိုကတည်းက ပျက်နေတာ" အဲဒီတော့ ဆရာကြီးက ရယ်မောပြီး ကွမ်းမြုံ့ရင်းက "ကိစ္စမရှိပါဘူး ဦးဘချစ်ရဲ့။ ကျုပ် အကောင်တွေကလည်း ပျက်ပြီးသားအကောင်တွေချည်းပါ။ သူတို့လည်း မိမနိုင်ဖမနိုင် တွေပါပဲ" လို့ ပြန်ပြောလိုက်ပါသတဲ့။

mgyoe.com

mgyee.com

ဆရာကြီးပြောသလို သခင်တွေက 'မိမနိုင် ဖမနိုင်' တွေပါ။ ဘယ်မှာမနိုင်တာလဲ ဆိုတော့ အကျင့်စာရိတ္တအရာမှာ မဟုတ်ပါဘူး။ ကျွန်ဘဝက လွတ်မြောက်လိုတဲ့စိတ်ဓာတ်မှာ မိမနိုင် ဖမနိုင်ဖြစ်ကြတာပါ။ "ဟော့ကောင်တွေ အင်္ဂလိပ်တွေမှာက ဒီဝိဇ်စစ်တပ်ကြီးတွေနဲ့ လက်နက်ကြီးငယ်တွေနဲ့ မင်းတို့က အပ်နဖားတောင် မဖောက်တတ်၊ မဖောက်နိုင်ဘဲ အပ်တိုတစ်ချောင်းလောက်ရှိတာ" ဆိုပြီး ပြောကြဆိုကြတဲ့သူတွေလည်း ရှိပေတာပေါ့။ ဒါပေမဲ့ သခင်တွေက ဘယ်လိုပြောပြော တွန့်သွားတာမဟုတ်ပါဘူး။ သခင်စိတ်ဓာတ် ဆိုတာ မိုးကို ဒူးနဲ့တိုက်ရဲတဲ့စိတ်ဓာတ်ပေပဲကိုး။

ငါသာလျှင် ငါ၏အရှင်သခင်

သခင်သိန်းမောင် ပြန်ကြားရေးမှူးအဖြစ် တို့ဗမာအစည်းအရုံးမှာ တာဝန်ထမ်း ဆောင်စဉ် ၁၂၉၈ ခုနှစ်အတွင်း 'ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်မှုစာစဉ် အမှတ် (၁) တို့ဗမာဋီကာ' ကို ထုတ်ဝေခဲ့ဖူးပါတယ်။ အဲဒီစာစုမှာ 'ကမ္ဘာဦးလူတို့သည် ကိုယ်စီကိုယ်င အရှင်သခင်များဖြစ်ကြ၏။ လူခပ်သိမ်းတို့မှာ အာဏာရှင်သာဖြစ်သောကြောင့် လောကကြီး တစ်ခုလုံးသည် လောကနိဗ္ဗာန်ကြီးပင်၊ ချုပ်ချယ်ခြင်းမရှိ။' ရယ်လို့ ပါပါတယ်။

လူတိုင်းက ကိုယ့်ကြမ္မာအတွက် ကိုယ်လုပ်ပိုင်ခွင့်ရှိကြတာမို့ အာဏာရှင်လို့ သုံးနှုန်းတာပါ။ နောင်းခေတ်မှာတော့ အာဏာရှင်ဆိုတဲ့ အသုံးအနှုန်းက သူများတွေဘဝကို မိမိအလိုကျဖြစ်အောင် ပြဋ္ဌာန်းလုပ်လာတဲ့သူကို ရည်ညွှန်းတာဖြစ်တယ်မဟုတ်လား။

သခင်စိတ်ဓာတ်ဆိုတာ မိမိကြမ္မာကို မိမိဖန်တီးတဲ့စိတ်ဓာတ်မျိုးပါ။ ဆရာကြီးသခင် ကိုယ်တော်မှိုင်းရဲ့ သခင်ဋီကာစာအုပ် (စာပေလောကထုတ်) အဖွင့်ကို 'အနိုင်မခံ' ဆိုတဲ့ ကဗျာနဲ့ စဖွင့်ခဲ့တာပဲ။ ဒီကဗျာက သခင်အောင်ဆန်းနှစ်သက်တဲ့ ကဗျာလို့ ပြောကြပါတယ်။ ***"ငါ၏ဦးခေါင်းတို့သည် သွေးသံတို့ဖြင့် ရဲရဲနီ၏။ ညွတ်ကားမညွတ်"*** ဆိုတဲ့ကဗျာပေါ့။

ကဗျာကို 'ငါသာလျှင် ငါ့ကံ၏အရှင်သခင်ဖြစ်၍ ငါသာလျှင် ငါ့စိတ်၏ အကြီး အကဲ ဖြစ်လေသည်' လို့ အဆုံးသတ်ထားတာပါ။ သခင်စိတ်ဓာတ်ဆိုတာ ငါသာလျှင် ငါ၏ အရှင်သခင်ဖြစ်ခွင့်ကို အသိအမှတ်ပြုပါတယ်။ အသိအမှတ်ပြုရုံမက ကျင့်လည်း ကျင့်သုံး ကြပါတယ်။

သခင်စိတ်ဓာတ်ဟာ ဗုဒ္ဓတရားတော်နဲ့ ကိုက်ညီတယ်

ဗုဒ္ဓဘာသာရဲ့ အတွင်းသဘောဟာ ဆုတောင်းခြင်းမဟုတ်ပါဘူး။ ဘယ်တန်ခိုးရှင် ကမှ ကယ်တင်နိုင်တယ်လို့ ယုံကြည်တဲ့ဘာသာ မဟုတ်ပါဘူး။ ကောင်းသောအမှု

mgyee.com

mgyoe.com
(ကုသိုလ်)ပြုရင် ကောင်းသောအကျိုးကိုရမယ်။ မကောင်းသောအမှု(အကုသိုလ်)ကို ပြုရင် မကောင်းသောအကျိုးကိုရမယ်လို့ယုံကြည်ပါတယ်။ ကိုယ့်သားသမီး ကုသိုလ်ရအောင်ဆိုပြီး မိဘက ဝင်လုပ်ပေးလို့ရတယ်လို့ယုံကြည်တာမဟုတ်ပါဘူး။ ကိုယ်ဟုတ်ရင် ကိုယ်စံ၊ ကိုယ်မဟုတ်ရင် ကိုယ်ခံဆိုတဲ့ ယုံကြည်မှုပါ။ အဲဒါ ဘာနဲ့မှ ကယ်တင်လို့မရပါဘူး။

သခင်စိတ်ဓာတ်ဆိုတာ ကိုယ်လုပ်ရမယ့်အမှုကို တခြားသူက ဝင်စွက်ဖက်လုပ်ခွင့်ပေးတဲ့ စိတ်ဓာတ်မဟုတ်ပါဘူး။ အဲဒီလို သူများစည်းကို ကိုယ်ကကျူးပြီး ဝင်စွက်ဖက်ခြင်းဟာလည်း ဗုဒ္ဓရဲ့အခြေခံအယူအဆနဲ့ မကိုက်ညီပေဘူး။

## ပညာနဲ့ ပညာရှင်ကို လေးစား

ခရစ်သက္ကရာဇ် ၁၉၃၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့) မှာ တို့ဗမာသတင်းမှတ်တမ်းကို စထုတ်ပါတယ်။ မျက်နှာဖုံးပုံက သျှောင်နောက်တွဲထုံးပြီး ထိုးကွင်းမင်ကြောင်နဲ့ ခါးတောင်းမြှောင်အောင် ကျိုက်ထားတဲ့ ယောက်ျားကြီးက မီးရှူးတိုင်ကိုထမ်းပြီး ရှေ့ကို ချီတက်နေတဲ့ပုံပါ။ အကျိုးအပျက်မြို့ရိုးပြာသာဒ်တွေကို ကျောခိုင်းလို့ စက်ရုံတွေ၊ ရေနံတွင်းတွေ၊ လေယာဉ်ပျံတွေ ရှိရာကို ချီတက်လို့။

သက်ဦးဆံပိုင် အာဏာပိုင်စနစ်နဲ့ ခေတ်နောက်ကျမှုတွေကို စွန့်ပြီး အနာဂတ်စက်မှုနိုင်ငံကို သွားနေတဲ့သဘောပေပေါ့။ မီးရှူးတိုင်သဘောက မြန်မာပြည်သူပြည်သားတွေကို အသိဉာဏ် အလင်းရောင်ပေးမယ့် သဘောလို့ဆိုပါတယ်။

သခင်စိတ်ဓာတ်ဆိုတာ အဟောင်းအမြင်းတွေကိုစွန့် စက်မှုနိုင်ငံဆီသို့ ချီတက်ရာမှာ အသိဉာဏ်ပညာကို လေးစားတဲ့ စိတ်ဓာတ်ပါပဲ။ အသိဉာဏ်ပညာမပါဘဲ နိုင်ငံသစ်ဆီ ကို သွားလို့မရဘူးဆိုတာ အဲဒီမျက်နှာဖုံးပုံက ပြနေပါတယ်။ သခင်စိတ်ဓာတ်မှန်ရင် ဘယ်တော့မှ ပညာနဲ့ ပညာရှင်တွေကို အထင်မသေးရပါဘူး။ သူတို့ရဲ့အလင်းရောင်ကို ပခုံးပေါ်မှာ ထမ်းတင်ထားချင်တဲ့စိတ်ဓာတ်ပါ။ လက်နှိပ်ဓာတ်မီးလိုလိုမှ ခလုတ်နှိပ်ထွန်းထားတဲ့ စိတ်ဓာတ်မျိုး မဟုတ်ပေဘူး။ ပခုံးထမ်းထားနိုင်တဲ့ စိတ်ဓာတ်မျိုးပါ။

တို့ဗမာအစည်းအရုံးက ပထမဦးဆုံးထုတ်တဲ့ နိုင်ငံပြုစာစုရဲ့ မျက်နှာဖုံးမှာ–

ဗမာပြည်သည် – တို့ပြည်
ဗမာစာသည် – တို့စာ
ဗမာစကားသည် – တို့စကား
ဗမာပြည်ကို – ချစ်ပါ

mgyoe.com

mgyoe.com

ဗမာစာကို – ချီးမြှင့်ပါ

ဗမာစကားကို – လေးစားပါ လို့ ဖော်ပြထားပါတယ်။

အဲသည့်ကြွေးကြော်သံတွေထဲက ဗမာစာသည် တို့စာဆိုတဲ့ ကြွေးကြော်သံကို ရှင်းရာမှာ မျိုးချစ်စိတ်ဓာတ် လှုံ့ဆော်ဖို့ ကြွေးကြော်ရုံမျှလို့ပဲ ထင်နေကြသူတွေက များနေပါတယ်။ ဒီကြွေးကြော်သံတွေကို သခင်ဘသောင်းပြောခဲ့ရာမှာ အဲဒီမျိုးချစ်စိတ်ဓာတ်ရှိရေးလောက် မဟုတ်ပါဘူး။ 'လောကဓာတ်ပညာရပ်အားလုံး ဗမာစာနဲ့ရှိရေး' ဆိုတဲ့ အမြော်အမြင်ရှိတဲ့ ရည်မှန်းချက်လည်း ပါပါတယ်။ (သီးခြားဆောင်းပါးအဖြစ် ဖော်ပြထားပါတယ်။)

သခင်ကြီးတွေကို မေးကြည့်တော့ သခင်ခေါင်းဆောင်တွေက ပညာကို သိပ်ရှာကြတာလို့ ပြောပြပါတယ်။ တို့ဗမာအစည်းအရုံးဌာနချုပ်မှာ အစည်းအဝေးထိုင်ကြတဲ့ စားပွဲကြီးတစ်လုံးရှိတယ်လို့ ဝါးခယ်မသခင်သိန်းဖေက မှတ်မှတ်ရရ ပြန်ပြောပါတယ်။ အဲဒီ စားပွဲကြီးအောက်မှာ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်းရဲ့ စာအုပ်ပုံရှိပါတယ်။ သခင်အောင်ဆန်းဟာ အားရင် အဲဒီစာအုပ်ပုံကြားမှာ စာအုပ်တွေခေါင်းချပြီး မျက်နှာနဲ့ စာအုပ် မခွာတော့ဘူးတဲ့။ 'သူ့ဆီသွားရင် စားပွဲအောက် စာအုပ်ပုံထဲက ထွက်လာတတ်တယ်' လို့ မှတ်မှတ်ရရ ပြန်ပြောပါတယ်။

သခင်အောင်ဆန်းမှ မဟုတ်ပါဘူး။ ကျန်သခင်ခေါင်းဆောင်တွေလည်း စာသိပ်ဖတ်ကြတာပါ။ 'သူတို့က တို့တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်ကြမလဲ အမြဲစဉ်းစားနေတဲ့လူတွေ' လို့ နယ်သခင်ခေါင်းဆောင်ဟောင်းတစ်ယောက်က ပြောပါတယ်။ "စာမဖတ်၊ အမြော်အမြင်မရှိဘဲနဲ့ 'သခင်ကွ' အော်နေရုံနဲ့ ဘယ့်နှယ့်သခင်ဖြစ်နိုင်ပါ့မလဲ။ ဖြစ်ရင်လည်း ဇက်ကျိုးနေတဲ့သခင်ပဲ ဖြစ်မှာပေါ့လေ" တဲ့။

ဒါကြောင့် သခင်စိတ်ဓာတ်၊ သခင်အကျင့်ဆိုတာ ပညာနဲ့ ပညာရှင်ကို ပခုံးထမ်းထားနိုင်တဲ့ စိတ်ဓာတ်လို့ ပုံမှာ ထည့်သရုပ်ဖော်ထားတာ ဖြစ်ပါတယ်။

## လုံးဝလွတ်လပ်လိုတဲ့စိတ်ဓာတ်

စီးပွားပျက်ကပ်ရယ်၊ ဆရာစံတောင်သူလယ်သမားအရေးတော်ပုံရယ်နဲ့ နိုင်ငံရေးအကျပ်အတည်း ကြုံလာတဲ့ အုပ်ချုပ်သူ မာစတာတွေဟာ မြန်မာနိုင်ငံကို အုပ်ချုပ်ရေးတိုးတက်ပေးဖို့ဆိုပြီး ဆာဂျွန်ဆိုင်မွန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ကော်မရှင်တစ်ရပ်ကို ၁၉၂၉ ခုနှစ်၊ ဇန်နဝါရီလထဲမှာ မြန်မာနိုင်ငံကို စေလွှတ်ပါတယ်။

အုပ်ချုပ်ရေးအရ မြန်မာနဲ့အိန္ဒိယကို ဆက်တွဲထားမလား၊ ခွဲထားမလား တင်ပြဖို့ပါ။

mgyoe.com

mgyoe.com
ဒီတော့ မြန်မာနိုင်ငံရေးသမားကြီးတွေထဲမှာ တွဲရေးလား၊ ခွဲရေးလား အငြင်းပွားကြပါလေရော။

၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလထဲမှာ ခွဲရေးတွဲရေး ပြည်သူ့ဆန္ဒခံယူမယ်ဆိုတော့ ခွဲမလား၊ တွဲမလား ကျယ်ကျယ်လောင်လောင် ငြင်းခုံကြပြန်ပါတယ်။ ဒီပြဿနာနဲ့ ပတ်သက်ပြီး ခွဲရေးဘက်က ဦးဘဖေ၊ ဦးထွန်းဝင်း (မော်လမြိုင်)၊ ဦးစိုးညွှန့် (ဝတ်လုံ) တို့ပြောပြီး တွဲရေးဘက်က ဒေါက်တာဘမော်၊ ဦးကျော်မြင့် (ဝတ်လုံ) နဲ့ ရမ်းဗြဲဦးမောင်မောင် တို့ ပြောကြပါတယ်။ ပြောပြီးကြတော့ သခင်ဘသောင်းက သဘာပတိဆီခွင့်တောင်းဝင်ဆွေးနွေးပါတယ်။

"ခွဲရေးဖြစ်စေ၊ တွဲရေးဖြစ်စေ အင်္ဂလိပ်နယ်ချဲ့သမား လက်အောက်ခံချည်းဖြစ်တယ်။ ကျွန်နဲ့ဒါသ စကားလုံးခြားနားသော်လည်း တစ်မျိုးတည်းဖြစ်သလို ကျွန်ဟာကျွန်ပဲ ဖြစ်တယ်။ ဒီခွဲရေး တွဲရေးပြဿနာရဲ့ အဓိပ္ပာယ်ကတော့ အင်္ဂလိပ်နယ်ချဲ့အစိုးရက သူ့ရဲ့ဘယ်ဘက်ဖိနပ်အောက်မှာနေမလား၊ ညာဘက်ဖိနပ်အောက်မှာ နေမလားလို့ မေးတဲ့သဘောပါပဲ။ ဒါကြောင့် ကျုပ်တို့သခင်တွေသဘောကိုပြောရရင် အင်းဝခေတ်က နာမည်ကျော်သူခိုးကြီးငတက်ပြား ဖမ်းမိတော့ သတိုးမင်းဖျားဘုရင်က "မောင်မင်းကို အခုသတ်မယ်။ သန်လျက်နဲ့ခုတ်သတ်တာကြိုက်သလား၊ လှံနဲ့ထိုးသတ်တာ ကြိုက်သလား" လို့မေးတော့ ငတက်ပြားက "ငါ့အကြိုက် ပြောရရင် သန်လျက်ရော၊ လှံပါ ဘယ်ဟာမှ မကြိုက်။ အသင်မင်းကြီးရဲ့ မိဖုရားခေါင်ကြီး စောဥမ္မာကိုသာ ကြိုက်တယ်" လို့ ပြောခဲ့သလို

**ကိုယ့်မင်းကိုယ့်ချင်း**

နိုင်ငံရေးအရ လွတ်လပ်ရေးရရုံမျှနှင့် ကိုယ့်မင်းကိုယ့်ချင်းအဖြစ်သို့ မရောက်ရှိသေး။ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးသည် လွတ်လပ်ရေးရပြီးနောက်မှ ဖြစ်နိုင်သည်။ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဆိုသည်မှာ ရှေးကကဲ့သို့ တစ်ဦးတည်းတစ်ယောက်တည်း သက်ဦးဆံပိုင်အာဏာရှင်ဘုရင်တို့ အုပ်စိုးနည်းမျိုးမဟုတ်။ အများဖြစ်သော ဆင်းရဲသားများကိုယ်တိုင်ကြီးမှူးအုပ်ချုပ်သော ဆင်းရဲသားမင်း ဆင်းရဲသားချင်းတို့သာ တို့ဗမာများသဘောဆန္ဒအရ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဖြစ်သည်။

*"တို့ဗမာအစည်းအရုံး၏ တို့ဗမာဝါဒ"*
*တို့ဗမာအစည်းအရုံးသမိုင်း၊ ပထမတွဲ၊ စာ–၂၅၄*
mgyoe.com

mgyoe.com

ခွဲရေးလည်း မကြိုက်၊ တွဲရေးလည်း မကြိုက် အင်္ဂလိပ်နယ်ချဲ့သမားလက်အောက်က လုံးဝလွတ်လပ်ရေးသာ ကြိုက်ပါတယ်"

သခင်ဘသောင်း ဒီလိုပြောတော့ ကျောင်းသားတွေရဲ့လက်ခုပ်သံက တဖြောင်းဖြောင်းပေါ့။ သခင်တွေရဲ့စိတ်ဓာတ်နဲ့ ရှေးကနိုင်ငံရေးသမားကြီးတွေရဲ့ စိတ်ဓာတ်ကွာခြားတာ ဒါပါပဲ။

သခင်တွေနဲ့ ရှေးနိုင်ငံရေးသမားကြီးတွေ ကွာခြားရာမှာ နှစ်ချက်ရှိပါတယ်။

တစ်– လုံးဝလွတ်မြောက်ရေးမှာ ကွာခြားတယ်။

နှစ်– လုံးဝလွတ်မြောက်ရေးမှာ တူညီး၊ သက်ဦးဆံပိုင်ပဒေသရာဇ် အာဏာရှင်စနစ်ကို ပြန်သွားချင်တာနဲ့ လူထုရွေးတဲ့အစိုးရ ထူထောင်ချင်တာ ကွာပါတယ်။

သခင်စိတ်ဓာတ်ဆိုတာ ဒါသအခေါ်ခံရရုံနဲ့ ကျွန်အခေါ်မခံရတော့ ပေဘူးရယ်လို့ ဖြေသိမ့်နိုင်တာ မဟုတ်ပါဘူး။ ဘယ်ဘက်ထက် ညာဘက်က တော်သေးရဲ့ဆိုပြီး ညာဖိနပ် အောက်ပြေးဝင်တဲ့ စိတ်ဓာတ် မဟုတ်ပေဘူး။ တို့ဗမာသတင်းစဉ်မှတ်တမ်း အတွဲ ၁၊ အမှတ် ၄ စာစောင်မှာ သုံးနှုန်းခဲ့သလိုပါပဲ။ သခင်စိတ်ဆိုတာ 'နှစ်ချက်ထောင်း' မို့ 'သုံးချက်ထောင်း' ထက် ပိုကောင်းတယ်ဆိုပြီး လူထုကို မစည်းရုံးပေဘူး။ ဒါကြောင့် 'ခွဲရေးတွဲရေးကို ပရိယာယ်အဖြစ်လောက်သာသုံး၍ လုံးဝလွတ်လပ်ရေး ရရာရကြောင်းကိုသာ ရှာကြံအပ်၊ လုပ်ကြံအပ်ပေသည်' လို့ ရေးခဲ့တာပါ။

သခင်စိတ်ဆိုတာ လုံးဝလွတ်မြောက်ရေးစိတ် ဖြစ်တယ်။ ကျွန်စိတ်ဆိုတာ နှစ်ချက် ထောင်း ပိုကောင်းသေးရဲ့ စိတ်ဓာတ်ဖြစ်တယ်။ ညာဖိနပ်၊ ဘယ်ဖိနပ်ရွေးတဲ့စိတ်ဓာတ် ဖြစ်တယ်။ ဒါကြောင့် အဲဒီ တို့ဗမာသတင်းစဉ် နိဂုံးမှာပဲ သခင်ဘသောင်းက "ကျွန်ဖြစ်ဖို့နှင့် ဒါသဖြစ်ဖို့အတွက် အချည်းအနှီး ငြင်းခုံပြောဆိုနေသည့်အရေးတွင် စိတ်ရောကိုယ်ပါ ဝင်ရောက်ပါဝင်ဖို့ မဟုတ်။

ယခုအခါ "ကျွန်တွင်း"သို့ ကျရောက်လျက်ရှိကြသော တို့ဗမာသွေးချင်းသားချင်း အားလုံးကို လွတ်လပ်ရာလွတ်လပ်ကြောင်း နည်းလမ်းညွှန်ဖို့ဖြစ်သဖြင့် လူဇာတ်ဝင်ဖို့ တောင့်တကောင်း၊ ရည်မှန်းကောင်းသော လုံးဝလွတ်လပ်ခြင်းကို တောင့်တကြ၊ ရည်မှန်းကြသူတိုင်း ဉာဏသမ္ပယုတ်ဉာဏ်နှင့်ယှဉ်၍ ဖတ်ရှုကြရာသတည်း" လို့ ရေးခဲ့တာပါ။

ဒီစာသားတွေထဲမှာ လူဇာတ်ဝင်တယ် ဆိုတဲ့ စာလုံးလေးဟာ တော်တော်သတိပြုစရာကောင်းတဲ့စာလုံးပါ။ သခင်စိတ်ဆိုတာ လူဇာတ်ဝင်ဖို့ တောင့်တရကောင်းမှန်း၊ ရည်မှန်းရကောင်းမှန်းသိတယ်။ လူဇာတ်ဝင်ဖို့ဆိုတာ လုံးဝလွတ်လပ်မှသာ ဖြစ်တယ်ဆိုတာ သခင်စိတ်ဓာတ်မှန်ရင် အသိအမှတ်ပြုကြတာကိုး။

mgyoe.com

mgyoe.com

အင်္ဂလိပ်၊ ဂျပန်၊ မာစတာစိတ်ဓာတ်ရှိသူတွေကသာ တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံး ကျွန်ပြုထားချင်ကြတာဆိုတော့ ဘယ်မှာ လုံးဝလွတ်လပ်စေချင်ပါ့မလဲ။ ဒါကြောင့် မာစတာတွေရဲ့ ရန်သူစာရင်းမှာ သခင်စိတ်ဓာတ်ရှိသူတွေ ထိပ်ဆုံးက ရှိခဲ့ကြတာပေါ့။ အဲသည်စာရင်းကို အင်္ဂလိပ်လက်ထက်မှာ Burma List လို့ ခေါ်ပါတယ်။ ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ထုတ်ပြန်တဲ့ စာရင်းအရဆိုရင် နံပါတ် ၁ က ဆရာကြီးသခင်ကိုယ်တော်မှိုင်းပါ။ နံပါတ် ၂ က သခင်ဗဟိန်းတဲ့။ သခင်အောင်ဆန်းကတော့ နံပါတ် ၅ မှာ ရှိပါတယ်။

တန်း– တူ

ဂျီစီဘီအေက ကိုယ်ပိုင်အုပ်ချုပ်ရေးကိုပဲ တောင်းဆိုတုန်းကပါ။ ဒိုင်အာခီပေးဖို့ ပွိုက်ကော်မတီလာတော့ စုံစမ်းစစ်ဆေးရေးမှာ လုံးဝအစစ်မခံဖို့ ဂျီစီဘီအေက ဆုံးဖြတ်လိုက်ပါတယ်။ ‘ပွိုက်ကော်မတီနှင့် ဝေးနိုင်သမျှဝေးအောင် ရှောင်ရှားကြဖို့တာဝန်သည် မြန်မာလူမျိုးတိုင်း၏ တာဝန်ကြီး’ လို့လည်း တိုင်းပြည်ကို နှိုးဆော်ပါတယ်။

အဲဒီ ပွိုက်ကော်မတီ မန္တလေးရောက်လာတော့ သူတို့တည်းနေတဲ့ ဗိုလ်တဲဆီကို ဝံသာနုအမျိုးသမီးတစ်ရာလောက် ဆန္ဒပြသွားဖို့ စီတန်းလျှောက်ကြပါတယ်။ ဒီတော့ ပုလိပ်အဖွဲ့က တားပါလေရော။ အဲဒီအချိန်မှာ မောင်ဘသောင်းရောက်လာပြီး ‘အတင်းတိုးပြီး ချီတက်ကြ’ လို့ အားပေးပါတယ်။ ဒါနဲ့ တာဝန်ကျ ရာဇဝတ်ဝန်ထောက်က “You are placed under arrest” မင်းကိုဖမ်းလိုက်ပြီလို့ ပြောတယ်။ ကိုဘသောင်းက “All right” ကောင်းပြီလို့ မမှုတဲ့လေသံနဲ့ ပြောအဖမ်းခံပါတယ်။

ရဲဌာနကိုခေါ်တော့ ရာဇဝတ်ဝန်က–

“မင်း စက်ဘီးမစီးရဘူး။ ဆင်းတွန်းလာ” လို့ ခိုင်းပါတယ်။

“ငါ ဘယ်တုန်းကမှ ခြေကျင်မသွားဘူး” လို့ ရာဇဝတ်ဝန်ခိုင်းတာကို ဖီဆန်လို့ စက်ဘီးစီးမြဲ ဆက်စီးတာပါပဲ။ ကိုဘသောင်းရဲ့ အဲဒီစိတ်ဓာတ်မျိုးဟာ သခင်စိတ်ဓာတ်ပါပဲ။ အုပ်ချုပ်သူတွေက လူ့အောက်နိမ့်တဲ့ သတ္တဝါလို နှိမ်တာကို ဖီဆန်ရဲတာ သခင်ပါ။ သူစက်ဘီးစီးရင် ကိုယ်လည်းစီးသွားမှာပေါ့။ ဘာလို့ ကိုယ်ကခြေကျင်လိုက်ရမှာလဲ။ လူလူချင်းပဲဟာ။ လူကို လူလို တန်းတူသဘောမထားဘဲ ဆက်ဆံရင် သခင်တွေက မခံပါဘူး။

သခင်စိတ်ဓာတ်ဆိုတာ လူတိုင်းကို ‘တန်း–တူ’ သဘောထားချင်တဲ့ စိတ်ဓာတ်ပေကိုး။ သူ့ကျတစ်မျိုး၊ ငါ့သား ငါ့သမီး ငါ့အမျိုးအဆွေကျတစ်မျိုး သဘောထားပုံမျိုး မဟုတ်သေးဘူး။ ‘မှု’ မှာ သူ့လူ၊ ကိုယ့်လူခွဲတာ မရှိဘူး။

mgyoe.com

မြန်မာ့ယဉ်ကျေးမှု ကျေးဇူးတရားဆိုတဲ့ ရှုထောင့်ကကြည့်ရင် အစွန်းရောက်တယ်လို့ ပြောမယ်ဆိုပြောနိုင်တဲ့ လုပ်ရပ်မျိုးတောင် 'မူ' နဲ့ ပတ်သက်လာရင် တချို့သခင်တွေက လုပ်ခဲ့ကြတာကလား။

သခင်ဘသောင်းဆိုပါစို့။ သူငယ်ငယ်က ဖတဆိုးဘဝနဲ့ မန္တလေးက ဗုဒ္ဓသာသနနုဂ္ဂဟကျောင်းမှာ ကျောင်းနေတော့ ဦးလျံကျော်ရှူးဆိုတဲ့ ကျောင်းကော်မတီ လူကြီးတစ်ယောက်က ကျွေးမွေးစောင့်ရှောက်ထားတာ။ အဲဒီပုဂ္ဂိုလ်ကြီးက သူ့သားကိုတော့ ဘိလပ်ပို့ ပညာသင်ခိုင်းတာကိုး။ ဒါကို သခင်ဘသောင်းဖြစ်လာမယ့် မောင်ဘသောင်းက ဟောဒီလို စာတွေရေးဖြန့်သတဲ့လေ။

> "မသဿဖာသုကော– ဖွာရှုပ်သောနှုတ်ခမ်းမွေးလည်းရှိသော ကျောင်းကော်မတီ လူကြီး ဦးလျံကျော်ရှူးသည် သူ့သားကိုတော့ ဘိလပ်သို့ပို့၍ ဘုရားတပည့်တော်တို့ကို အမျိုးသားကျောင်းမှာ အနေခိုင်းပါသည် ဘုရား။ ထို့ကြောင့် အရှင်ဘုရားက မယဉ်ကျေးသော ထိုကျောင်းကော်မတီ လူကြီးများကို ယဉ်ကျေးအောင် ဆုံးမတော်မူပါဘုရား" တဲ့။

အဲဒီတော့ ဦးလျံကျော်ရှူး ဒေါသတွေထွက်ပြီး မောင်ဘသောင်းလည်း ထမင်းအိုးကွဲလေရောတဲ့။

ကဲ ကြည့်၊ 'မယဉ်ကျေးသော ထိုကျောင်းကော်မတီလူကြီး' တဲ့။ ဒီစာလေးက သခင်စိတ်ဓာတ်ရဲ့ ယဉ်ကျေးမှုကို ဖွင့်ဆိုသွားသလိုပါပဲ။

ပါးစပ်ကတော့ ကျွန်ပညာရေးကို ဆန့်ကျင်၊ အမျိုးသားကျောင်းတွေကို ထောက်ခံတယ်ဆိုပြီး သားကိုတော့ ဘိလပ်ပို့ ပညာသင်စေတဲ့ အပြောနဲ့အလုပ် တခြားစီဖြစ်နေတာမျိုးကို 'ဆုံးမ' ဖို့လိုတယ်လို့ ဒီစာလေးက ပြောနေတာမဟုတ်လား။ သခင်ယဉ်ကျေးမှုဆိုတာ ဒါမျိုးပါ။ မူနဲ့လူ တစ်ထပ်တည်းဖြစ်ရေးပါ။ အပြောနဲ့အလုပ် တစ်မျိုးတည်းဖြစ်ရေးပါ။ ငါ့သားသမီး၊ ငါ့အမျိုးနဲ့ သူများ 'တန်း–တူ' ရေးပါ။

## ကျွန်စိတ်ကိုကန်၊ သခင်စိတ်ကိုစီး

ဒိုင်အာခီအုပ်ချုပ်ရေးမှာ ရွှေဘိုအမတ် ကွယ်လွန်သွားလို့ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလမှာ ကြားဖြတ်ရွေးကောက်ပွဲတစ်ခု လုပ်ပါတယ်။ အဲဒီရွေးကောက်ပွဲကို သခင်ဘသောင်းဝင်အရွေးခံဖို့ တို့ဗမာအစည်းအရုံးက ဆုံးဖြတ်ပါတယ်။

ရွှေဘိုမှာ ရွေးကောက်ပွဲအရာရှိကို သွားတွေ့တော့ အဲဒီအရာရှိအခန်းဝမှာ ချွတ်ထားတဲ့ဖိနပ်တွေ သခင်ဘသောင်းတွေ့တော့တာကိုး။ ဒါနဲ့ သခင်ဘသောင်းဟာ အဲဒီ

mgyoe.com
ဖိနပ်တွေကို တစ်ခုချင်း ကန်ပစ်လိုက်ပါရောတဲ့။ ပြီးတော့ အရာရှိခန်းထဲကို ဖိနပ်မချွတ်ဘဲ ဝင်တွေ့ပါတယ်။

သာမန်ကြည့်ရင် သခင်ဘသောင်းဟာ ဖိနပ်ကိုကန်ပြီး ဖိနပ်စီးတာပါပဲ။ ဒါပေမဲ့ အတွင်းစိတ်သဘောအရ ပြောရရင်တော့ ဒါ ဖိနပ်လောက် မဟုတ်တော့ပါဘူး။ ကျွန်စိတ်တွေကို တစ်ရုံချင်း ကန်ပစ်လိုက်တာပဲ ဖြစ်ပါတယ်။ သခင်စိတ်ကိုစီးပြီး ကိုယ့်ကိုယ်ကိုယ် မာစတာထင်နေသူတွေကို မျက်နှာချင်းဆိုင်တာပဲ ဖြစ်ပါတယ်။

တချို့လူတွေက ဘာရယ်မဟုတ်ဘူး။ သိပ်လွယ်တတ်ကြတာကိုး။ အလေးအနက် သိပ်မထားဘဲ အင်္ဂလိပ်ပဲဖြစ်ဖြစ်၊ မြန်မာပဲဖြစ်ဖြစ် အရာရှိဆိုရင် ဖိနပ်ချွတ်တာတို့၊ လက်အုပ်ချီတာတို့ လွယ်လွယ်လုပ်တတ်ကြပါတယ်။ တကယ်တော့ မြန်မာလူမျိုးဆိုတာ ဘာသာရေးနဲ့ပတ်သက်ပြီးတော့သာ ဖိနပ်ချွတ် လက်အုပ်ချီတာပါ။

"ဘာလို့ အင်္ဂလိပ်ကို လက်အုပ်ချီတာလဲ" လို့ သခင်ကြီးတွေကို မေးကြည့်တော့" ဘုရင်တွေလက်ထက်က မင်းစိုးရာဇာဆိုရင် လက်အုပ်ချီအောင် လုပ်ထားတာကိုး။ ဒီတော့ အဲဒီအကျင့်ကပါနေတာ။ ပြောရင်လည်း ကျေးတော်မျိုး ကျွန်တော်မျိုးလို့ သုံးနှုန်းကြတာ မဟုတ်လား။ အဲဒီတော့ အင်္ဂလိပ်ကျွန်မဖြစ်ခင်ကတည်းက လူတွေမှာ ကျွန်စိတ်ဝင်အောင် လုပ်ထားသလိုဖြစ်နေတယ်။ လူမျိုးတစ်မျိုး၌ ကျွန်စိတ်သည် ကျွန်မဖြစ်မီ အုပ်ချုပ်ပုံပေါ် မူတည်ပြီး ရှိနှင့်နိုင်သည်လို့ ပြောရမလိုဖြစ်နေတယ်" လို့ ထင်မြင်ချက်ပေးပါတယ်။ သခင်ခင်အောင်ကတော့ "စာရေးရင် 'ကျွန်တော်' လို့ ဘယ်တော့မှ စာလုံးမပေါင်းဘူး။ 'ကျနော်' လို့ပဲ စာလုံးပေါင်းရေးတယ်" လို့ ပြောပြပါတယ်။ ကျွန်စိတ်ကို စာရွက်ပေါ်မှာ စာလုံးပေါင်းရုံလောက်တောင် လက်မခံနိုင်တဲ့ သခင်စိတ်ဓာတ်ပါ။

## ယုံကြည်ချက်ကို အလုပ်နဲ့ လဲ

သခင်ဘသောင်းတစ်ယောက် တို့ဗမာအစည်းအရုံးကို တည်ထောင်ခါစ၊ တက္ကသိုလ် ဘာသာပြန်ဌာနမှာ နည်းပြဆရာလုပ်နေရင်း တက္ကသိုလ်ကျောင်းဆောင်တွေမှာ သခင်စိတ်ဓာတ်အကြောင်း လိုက်လံဟောပြောတော့ တက္ကသိုလ်အာဏာပိုင်တွေက မကြိုက်ကြပါဘူး။ လူတစ်ယောက် သူ့ယုံကြည်ချက်နဲ့သူ ခေါင်းထောင်လာတာကို မာစတာစိတ်ဓာတ်နဲ့ အုပ်ချုပ်သူအင်္ဂလိပ်တွေ ဘယ်လက်ခံနိုင်ပါ့မလဲ။ တက္ကသိုလ်မှာ သခင်စိတ်ဓာတ်ဝါဒ မဖြန့်ရလို့ ပိတ်ပင်ပါတော့တယ်။

ဒီတော့ သခင်ဘသောင်းဆိုတာကလည်း ပိတ်ရင်ပိတ်တဲ့အတိုင်း တိတ်သွားတတ်တဲ့ ခပ်ညံ့ညံ့လူမှ မဟုတ်တာကပဲ။ သခင်စိတ်ဓာတ်ဆိုတာ ကိုယ့်ယုံကြည်ချက်အတိုင်း
mgyoe.com

m...com
အညှံ့ခံလိုက်တဲ့ စိတ်ဓာတ်မဟုတ်ဘူး။ သူများကြိုးဆွဲတိုင်း ပါးစပ်ဖွင့်လိုက်၊ ပိတ်လိုက် လုပ်တတ်တဲ့ စိတ်ဓာတ်မဲ့ ရုပ်ခန္ဓာသက်သက်နဲ့ လူမှမဟုတ်တာ။ သခင်ဘသောင်း ငြိမ်မခံဘူး။ ယုံကြည်ချက်အတွက် အလုပ်ကထွက်လိုက်ပါတယ်။

အဲဒီတုန်းက တက္ကသိုလ်ကျောင်းအုပ်ကြီးဖြစ်တဲ့ မစ္စတာဆလေ့က မစ္စတာဖာနီဗယ်ကို ပြောတဲ့စကားအတိုင်း ပြောရရင် "မိမိစိတ်ကမှန်သည်မှာ ယုံကြည်သောအယူကို မစွန့်ဘဲ မိမိ၏အသက်မွေးမှုအလုပ်ကို စွန့်သောသူမှာ မောင်ဘသောင်းတစ်ယောက်ပဲရှိတာ" ပါ။ ဖာနီဗယ်ကလည်း "အယူကိုမစွန့်ဘဲ အသက်မွေးအလုပ်စွန့်ခြင်းမှာ ချီးမွမ်းဖွယ်ကောင်းသည်ကား မှန်သည်။ သို့ရာတွင် ထိုသို့ပြုလုပ်ခြင်းကား လောက၌ ကြီးပွားစေတတ်သော ပြုလုပ်ခြင်းမျိုး မဟုတ်ပေ" လို့ ချီးမွမ်းမှတ်ချက်ချပါတယ်။

မစ္စတာဖာနီဗယ် နားမလည်တာကတော့ သခင်စိတ်ဓာတ်ရဲ့ မြင့်မြတ်မှုပါပဲ။ သခင်စိတ်ဓာတ်ဆိုတာ ကိုယ်တစ်ယောက်တည်းပဲ ကြီးပွားဖို့လုပ်တဲ့စိတ်ဓာတ်မှ မဟုတ်ဘဲ။ တို့ဗမာသီချင်းထဲမှာ ပါသလိုပေါ့။ "နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုး လုံးလုံးမပါ" ဆိုတဲ့ စိတ်ဓာတ်မျိုးပါ။ ဒါဟာ သခင်အကျင့်တွေထဲမှာ အမြင့်ဆုံးပါပဲ။

## နောင်လာနောက်သားကောင်းစားဖို့ရာ

သင့်ဘဝမဂ္ဂဇင်းက သခင်စိတ်ဓာတ်အကြောင်းရေးဖို့ သခင်၊ သခင်မကြီးတွေကို လိုက်တွေ့တော့ "ဦးတို့ တစ်သက်မှာများ လွတ်လပ်ရေးရမယ်လို့ထင်ပြီး လုပ်ခဲ့ကြတာလား" လို့ မေးပါတယ်။ တချို့ကလည်း ထင်ကိုမထင်ဘူးလို့ ဖြေကြပါတယ်။ တချို့ကတော့ ရရမယ်လို့ ယုံကြည်တယ်။ ဒါပေမဲ့ ဒီလောက်မြန်မြန်ရမယ်လို့တော့ မမျှော်လင့်ခဲ့ပါဘူးတဲ့။

"ဦးတို့တစ်သက်မှာ မရလည်း နောင်သားသမီး မြေးလက်ထက်မှာ ရရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်ကြတာပဲ" လို့ ဝါးခယ်မ သခင်သိန်းဖေက ပြောပြပါတယ်။ နောင်မျိုးဆက်တစ်ဆက်အတွက် မြော်မြင်လုပ်ကိုင်တယ်ဆိုတာ မိသားစုတစ်စုအတွက်ပဲဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံအတွက်ပဲဖြစ်ဖြစ် အရေးကြီးပါတယ်။ သူများထက် ခေါင်းတစ်လုံးပိုမြင့်တဲ့သူတိုင်းသာ ကိုယ့်မျိုးဆက်အတွက် စဉ်းစားတတ်စမြဲပါ။ ကနေ့ ကိုယ့်လုပ်ရပ်ဟာ နောင်မျိုးဆက်အပေါ် အဆိုးအကောင်း ဘယ်လိုရှိမယ်ဆိုတာ ကြိုတွေးတောတတ်စမြဲပါ။ ဒါကြောင့် လည်း စီမံခန့်ခွဲမှု အဆိုအမိန့်တစ်ခုမှာ–

*"ပထမတန်းစားခေါင်းဆောင်တွေဟာ နောင်မျိုးဆက်အတွက် အဆိုးအကောင်းကြိုမြင်နိုင်ပါတယ်။ ဒုတိယတန်းစားခေါင်းဆောင်ကတော့ သူ့ပင်ကိုအရ နောင်မျိုးဆက်အတွက် ကြိုတော့ မမြင်နိုင်စွမ်းဘူးတဲ့။ ဒါပေမဲ့ မြင်သူက ပြောပြတဲ့အခါ*

mgdpa.com

 mgyoe.com 

*မြင်သွားနိုင်ပါသတဲ့။*

*တတိယတန်းစားခေါင်းဆောင်တွေကတော့ နောင်မျိုးဆက်အတွက် ပြောပြလည်း သဘောမပေါက်တတ်ပေမဲ့ သူ့မျိုးဆက်အတွက်တော့ မြင်နိုင်စွမ်းရှိကြပါသတဲ့။*

*စတုတ္ထတန်းခေါင်းဆောင်တွေကတော့ သူ့မျိုးဆက်အတွက်တောင် မမြင်နိုင်စွမ်းဘဲ ကြုံရာကျပန်း ခေါင်းဆောင်တတ်သူများသာဖြစ်တယ်"လို့ ဆိုပါတယ်။*

နောင်လာနောက်သား ကောင်းစားဖို့ရာဆိုတာ ပထမတန်းစားခေါင်းဆောင်တွေရဲ့ အရည်အချင်းကို သခင်တွေ ညွှန်းခဲ့ဟန် တူပါတယ်။ သခင်စိတ်ဓာတ်ဆိုတာ ပထမတန်းစား ခေါင်းဆောင်စိတ်ဓာတ်လို့ ဆိုရမှာပါ။

ခေါင်းဆောင်မှု Leadershipဆိုတာ အများနဲ့ပတ်သက်ရာမှာပဲ စပ်ဆိုင်တယ်လို့ ထင်တတ်ကြပါတယ်။ တကယ်တော့ ခေါင်းဆောင်မှုလို့ ဆိုရာမှာ အများနဲ့တင်မဟုတ်၊ ကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်ရာမှာလည်း ရည်ညွှန်းတတ်ပါတယ်။ သခင်ဘသောင်းက Everybody is the leader of himself(လူတိုင်း ကိုယ့်ကိုယ်ကိုယ် ခေါင်းဆောင်နေကြတာပဲ) လို့ပြောတာမှာ ဒီသဘောအများကြီး ပါပါတယ်။ အဲဒီလို ကိုယ့်ဘဝကိုယ် ခေါင်းဆောင်ရာမှာလည်း ကိုယ့်ရဲ့ပစ္စုပ္ပန်ဘဝလောက်သာမဟုတ်၊ ရှေ့သို့ဝေးနိုင်သမျှ ဝေးဝေးနေတိတိကျကျမြင်နိုင်လေ သူများထက်သာလေပါပဲ။ နောင်ကို ကြည့်တတ်သူဟာ ပစ္စုပ္ပန်ကို စီမံခန့်ခွဲနိုင်ပါတယ်။

သခင်စိတ်ဓာတ်ဟာ အဲဒီ နောင်လာနောက်သားခေတ်အထိ ကြည့်ပြီး အလုပ်လုပ်တဲ့ စိတ်ဓာတ်ပါ။ ငါတို့မခံစားရ နေပါစေ၊ နောင်လာနောက်သားတွေ ခံစားရအောင်ဆိုပြီး အနစ်နာခံကြတာကိုး။ သခင်စိတ်ဓာတ်ဆိုတာ အဲဒီလို မြင့်မြတ်ရပါတယ်။

## စိတ်ဓာတ်၊ အကျင့်နဲ့လူ

ကြုံရာဆုံရာ စကားဝိုင်းလေးမှာ သခင်စိတ်ဓာတ်၊ သခင်အကျင့်အကြောင်း ပြောပြတော့ "ခင်ဗျားကသာပြောတာ၊ ကျုပ်တွေ့ဖူးတဲ့ သခင်ကဖြင့် သိပ်အောက်တန်းကျတာဗျ" ဆိုပြီး သူ့အကြောင်းတွေ ပြောပြနေလိုက်တာ စကားဝိုင်းဖြတ်ယူရတဲ့အထိပါပဲ။

ရှိပေမပေါ့။ ဗုဒ္ဓဘာသာဝင်လို့ ပြောနေပေမဲ့ ဗုဒ္ဓဩဝါဒတွေနဲ့ ညီအောင် မနေတဲ့ လူတွေလည်း အများကြီးရှိနေတာပဲ မဟုတ်လား။ ဒီတော့ လူပုဂ္ဂိုလ်အားဖြင့် ပြောရရင် သခင်ဆိုသူတွေထဲမှာ ကျွန်စိတ်ပေါ်နေတဲ့သူတွေလည်း ရှိနိုင်ပေတာပေါ့။ ဒါ လောကဓမ္မတာပေပဲ။ ဗုဒ္ဓဘာသာဝင်တစ်ယောက် အကျင့်မကောင်းလို့ ဗုဒ္ဓအကျင့်ကတော့

mgyoe.com

com
မကောင်းဘူးလို့ ဘယ်နှယ့်ပြောနိုင်ပါ့မလဲ။

တခြားသခင်တွေမပြောနဲ့ အဲဒီသခင်စိတ်ဓာတ်၊ သခင်အကျင့်တွေကို စခဲ့တဲ့ဆရာကြီးသခင်ဘသောင်းတောင် ရာခိုင်နှုန်းပြည့် အဲဒီစိတ်ဓာတ်တွေ ကျင့်သုံးချင်မှ ကျင့်သုံးနိုင်ပေမပေါ့။ သို့သော် ကျွန်တော်တို့ရဲ့သမိုင်းမှာ ဟောဒီလိုမြင့်မြတ်တဲ့ သခင်စိတ်ဓာတ်တော့ ပေါ်ပေါက်ခဲ့ဖူးပါတယ်။ ဟောဒီလို အောက်တန်းကျတဲ့ ကျွန်စိတ်တွေတော့ ရှိခဲ့ဖူးတယ်။ ဟောဒီလို ယုတ်ညံ့တဲ့ မာစတာစိတ်ဓာတ်တွေလည်း ရှိခဲ့ဖူးတယ်ဆိုတာကို သိကြပြီး ကောင်းတာကိုယူ၊ မကောင်းတာကို ရှောင်ကြရမှာ မဟုတ်လား။ သမိုင်းသင်ခန်းစာဆိုတာ ဒါပဲကိုး။

ဒီတော့ လူပုဂ္ဂိုလ်ဆိုတာတွေကို ဖျောက်ထားပြီး စိတ်ဓာတ်တွေ၊ အကျင့်တွေကိုပဲ မြင်ကြ၊ ပြောကြတာက အကျိုးများမှာပါ။ သမိုင်းက သင်ခန်းစာမယူတတ်ရင် အနာဂတ်ဟာ အနာဂတ်ဖြစ်မလာဘဲ အတိတ်ပဲ ဖြစ်တတ်ပါတယ်။ ကိုယ့်တစ်ဦးချင်းရဲ့ ဘဝမှာလည်း ဖြစ်ပျက်ခဲ့သမျှကို ဒီလိုပဲ သုံးသပ်ကြရပါတယ်။ ပြီးတော့ ရှေ့ဘဝခရီးကို ဆက်ကြရတာပဲ မဟုတ်လား။

ဒါကြောင့် စိတ်ဓာတ်ရေးရာ မဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့အတိုင်း ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကို စိတ်ဓာတ်ရေးရာရှုထောင့်က ကြည့်ရှုပြီး ကျွန်တော်တို့ တွေ့လိုက်မိတဲ့ အတိုင်း ဖော်ထုတ်ပြလိုက်တာပါပဲ။ သခင်အကျင့်၊ သခင်စိတ်ဓာတ်တွေ ရှိမထားရင် တိုင်းတစ်ပါး လူမျိုးခြားတွေ ဝင်လာတဲ့အခါ ကျွန်ဖြစ်လွယ်သွားတာကလည်း သမိုင်းမှာ အထင်အရှား မဟုတ်လား။ မြန်မာတွေကို သခင်စိတ်ဓာတ်နဲ့ လူတွေအဖြစ်ပဲ သိစေချင်ပါတယ်။ ကျွန်ထူးကျွန်ချွန်တွေအဖြစ် မသိစေချင်ပါဘူးခင်ဗျား။

သင့်ဘဝ၊ မတ်လ၊ ၁၉၉၅

ကိုးကားစာအုပ်

၁။ တို့ဗမာအစည်းအရုံး သမိုင်းပြုစုရေးအဖွဲ့ တို့ဗမာအစည်းအရုံးသမိုင်း ပထမတွဲနှင့် ဒုတိယတွဲ၊ စာပေဗိမာန်ထုတ်။
၂။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်ဋီကာ၊ စာပေလောကထုတ်
၃။ လူထုဒေါ်အမာ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း
၄။ ဆရာတင်ထွန်းအောင် (မြန်မာ့အလင်း)၊ မြန်မာနိုင်ငံရေးနှင့် ဆရာကြီးသခင် ဘသောင်း။
၅။ ဦးဘခိုင် (ဖေဗီယန်)၊ မြန်မာနိုင်ငံရေးရာဇဝင်
၆။ မိုးနတ်သျှင်၊ ဗမာ့စိတ်ထား။

❑

mgyoe.com

mgyoe.com

# ဗမာစာသည် တို့စာ

မြန်မာနိုင်ငံလွတ်လပ်ရေးသမိုင်းတွင် 'တို့ဗမာအစည်းအရုံး' သည် သော့ချက်ကျသော အလှည့်အပြောင်း အခန်းကဏ္ဍက ပါဝင်ခဲ့ကြောင်း လူတိုင်းသိကြပြီး ဖြစ်ပါလိမ့်မည်။ တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံများကိုလည်း လူတိုင်းကြားဖူးပြီး ဖြစ်ပါလိမ့်မည်။ တို့ဗမာအစည်းအရုံးက ထုတ်ဝေသော တို့ဗမာစာတမ်း၊ နိုင်ငံပြုစာစုအမှတ် ၁ ၏ မျက်နှာဖုံးတွင် ထိုကြွေးကြော်သံများကို ပုံနှိပ်ခဲ့ပါသည်။

ဗမာပြည်သည် – တို့ပြည်
ဗမာစာသည် – တို့စာ
ဗမာစကားသည် – တို့စကား
ဗမာပြည်ကို – ချစ်ပါ
ဗမာစာကို – ချီးမြှင့်ပါ
ဗမာစကားကို – လေးစားပါ

ထိုစဉ်က ကျွန်တော်တို့နိုင်ငံသည် အင်္ဂလိပ်လက်အောက် ရောက်နေရလေရာ နေမဝင်အင်ပါယာကိုလည်းကောင်း၊ အင်္ဂလိပ်စာကိုလည်းကောင်း၊ အင်္ဂလိပ်စကားနှင့် အင်္ဂလိပ်ယဉ်ကျေးမှုကိုလည်းကောင်း အထင်ကြီးနေကြသောကြောင့် မြန်မာများ အဘက် ဘက်မှ မျိုးချစ်စိတ် ထက်သန်ပြီး လွတ်လပ်ရေးတိုက်ပွဲဝင်ရန် လှုံ့ဆော်လိုသော ရည်ရွယ်ချက် ဖြင့် ထိုကြွေးကြော်သံများကို ကြွေးကြော်ခဲ့သည်ဟု ကျွန်တော်ယူဆခဲ့ပါသည်။ အလယ်တန်းကျောင်းသားဘဝ သမိုင်းသင်ခဲ့ရစဉ်ကလည်း ဆရာက ထိုသို့ပင် ရှင်းခဲ့သည်

mgyoe.com

mgyo.com

ဟု ကျွန်တော် မှတ်သားမိပါသည်။

သို့သော် နိုင်ငံပြုစာစုအမှတ် ၂၊ နိုးကြားရေးစာတမ်း ၈ စောင်ကို ဖတ်ရသောအခါ တွင်မှ ကျွန်တော့်အယူအဆ၊ ကျွန်တော့်အမှတ်အသားမှာ မပြည့်စုံကြောင်း သိရပါတော့ သည်။ တို့ဗမာအစည်းအရုံး၏ မြော်မြင်မှုမှာ လွတ်လပ်ရေးအတွက်မျှ မဟုတ်ကြောင်း နားလည်ရပါတော့သည်။

စာဖတ်သူများ ထင်ရှားစေသောငှာ ဦးဘခိုင် (ဖေဘီယန်) ၏ မြန်မာပြည်နိုင်ငံရေး ရာဇဝင်စာအုပ်တွင် ဖော်ပြခဲ့သည့်အတိုင်း နိုးကြားရေးစာတမ်း ၈ စောင်အနက်မှ အမှတ် ၂ 'တို့ပြည် တို့မြေနှင့် တို့စာပေ' တွင် ပါဝင်သော စာပိုဒ်အချို့ကို ကောက်နုတ်ဖော်ပြအပ် ပါသည်။ စာလုံးပေါင်းမှာ တို့ဗမာစာတမ်းတွင်ပါသည့်အတိုင်း ဖြစ်ပါသည်။

*"ပညာဟူသည် တိုင်းပြည်ကြီးပွားရေး၏ အခြေခံဖြစ်၏။ ထို့ကြောင့် ပညာ သင်ကြားရေးသည် အရေးကြီး၏။ တိုင်းသူပြည်သားလူအများတို့ ပြန့်ပြောစွာ ပညာတတ်မြောက်နိုင်စေရန် ကိုယ့်မြေ ကိုယ့်ပြေ ကိုယ့်စာ ကိုယ့်ပေဖြင့်သာ ပညာ သင်အပ်၏။ ကိုယ့်စာ ကိုယ့်ပေရှိလျက် မျိုးခြားတိုင်းခြား စာဖြင့်သင်ကြားရန် ကြံစည်ခြင်းကား တိုးတက်မှုနှင့် ဆန့်ကျင်၏။ အမေကျော် ကြီးတော်လွမ်းခြင်း ဖြစ်၏။*

*ဂျပန်တို့သည် ကိုယ့်စာကိုယ့်ပေဖြင့်သာ ပညာသင်ကြား၏။ ထို့ကြောင့် တန် ခိုးကြီး၏။ လူတန်းဝင်၏။ မြန်မာတို့ကား ယနေ့တိုင် ကိုယ့်စာကိုယ့်ပေဖြင့် အဟုတ် အတတ် ပညာမသင်ကြားရသေး။ ထို့ကြောင့် အောက်ကျ၏။ နောက်ကျ၏။ လူတန်းစားမဝင်ဘဲ ရှိ၏။ သူတစ်ပါးတို့၏ အစေအပါးသာ ခံရ၏။ အချို့သော တိုင်းကြီးပြည်ကြီးများက မြန်မာပြည်သည် မြေပုံပင် ဘယ်ဆီနားတွင်ရှိသည်ဟု မသိကြပေ။ သိထိုက်ဖွယ်အကြောင်းလည်း မရှိ။ သို့ရာတွင် ဂျပန်တို့အကြောင်း ကိုကား ကမ္ဘာအရပ်ရပ်က သိကြ၏။ အဘယ့်ကြောင့်နည်း။ လူတန်းစားဝင်၍တည်း။ တရုတ်တို့လည်း ကိုယ့်စာကိုယ့်ပေဖြင့်သာ အတတ်ပညာကို သင်ကြားကြ၏။ ထို့ကြောင့် ပညာတတ်ပေါ၏။ အောက်ကျနောက်ကျဘဝမှ လွတ်တန်းဝင်ခဲ့ကြ၏။*

*လွန်ခဲ့သော အနှစ်နှစ်ဆယ်ကပင် တိုင်းကြီးနိုင်ငံတို့က တရုတ်တို့ကို လူဟူ၍ မထင်ခဲ့ကြသေး။ ထို့ကြောင့် တရုတ်ပြည်ကို ဘုံပစ္စည်းကဲ့သို့လည်းကောင်း၊ စတု ဒိသာ လေးမျက်နှာမှ လာသမျှ ဝင်လိုတိုင်းဝင်၊ ထွက်လိုတိုင်းထွက်နိုင်သော သာလာယံဇရပ်ကြီးကဲ့သို့လည်းကောင်း အောက်မေ့၍ မိမိတို့ မိမွေဘမွေကို စေသကဲ့သို့ ပြင်သစ်က မည်သည့်အပိုင်းကိုယူမည်၊ ရုရှားက မည်သည့်အပိုင်းကို*

mgyo.com

 mgyoe.com 

*ယူမည် စသည်ဖြင့် မသေမီကပင် အမွေဝေလျက် ရှိကြ၏။ စင်စစ်သော်ကား ထိုစဉ်အခါက တရုတ်ပြည်ကို တစ်စုံတစ်ခုသောတိုင်းနိုင်ငံက လက်နက်အင်အားဖြင့် အနိုင်အထက် သိမ်းပိုက်ယူငင်ခြင်း မပြုခဲ့သည်မှာ တရုတ်ကိုကြောက်၍ မဟုတ်၊ ယူချင်သူများသဖြင့် အဝေမတည့် အချင်းချင်း ကြောက်ကြသောကြောင့်သာ ဖြစ်၏။ သို့သော် ယခုအခါ တရုတ်တို့သည် အောက်ကျနောက်ကျ ဘဝကိုလွန်လူတန်းဝင်ခဲ့ကြလေပြီ။ ပညာဆည်းပူးခဲ့၍ ကိုယ့်တိုင်းပြည်၌ ပညာတတ် ပေါ်များစိမ့်သောငှာ ကိုယ့်စာကိုယ့်ပေဖြင့် ပစ္စက္ခခေတ်ပွေ အတတ်ပညာ အသီးသီးတို့ကို သင်ကြားနိုင်ရန် ပညာရေးဌာနမှ ကိုယ်ဖိရင်ဖိ လုပ်ဆောင်လျက်ရှိချေပြီ။*

*ယခုအခါ ဘာသာပြန်ရာတွင် ဝေါဟာရအသုံးအနှုန်း တညီတညွတ်တည်း ရှိစေရန် ပညာရှိကြီး ၁၂၂ ဦးတို့ကို သင်းဖွဲ့ဆုံစည်းလျက် ရှိချေပြီ။ ကိုယ့်စာကိုယ့်ပေဖြင့် သိုးဆောင်းပညာရပ်များကို ဂျပန်တို့က စသင်ကြားခဲ့သည်မှာ အနှစ် ၅၀ ခန့်သာ ရှိသေး၏။ ဤမျှသောကာလအတွင်း လူမွေးလူတောင် ပေါက်အောင် တတ်နိုင်ခဲ့ကြ၏။ အထက်မြန်မာပြည်ကို ကုလားမင်း ကြီးစိုးသည်မှာ ၄၄ နှစ်ရှိပြီ ဖြစ်၍ အနှစ် ၅၀ ပင် ဆိုနိုင်ပြီ။ သို့ရာတွင် မြန်မာတို့သည် ဂျပန်တို့၏ခြေဖျားကိုပင် မမီသေး။*

*ကိုယ့်စာကိုယ့်ပေဖြင့် အတတ်ပညာကို မသင်ကြားရဘဲ ယခုကဲ့သို့ တိုးတက်မှုကို ကျော်ခိုင်းခရီး သွားလျက်နေပါမူ နောင်ပွင့်လတ္တံ့သော အရိမေတ္တယျဘုရားရှေ့လက်ထက်တော်တိုင်အောင် ထင်းခွေ၊ ရေခပ်ဘဝမှ တက်ကြရလိမ့်မည်မဟုတ်။ စင်စစ်သော်ကား ထိုမျှလောက် ကာလမရှည်မီကပင် မြန်မာတို့ အမျိုးပြုတ်ခဲ့လေရာ၏။ ဥပမာ ဩစတြေးလျကျွန်းတွင် လူဖြူမျိုးတို့ ဝင်လာသဖြင့် တိုင်းရင်းသားဓာတိလူတို့ အမျိုးပြုတ်ခဲ့ရသကဲ့သို့တည်း "*

ဆက်လက် ထိုစာတမ်းတွင်ပင် ကိုယ့်စာကိုယ့်ပေဖြင့် ပစ္စက္ခခေတ်ပေါ်တွင် အတတ်ပညာအသီးသီးတို့ကို သင်ကြားနိုင်ရန် ဘာသာပြန်ရေးကို အားပေးဖို့၊ ဇောက်ချလုပ်ကိုင် ဖို့ ဆော်သြခဲ့ပါသေး၏။ ဤသို့ ဆော်သြရာတွင် ဘာသာပြန်ရာ၌ မြန်မာစကားအသုံးအနှုန်း ဝေါဟာရ ရှားပါးမှုပြဿနာနှင့် ဟွေ့ကြုံနိုင်ကြောင်းကိုလည်း တို့ဗမာအစည်းအရုံးက ကောင်းကောင်းသဘောပေါက်ခဲ့ပါသေး၏။ ထိုပြဿနာနှင့်စပ်လျဉ်း၍ တို့ဗမာအစည်းအရုံး၏ သဘောထားကို အောက်ပါအတိုင်း တွေ့ရပါသည်။

"... မြန်မာစာတွင် စကားအသုံးအနှုန်းဝေါဟာရများ ရှားပါးကြောင်းကို ဖွဲ့နွဲ့ငိုကြွေးသံကိုသာ ကြားရခြင်းမှာလည်း ငါတို့ကိုပင်ဖိ၍ ထောင်းဖို့ကောင်းလေတော့

mgyoe.com

သည်။ သို့ရာတွင် ဂျပန်တို့သည် ထိုသို့မငိုကြွေး၊ ပြုဖွယ်ရှိသည်ကိုသာ ပြုကုန်ကြကုန်၏”

“... ငါတို့သည် မငိုကြွေးကြကုန်လင့်၊ မပူဆွေးကြကုန်လင့်။ ငါတို့၏ အသက်နှင့်ကိုယ် မြဲသမျှကာလပတ်လုံး ငါတို့ပြေ၊ ငါတို့မြေ၊ ငါတို့စာ၊ ငါတို့ပေဖြင့်သာ ပညာအရပ်ရပ် အတတ်အမျိုးမျိုးတို့ကို သင်ကြား၍ ကမ္ဘာပေါ်ရှိ ပထမတန်း ‘တစ်’ ဂဏန်း လူမျိုးများနှင့် ရင်ဘောင်တန်း တတ်နိုင်အောင်ကြိုးစားကြကုန်အံ့”

(မူရင်းသတ်ပုံအတိုင်း)

ရှင်းပါပြီ။

ဗမာစာသည် တို့စာဟု ဟစ်ကြွေးခဲ့သော တို့ဗမာအစည်းအရုံးကြီး၏ ကြွေးကြော်သံသည် လွတ်လပ်ရေးအတွက် မျိုးချစ်စိတ်လှုံ့ဆော်ရန်မျှသာ မဟုတ်။ ခေတ်မီနိုင်ငံ တစ်နိုင်ငံ ဖြစ်ရေးသို့လည်း ရည်မှန်းခဲ့ကြောင်း ထင်ရှားပါသည်။ ယနေ့ ဝေါဟာရနှင့်ပြောရလျှင် ဖွံ့ဖြိုးဆဲနိုင်ငံမျှနှင့် ရောင့်ရဲမကျေနပ်၊ ဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံဖြစ်ရေးကိုလည်း မျှော်မှန်းခဲ့ခြင်းဖြစ်ပါသည်။ တတိယကမ္ဘာထဲမှ ထွက်နိုင်ဖို့ ကျွန်တော်တို့လုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ကို ညွှန်ပြခဲ့ခြင်းလည်း မည်ပါသည်။

မျက်မှောက်ခေတ်သည် အတတ်ပညာခေတ် ဖြစ်ပါ၏။ ခေတ်မီအတတ်ပညာများ ပိုင်ဆိုင်နိုင်ရေးသည် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးပါ၏။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို လေ့လာကြသော စီးပွားရေးပညာရှင်များက မရှိ၍ ဆင်းရဲခြင်း မဟုတ်။ လူများ ပညာနုံနဲ့သဖြင့် ဆင်းရဲခြင်းသာဖြစ်သည်ဟု ထောက်ပြကြပါသည်။ ထိုအတတ်ပညာကို ဖွံ့ဖြိုးဆဲနိုင်ငံများ မည်သို့ရရှိနိုင်ပါသနည်း။ စီးပွားရေးပညာရှင်များက နည်းနာအမျိုးမျိုးကို လမ်းညွှန်ကြပါသည်။ ထိုနည်းနာများအနက် ‘ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ပညာရေး’ သည် အရေးကြီးသော အတတ်ပညာရရှိရေး နည်းနာတစ်ရပ်အဖြစ် ပါဝင်ကြောင်း သဘောတူညီကြပါသည်။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ခေတ်မီအတတ်ပညာတို့ကြားတွင် ဘာသာစကား ကြားခံနယ်တစ်ခု ရှိနေပါသည်။ ထိုကြားခံနယ်ကို ချုံ့ပစ်ဖို့ လိုအပ်ပါသည်။ မည်သို့ မည်ပုံ ချုံ့ရမည်ကိုလည်း တို့ဗမာအစည်းအရုံးက ထောက်ပြခဲ့ပြီး ဖြစ်ပါသည်။ လေးစားအံ့သြဖွယ်ပင်ဖြစ်ပါသည်။ တို့ဗမာစာတမ်းသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က ထုတ်ဝေခဲ့သော စာတမ်းဖြစ်ပါသည်။ တစ်နည်း ထိုစာတမ်းသည် တို့ဗမာအစည်းအရုံး၏ ပညာရေးပေါ်လစီ ဟုဆိုသော် ဆိုနိုင်ကောင်းပါသည်။

တို့ဗမာအစည်းအရုံး၏ ပညာရေးအမြင်ကို စာဖတ်သူ မည်သို့သဘောရပါသနည်း

mgyoe.com

mgyoe.com

မေးချင်ပါသည်။ မေးစရာရှိပါသည်။ နှစ်ပေါင်း ၆၀ နီးပါး ကြာခဲ့ပြီဖြစ်၍ ဟောင်းနွမ်းပြီဟု ဆိုမည်လော။ တို့ဗမာစာတမ်းကို လုံးချေ၍ သမိုင်းအမှိုက်ပုံထဲသို့ လွှင့်ပစ်လိုက်တော့မည်လော။ တို့ဗမာအစည်းအရုံးက ထောက်ပြခဲ့သော သမိုင်းတာဝန်သည် ပြီးဆုံးသွားပြီလော။ ပညာရှင်များ ဆင်ခြင်ကြပါကုန်။ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များ ဆင်ခြင်ကြပါကုန်။

❑

mgyoe.com

mgyoe.com

## ကျွန်ပညာရေးနှင့် သခင်ပညာရေး

တက္ကသိုလ်ကျောင်းသားတစ်ယောက်ကို မေးကြည့်တယ်။

"ဘာလို့ ပညာသင်နေသလဲ" လို့။

အဝေးကို တစ်ချက်ငေးကြည့်လိုက်ပြီး အဲဒီကျောင်းသားက ဖြေပါတယ်။

"ဘွဲ့ရအောင်လို့" တဲ့။

ဒါနဲ့ နောက်တစ်ယောက်ကိုလည်း ဒီမေးခွန်းမေးကြည့်တော့ "ပညာတတ်ဖြစ်ဖို့" တဲ့။

"ပညာတတ်ဆိုတာ ဘာလဲ" လို့ မေးကြည့်လိုက်တော့–

"ပညာတတ်ဆိုတာ ပညာတတ်ပေါ့ ဦးရဲ့" တဲ့။

အထက်တန်းကျောင်းသားတစ်ယောက်ကို မေးကြည့်တော့–

"လောလောဆယ်ကြိုးစားနေတာ ဆယ်တန်းအောင်ဖို့" တဲ့။ ပြီးရင် တက္ကသိုလ်တက်မယ်တဲ့။ ပြီးရင် နိုင်ငံခြားသွားမယ်တဲ့။

မိဘတစ်ယောက်ကို ဘာဖြစ်လို့ ကိုယ့်သားသမီးကို ပညာသင်ပေးနေရတာလဲလို့ မေးကြည့်တော့–

"ပညာတတ်မှ လူရာဝင်တော့မပေါ့" တဲ့။ နောက်မိဘတစ်ယောက်ကို မေးကြည့်တော့ မေးဖို့မလိုအပ်တဲ့မေးခွန်းကို မေးမိသည့်အလား ကျွန်တော့်ကို ပြန်ကြည့်ပြီး ရယ်ကာ မောကာနဲ့ ထွက်သွားပါလေရော။

"ဟုတ်တာပေါ့။ ဘယ်သူက ဘာကြောင့် ပညာသင်သလဲလို့ စဉ်းစားနေမလဲ။

mgyoe.com

mgyoe.com

လက်လုပ်လက်စား ဈေးသည်တစ်ယောက်ဖြေတဲ့ အဖြေလိုပေါ့။

"ဘာလို့ ကျောင်းထားရမလဲ ဟုတ်လား။ စာသင်ရမယ့်အရွယ်မို့ ကျောင်းထားတာပေါ့တော်" တဲ့။

ကျောင်းဆရာတစ်ယောက်ကို ဘာလို့စာသင်ပေးနေလဲလို့ မေးတော့ 'လိမ္မာဖို့' တဲ့။

ဒီတစ်လအတွင်း စနေနေ့မှပြန်ပြန်လာတတ်တဲ့ အလယ်တန်းပြ ဆရာမတစ်ဦးကိုလည်း အဲဒီမေးခွန်းကိုမေးတော့ 'နိုင်ငံသားကောင်းတွေ ဖြစ်လာဖို့' တဲ့လေ။ ဆရာတစ်ယောက်ကတော့ 'ပညာရှင်တွေ မွေးထုတ်ပေးနေတာ' တဲ့။

ဟုတ်တာပေါ့။ လူအမျိုးမျိုး အကြောင်းအမျိုးမျိုး ရှိပေတော့မပေါ့။

ဒါပေမဲ့ ပညာသင်ကြားပေးတဲ့ ရည်ရွယ်ချက်နဲ့ ပတ်သက်လို့ကတော့ ပညာရေးသီအိုရီမှာ အခြေခံအားဖြင့် နှစ်ခုပဲရှိပါတယ်။ တစ်ခုကိုတော့ **'ကျွန်ပညာရေးသီအိုရီ'** လို့ခေါ်ပြီး ကျန်တစ်ခုကိုတော့ **'သခင်ပညာရေးသီအိုရီ'** လို့ ကျွန်တော်က ခေါ်ချင်ပါတယ်။ ကျွန်ပညာရေးဆိုတဲ့ စကားလုံးလေးကိုတော့ ကျွန်တော်တို့တစ်တွေ တော်တော်လေး ယဉ်ပါးခဲ့ကြပြီးတာမို့ အထူးအဆန်းဖြစ်ကောင်းမှ ဖြစ်မှာပါ။ သခင်ပညာရေးဆိုတဲ့ စကားလုံးလေးကိုတော့ အထူးအဆန်း ဖြစ်ကောင်းဖြစ်နေကြပါလိမ့်မယ်။

ယေဘုယျပြောရရင် ကျွန်ပညာရေး ဆိုလိုက်တာနဲ့ ဗြိတိသျှလက်အောက်က မြန်မာနိုင်ငံရဲ့ပညာရေးစနစ်လို့ နားလည်ကြပါတယ်။ မှန်လည်း မှန်ပါတယ်။ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အစိုးရက အတည်ပြုပေးတဲ့အခါမှာ ကျောင်းသားတွေက ဒီအက်ဥပဒေကို သပိတ်မှောက်ခဲ့ကြပါတယ်။ သူတို့ရဲ့ အောင်မြေသပိတ်စခန်းကတော့ ရွှေတိဂုံဘုရား မြောက်ဘက်တန်ဆောင်းရှေ့မှာ။ အဲဒီအချိန်အခါက မြန်မာနိုင်ငံကို ရောက်ရှိနေတဲ့ ဗြိတိသျှပါလီမန် လေဘာပါတီအမတ် ဗိုလ်မှူးကြီးဝက်ဂျဝုဒ်က သပိတ်မှောက်ကျောင်းသားတွေကို ပညာရေးဝါဒနဲ့ အခြေခံသဘောတရားတွေကို ရှင်းလင်းဟောပြောခဲ့ဖူးပါတယ်။ ခုနှစ်က ၁၉၂၀ ပြည့်နှစ်၊ နေ့ရက်က ဒီဇင်ဘာ ၁၂ ရက်နေ့ မနက်ပိုင်းမှာပါ။

အဲဒီဗိုလ်မှူးကြီးက "မြန်မာပြည်မှာ သင်ကြားရေးနည်းစနစ် နှစ်မျိုးနှစ်စားရှိပြီးတော့ တစ်မျိုးက ကျွန်ဖြစ်စေတဲ့ပညာနဲ့ နောက်တစ်မျိုးက သခင်ဖြစ်စေတဲ့ပညာဖြစ်တယ်" လို့ ပြောကြားသွားခဲ့ဖူးတာကိုး။

mgyoe.com

mgyee.com

**ကျွန်ပညာရေး**

တော်လှန်ရေးကောင်စီလက်ထက် ပညာရေးဝန်ကြီးဌာနမှာ အထူးအရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာကြီးဦးသံဗျင် ရေးခဲ့သလိုပြောရရင် မြန်မာနိုင်ငံပညာရေးက ပုဂံခေတ်က စခဲ့တယ်လို့ ပြောရမှာပါ။ အဲဒီခေတ်ပညာရေးက ဗုဒ္ဓဘာသာနဲ့ ပတ်သက်နေပါတယ်။ ဘာသာရေးစာပေကို သင်ကြားရေးနဲ့ပတ်သက်နေပါတယ်။ အဲဒီလို ပုဂံခေတ်က စခဲ့တဲ့ မြန်မာပညာရေးဟာ ဗြိတိသျှလက်အောက် ရောက်ပြီးတဲ့အထိ ဘုန်းကြီးကျောင်းတွေကို အခြေခံခဲ့တာပါ။ သင်ကြားပို့ချသူတွေကလည်း ဘုန်းတော်ကြီးတွေဖြစ်ကြပါတယ်။ သင်ခဲ့တဲ့ အကြောင်းအရာတွေကတော့ မင်္ဂလသုတ်နဲ့ လောကနီတိကို အခြေခံခဲ့ကြတာပါပဲ၊

ဒါကြောင့် မြန်မာပညာရေးလက္ခဏာနဲ့ ပတ်သက်ပြီး မစ္စတာဖာနီဗယ်က ရေးတော့ မြန်မာပညာရေးရဲ့ မူလရည်ရွယ်ချက်က "ကလေးတွေကို ဘဝမှာဘယ်လိုနေမလဲ How to live" သင်ပေးတာပါတဲ့။ "ဘယ်လို အသက်မွေးမလဲ How to make living" သင်ပေးတာ မဟုတ်ဘူးတဲ့။

ယေဘုယျပြောရရင် မြန်မာ့ပညာရေးစနစ်ဟာ ခေတ်သစ်လောကဓာတ်ပညာနဲ့ မနီးစပ်ခဲ့ဘူးလို့ ပြောကြပါစို့။ ၁၈၆၆ ခုနှစ်ရောက်မှ အောက်မြန်မာနိုင်ငံရဲ့ မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ရာက မြန်မာ့ပညာရေး ရည်မှန်းချက်နဲ့ ပတ်သက်တဲ့ အစီရင်ခံစာတစ်စောင်ကို တင်ခဲ့တာပါ။ ၁၈၆၇ ခုနှစ်ရောက်တော့ ပညာရေးဌာနကို စဖွင့်ပါတယ်။ ဆာအာသာဖယ်ရာက မြန်မာနိုင်ငံမှာ ဘုန်းကြီးကျောင်းပညာရေးကို အခြေခံတဲ့ ပညာရေးမျိုးကို ရည်မှန်းခဲ့ပေမဲ့ ပညာရေးဌာနကို ကိုင်တွယ်တဲ့လူ အပြောင်းအလဲကြောင့် သူ ရည်မှန်းခဲ့တဲ့အတိုင်း ဖြစ်မြောက်မလာခဲ့ပါဘူး။

အဲဒီလို ပညာရေးဌာနကို စဖွင့်ပြီးတာနဲ့ အစိုးရက ကမကထပြုပြီး ကျောင်းတွေကို ဖွင့်လှစ်လာတယ် ဆိုပါတော့။ အစိုးရဟာ ဘာရည်ရွယ်ချက်တွေနဲ့ ကျောင်းတွေကို ဖွင့်လှစ်ခဲ့ပါသလဲ။

ပညာရေးမှာ ပညာသင်ကြားခြင်းထက်မကတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေကို ထည့်သွင်းစဉ်းစားသင့်သလားဆိုတဲ့ အယူအဆတွေကိုမူတည်လို့ ပညာရေးသိဝရီတွေမှာ အယူအဆနှစ်ရပ် ကွဲပြားခဲ့ကြပါတယ်။

ဗြိတိသျှအစိုးရကတော့ ပညာရေးမှာ ပညာသင်ကြားခြင်းနဲ့ မဆိုင်တဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေကို ပညာရေးစနစ် ချမှတ်ရာမှာ ထည့်သွင်းလာခဲ့ပါတယ်။ တစ်နည်းပြောရရင် ပညာသင်ကြားခြင်းဟာ အခြားသောရည်မှန်းချက်တွေ၊ လိုလားချက်တွေရဲ့

mgyee.com

mgyoe.com

လက်အောက်ခံ ဖြစ်လာပါတယ်။

၁၇၉၃ ခုနှစ်၊ အိန္ဒိယမှာ ခေတ်သစ်ပညာရေးကို Willberforceက စတင်ဆောင်ရွက်တော့ ရည်မှန်းချက်က 'လူတွေရဲ့စိတ်ထဲမှာ ရှိတာတွေကို ပြောင်းပစ်ဖို့' ပါပဲတဲ့။ လူတွေကို ဗြိတိသျှအစိုးရက ဘာလို့ပညာသင်ပေးခဲ့သလဲဆိုတော့ 'လူတွေရဲ့ အစွဲအလမ်းတွေ ကျွတ်ဖို့ရယ်၊ ဗြိတိသျှအုပ်ချုပ်ရေးနဲ့ လူတွေ ပိုနီးစပ်လာအောင်' ရယ်လို့ ဖြစ်လာပါတယ်။ ဘာကြောင့် အစွဲအလမ်းတွေ ကျွတ်စေချင်သလဲဆိုတော့ လူထုမှာရှိနေတဲ့ အဲဒီ မသိ နားမလည်တဲ့ အစွဲအလမ်းတွေဟာ တချို့စီမံခန့်ခွဲရာမှာ ကြုံရတဲ့ အခက်အခဲပေါင်းစုံရဲ့ ပြဿနာအရင်းအမြစ်ဖြစ်သလို နိုင်ငံရေးအရလည်း အန္တရာယ်ကြီးလာနိုင်တဲ့ ပင်မအရင်းအမြစ် ဖြစ်လို့ပါပဲတဲ့။

အစိုးရအဖွဲ့ တည်ငြိမ်ရေးအတွက် လူထုရဲ့ အသိပညာခေါင်းပါးမှုကို ကိုင်တွယ်တာထက် ပိုအလေးထားဆောင်ရွက်သင့်တာ မရှိတော့ဘူးလို့ အဲဒီခေတ်က ရေးခဲ့တဲ့ အစီအရင်ခံစာတစ်စောင်မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီလိုနဲ့ အစိုးရဟာ ပညာရေးကို အုပ်ချုပ်ရေးဆိုင်ရာ (ဝါ) နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်အောက် လုံးဝသွင်းလိုက်ပါတယ်။

ကျောင်းတွေမှာ ဘာလုပ်လာသလဲ

ဗြိတိသျှအစိုးရဟာ သူ့ကိုလိုနီတွေမှာ သပိတ်မှောက် ဆန္ဒပြခံရတာအစ လက်နက်နဲ့ တော်လှန်ပုန်ကန်ကြတာအဆုံး အတွေ့အကြုံတွေ အမျိုးမျိုးရခဲ့တော့ သူ့အုပ်ချုပ်ရေးအောက်မှာ နိုင်ငံရေးတည်ငြိမ်မှုရအောင် ဘယ်လိုလုပ်ရမလဲလို့ စဉ်းစားလာပါတယ်။

အဖြေကတော့ လက်နက်နိုင်ငံတော် အတွေးအခေါ် ရှင်သန်တိုးပွားရေးလုပ်ဖို့ အမြဲတမ်းကော်မတီတစ်ရပ် ဖွဲ့စည်းလိုက်တာပါပဲ။ ကော်မတီရဲ့ ပထမဦးဆုံးဥက္ကဋ္ဌက စစ်ကိုင်းတိုင်းမင်းကြီး မစ္စတာဘီအက်စ်ကာရီပါ။ မြန်မာနိုင်ငံ အမျိုးသားရေးသမိုင်းစာအုပ်ပြုစုတဲ့ ဦးဧကျော်က "ဗြိတိသျှတို့ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေထဲမှာ လက်နက်နိုင်ငံတော်ကြီး အတွေးအခေါ် ခေါင်းပါးသဖြင့် လက်အောက်ခံတိုင်းရင်းသားတို့ တော်လှန်ပုန်ကန်မှုကြောင့် တွေ့ကြုံခဲ့ရသော အခက်အခဲများ ပါဝင်သည်" လို့ ရေးခဲ့ပါတယ်။

အဲသည့် လက်နက်နိုင်ငံတော် အတွေးအခေါ်ကတော့ တခြားမဟုတ်ပါဘူး။ အုပ်စိုးသူလူတန်းစား (ဘုရင်ဧကရာဇ်နဲ့ နယ်ချဲ့ဝါဒီအစိုးရ) ကို ကြည်ညိုလေးစားရေးနဲ့ လက်နက်နိုင်ငံတော်ကြီး ဩဇာတိက္ကမ ကြီးမားလာရေးအတွက် ဆောင်ရွက်တာပါပဲ။

ဦးဧကျော်ကို ကိုးကားပြောရရင်တော့ "လက်နက်နိုင်ငံတော်ကြီး၏ တိုးတက်မှု၊ ခိုင်မာတည်မြဲမှု အပေါ်တွင်သာ နိုင်ငံသားများ၏ တိုးတက်မှု တည်ရှိသည်ဟု နားလည်

mgyoe.com

mgyoe.com
သဘောပေါက်စေရန် ဖြစ်သည်”ဆိုတဲ့ ဒဿနပါပဲ။ နိုင်ငံသားတွေရဲ့ ဘဝတိုးတက်ဖို့ဆိုတာဟာ ပင်မ ပထမ မဟုတ်ဘဲ လက်နက်နိုင်ငံတော်ကြီး တိုးတက်မှုဆိုတာက ပင်မ ပထမဖြစ်ပါတယ်။ အဲဒီလက်နက်နိုင်ငံတော် အတွေးအခေါ်ကို ဖြန့်ဖြူးပေးတဲ့ ကော်မတီရဲ့တာဝန်ဆယ်ချက်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီဆယ်ချက်အနက် နံပါတ် ၃ ကတော့ ဝါဒဖြန့်ဖြူးရေးတွင် မည်သည့်ကျောင်းတွင် အခက်အခဲရှိသည်ကို လေ့လာရန်ဆိုတဲ့ တာဝန်ပါပဲ။

အဲဒီကော်မတီရဲ့ တင်ပြချက်အရ ကျောင်းတွေမှာ ဘုရင်မင်းမြတ်ကို မစတော်မူရန်ဆုတောင်းပတ္ထနာဆိုတဲ့ သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် ဆိုကြရပါတော့တယ်။ အဲဒီသီချင်းရဲ့ စာသားတွေထဲမှာ “အောင်ပွဲရှင်ရှင်ခံလျက်၊ ဘုန်းတော်သမ္ဘာတိုးတက်၊ စိုးစံပါစေဆက်ဆက်”လို့ ဆုတောင်းကြရတာကိုး။ ‘ဆုထူးဆုမြတ်များ၊ ကျေးဇူးရှင်အားသနား၊ နန်းသက်ရှည်သား’ တဲ့လေ။ အာဏာလောဘကို ကျောင်းတွေအထိ သွတ်သွင်းလာခဲ့တဲ့ လက်ရာတွေပေါ့။

အဲဒီလို ဆောင်ရွက်ဖွယ်ရာတွေကို ဆောင်ရွက်ဖြစ်အောင် သေချာစေဖို့ လူခန့်ထားတဲ့အခါမှာလည်း အမြဲတမ်းကော်မတီဟာ စနစ်တကျဆောင်ရွက်လာခဲ့ပါတယ်။ ကျောင်းအုပ်ကြီးတွေဟာ လက်နက်နိုင်ငံတော် အတွေးအခေါ်ကို သဘောပေါက်တဲ့ ဗြိတိသျှကျောင်းထွက်၊ ဒါမှမဟုတ် ဗြိတိသျှနိုင်ငံသားတွေသာ ဖြစ်ရမယ်လို့ သတ်မှတ်လာပါတယ်။ ဒါကို ဝိုင်အမ်ဘီအေရဲ့ ပဋ္ဌမအကြိမ်မြောက် အစည်းအဝေးကြီးက ကန့်ကွက်ခဲ့တာဟောဒီလို တွေ့ရပါတယ်။

“အစိုးရအထောက်အပံ့ခံသည့် မည်သည့်အင်္ဂလိပ်၊ မြန်မာ ဟိုက်စကူးကျောင်းတွေမဆို ဗြိတိသျှတိုင်းရင်းသားများကိုသာ ကျောင်းအုပ်အဖြစ်ဖြင့်ဖြစ်စေ၊ ကျောင်းဆရာကြီးအဖြစ်ဖြင့်ဖြစ်စေ ခန့်ထားရန် ပြဋ္ဌာန်းသောအချက်သည် ဗုဒ္ဓဘာသာ ဟိုက်စကူးကျောင်းများအတွက် များစွာမသင့်လျော်သောအချက်ဖြစ်ကြောင်း”

ပညာရေးဟာ ပညာရေးအတွက် မဟုတ်တော့ဘဲ အုပ်ချုပ်မင်းလုပ်ရေးအတွက်ဖြစ်လာတဲ့အခါ ကျောင်းတွေကို ပညာရေးသမားတွေက ဦးဆောင်ခွင့်မရတော့ပါဘူး။ သူ့လူမျိုး၊ သူ့အုပ်စု၊ သူ့အယူကို သစ္စာခံတဲ့သူတွေကပဲ ဦးဆောင်ဖို့ ပြဋ္ဌာန်းလာခဲ့ကြတာဟာဖြင့် မြန်မာ့ကျွန်ပညာရေးသမိုင်းမှာ အထင်ကရ ငြင်းမရတဲ့သာဓကတစ်ခုပါ။ သူ့ဘက်က ကြည့်တော့လည်း ကျောင်းဆိုတာ လက်နက်နိုင်ငံတော် အတွေးအခေါ် ဖြန့်ချိရေးနေရာပေပဲကိုး။ ကျောင်းသားကို ပညာသင်ပေးဖို့က မူလဘူတ မဟုတ်တော့ဘူးလေ။
mgyoe.com

mgyoe.com

**လက်အုပ်ချီ အရိုအသေပြုခိုင်းခြင်း**

၁၉၀၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့၊ ရန်ကုန်ကောလိပ် အထက်တန်းကျောင်းမှာပါ။ ကျောင်းတွေကို လိုက်စစ်တဲ့ အင်စပက်တော်မင်းက အင္ဂလိပ်မတန်းကျောင်းသူ၊ ကျောင်းသားတွေကို လက်အုပ်ချီ အရိုအသေပေးဖို့၊ ဒါမှမဟုတ် လက်ပိုက်အရိုအသေပေးဖို့ ခိုင်းပါတယ်။ ကျောင်းသားတချို့က လက်အုပ်လည်း မချီကြပါဘူး။ လက်လည်းမပိုက်ကြပါဘူး။ အဲဒီလိုမလုပ်တာကိုပဲ အင်စပက်တော်မင်းက အမိန့်ကို မနာခံလို့ဆိုပြီး ကျောင်းသားတွေကို ကျောင်းထုတ်ပစ်သတဲ့လေ။ ဒီတော့ ကျန်တဲ့ကျောင်းသားတချို့က လည်း ကျောင်းမတက်ကြတော့ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျောင်းတွေမှာ ဆရာကို တပည့်က အရိုအသေပေးပုံပေးနည်းနဲ့ ပတ်သက်လို့ ဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ပါတယ်။ နေရာက ရန်ကုန်မြို့၊ ဆူးလေလမ်းက ဝိတိုရိယခန်းမမှာပါ။ အဲဒီဆွေးနွေးပွဲကို လူ ၄၀၀ လောက်တက်ကြပြီး အဲဒီအထဲမှာ မြန်မာအမျိုးသမီးတွေလည်း ပါတယ်လို့ ဆိုပါတယ်။ အစည်းအဝေးက 'ဦးတော်စိန်ခို' ကို သဘာပတိအဖြစ် တင်မြှောက်ပါတယ်။

တော်စိန်ခိုရေးခဲ့တဲ့အတိုင်း ကိုးကားရရင် "ရှိခိုးတယ်ဆိုတာ မူလဘူတက ယုံကြည်ကိုးကွယ်ခြင်းဆိုင်ရာ ဗုဒ္ဓဘာသာဝင်တွေရဲ့ လက္ခဏာပါ။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုပြီးတော့ ဘုရား တရား သံဃာကို ပူဇော်ကန်တော့ရာမှာ လက်ဝါးနှစ်ဖက်ကို ကြာဖူးသဏ္ဌာန် ပူးယှက်လို့ နဖူးထက်တင် ရှိခိုးခဲ့ကြတာကိုး။ မြန်မာ့ ယဉ်ကျေးမှုမှာ အနန္တော အနန္တငါးပါးဆိုတာ ရှိပါတယ်။ ဘုရား၊ တရား၊ သံဃာအပြင် ကျန်နှစ်ပါးက မိဘနဲ့ဆရာဆိုတာ မြန်မာတိုင်း သိကြပါတယ်။ အဲဒီငါးပါးမှအပ မြန်မာတွေ လက်အုပ်ချီခဲ့ဖူးတာကတော့ ဘုရင်ပါ။

ဘုရင်ကို လက်အုပ်ချီတဲ့သဘောက အနန္တော အနန္တငါးပါးကို လက်အုပ်ချီပုံနဲ့ ကွဲပါတယ်။ 'ဦးတော်စိန်ခို' က အဲဒီအကြောင်းလေးကို ရေးရာမှာ ဘုရင်ဟာ ဘိသိက်ခံရာမှာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ရပါသတဲ့။ အဲဒီလို ကျိန်ဆိုမှသာ အရှိခိုးခံထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်လာပါသတဲ့။ ဘယ်လိုကျိန်ခဲ့ရသလဲဆိုတော့ သူဟာ သူ့စွမ်းရည်ရှိသမျှ ပြည်သူပြည်သားတို့ရဲ့ ကြီးပွားရေး၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာရေးတို့အတွက် အကောင်းဆုံးဆောင်ရွက်ပါမယ်။ အဓမ္မမင်းလုပ် အုပ်ချုပ်ခြင်းနဲ့ ဖိနှိပ်ခြင်းတို့ကို ရှောင်ကြဉ်ပါမယ်လို့ သစ္စာဆိုရပါတယ်။ ဆိုတဲ့သစ္စာလည်း တည်အောင် ကျင့်ရပါတယ်တဲ့။ ဒါမှ ဘုရင်ဟာ အရှိခိုးခံထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်ရတာပါ။

ပလ္လင်ပေါ်တက်ထိုင်လိုက်တာနဲ့ အော်တိုမစ်တစ် လက်အုပ်ချီခံထိုက်တဲ့သူ ဖြစ်

mgyoe.com

မသွားဘူးဆိုတဲ့ မြန်မာတွေရဲ့ မင်းနဲ့ပြည်သူဆက်ဆံရေး ဓလေ့ထုံးတမ်းလေးဟာဖြင့် မြန်မာဘုရင်တွေ စည်းမဲ့ကမ်းမဲ့ အုပ်ချုပ်တယ်ဆိုတဲ့ ဗြိတိသျှတို့ရဲ့ စွပ်စွဲချက်တွေကို ချေဖျက်လိုက်သလိုပါပဲ။

ဦးတော်စိန်ခိုက အရိုအသေပေးပုံနဲ့ ပတ်သက်ပြီး အစည်းအဝေးရဲ့ရည်ရွယ်ချက်တွေကို ရှင်းပြပါတယ်။ ပြီးတော့ ကျောင်းတွေမှာ ဆရာတွေကို အရိုအသေပေးပုံချမှတ်ဖို့ သဘောထားပေးကြပါလို့ ဖိတ်ခေါ်ပါတယ်။

အစည်းအဝေးတက်ရောက်တဲ့ ဦးမောင်ကြီးက အရိုအသေပေးပုံနှစ်မျိုးကို သူ သဘောမတူပါဘူးတဲ့။ တစ်ခုက ရင်မှာလက်အုပ်ချီခိုင်းတာ သူ သဘောမတူဘူးတဲ့။ နောက်တစ်ခုက လက်ကို အောက်စိုက်ချ ဖြန့်ထားတဲ့လက်နှစ်ဖက်ကို ကြက်ခြေခတ်လို ယှက်ထားရတာ။ ဒီပုံစံနှစ်ရပ်လုံးမှာ ဘာသာရေးသဘောပါတဲ့အတွက် အဲဒီလို အရိုအသေပေးပုံပေးနည်းကို သဘောမတူပါဘူးတဲ့။

ဦးမောင်ကြီးပြီးတဲ့အခါ ၈ တန်းကျောင်းသားတချို့ကို စက်တင်ဘာလ ၁၂ ရက်နေ့က ကျောင်းထုတ်ပစ်လိုက်တဲ့အမိန့်ကို ပယ်ဖျက်ပေးရင် မိဘတွေ ဝမ်းသာကြပါလိမ့်မယ်လို့ အဆိုတစ်ရပ် တင်ပြန်ပါတယ်။ လက်အုပ်ချီရှိခိုးပြီး အရိုအသေပေးရတာကိုတော့ဖြင့် ဘယ်မိဘတွေကမှ သဘောမတူကြပါဘူးတဲ့။ လက်ပိုက်အရိုအသေ ပေးပုံဆိုတာကိုတော့ မြန်မာတွေက ကြားလည်းမကြားဖူး၊ သိလည်းမသိဖူးပါဘူး။ လက်အုပ်ချီ အရိုအသေပေးတာကို ရှိခိုးတယ်ဆိုတဲ့ အသုံးအနှုန်းရှိပေမဲ့ လက်ပိုက်အရိုအသေပေးတာကိုခေါ်တဲ့ အသုံးအနှုန်းရယ်လို့ မြန်မာမှာ ရှိတာမှ မဟုတ်ပေဘဲ။ ဒါကြောင့် ကျောင်းထုတ်တဲ့အမိန့်ကို ပယ်ဖျက်ဖို့ ဦးဘလှိုင်က အဆိုတင်တာကို ဦးဖိုးချက်က ထောက်ခံပြီး တညီတညွတ်တည်း အတည်ပြုလိုက်ကြပါတယ်။

တစ်ခါ ဆရာဖျော်က အဆိုတစ်ရပ် တင်ပြန်ပါတယ်။ ကျောင်းအုပ်ကြီး၊ ဒါမှမဟုတ် ပညာရေးဌာနက အရာရှိတစ်ယောက် ကျောင်းခန်းထဲဝင်လာရင် ကျောင်းသားတွေ မတ်တတ်ရပ်ခြင်းအားဖြင့် လုံလောက်တဲ့ ရိုသေကိုင်းရှိုင်းမှုကို ပြရာရောက်ရတယ်လို့ မိဘတွေက ထင်မြင်တဲ့အကြောင်း၊ ဆရာတွေကို အပြင်မှာတွေ့ရင် ကျောင်းသားက ခေါင်းနည်းနည်းညွတ် အရိုအသေပေးတာကိုတော့ဖြင့် ကန့်ကွက်ဖို့မရှိပါကြောင်း၊ အဲဒီ အဆိုကို ဆရာဖျော်က အဆိုတင်ပြီး ဦးဘိုးမင်းက ထောက်ခံလို့ အားလုံးက တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုကြပြန်ပါတယ်။

နောက် ဆုံးဖြတ်ချက်တစ်ရပ်ကတော့ စာသင်နှစ်တစ်နှစ်အတွင်းထဲမှာ ပြီးခဲ့တဲ့နှစ်တွေက မလုပ်ရတဲ့ လုပ်ရပ်တစ်ခုကို ထည့်သွင်းလုပ်ခိုင်းလာတာဟာဖြင့် မျှတရာမရောက်

mgyoe.com
ဘူး။ တရားရာမရောက်ဘူး။ အဲဒီလို လုပ်ချင်တယ်ဆိုရင် စာသင်နှစ်မစမီကတည်းက ကျောင်းသားမိဘတွေကို ကြိုတင်အသိပေးသင့်တယ်။ ဒါမှသာ မိဘတွေဟာ သူတို့သားသမီးတွေ ရှိခိုးရတာ မကြိုက်ဘူးဆိုရင် အဲဒီကျောင်းကနုတ်ပြီး ရှိမခိုးရတဲ့ကျောင်းကို ပြောင်းထားနိုင်မှာဖြစ်တယ်လို့ ဦးဖိုးစိန်က အဆိုတင်သွင်းပြီး ဦးအောင်မြင့်က ထောက်ခံပါတယ်။ ဒီဆုံးဖြတ်ချက်ကိုလည်း အားလုံးက တညီတညွတ်တည်း အတည်ပြုလိုက်ပြန်ပါတယ်။

ဦးဖိုးစိန်က ဆက်ပြီး ကျောင်းသားတွေ ကျောင်းမတက်ကြတာဟာ ကျောင်းသားကြီးတွေက ဖြားယောင်းခြိမ်းခြောက်လို့ မဟုတ်ပါဘူး။ မိဘတွေက သူတို့သဘောအတိုင်း သားသမီးတွေကို ကျောင်းမပို့ကြတာ ဖြစ်ပါတယ်တဲ့။ မိဘတွေက ရှိခိုးတဲ့ပြဿနာ ဖြေရှင်းအပြီးကို စောင့်နေကြတာပါတဲ့။

ဒီအဆိုကို ဘာလို့ ဦးဖိုးစိန်က တင်ရသလဲဆိုတော့ အုပ်ချုပ်သူတွေက ကျောင်းသားငယ်တွေ ကျောင်းမတက်ကြတာကို ကျောင်းသားကြီးတွေရဲ့ အဖျက်အမှောင့်လို့ စွပ်စွဲကြတာကြောင့်ပါ။ အစည်းအဝေး တက်ရောက်လာသူတွေက ကလေးတွေ လက်အုပ်ချီရှိခိုးပြီး အရိုအသေ မပေးသင့်ဘူး။ အဲဒီလိုပဲ လက်ပိုက်အရိုအသေလည်း မပေးသင့်ပေဘူးလို့ တညီတညွတ်တည်း သဘောတူညီကြပါသတဲ့။

ကျွန်ပညာရေးစနစ်မှာ ကျောင်းသားတွေရဲ့ စိတ်ဓာတ်ကို ဘယ်လိုပဲ ချိုးနှိမ်ချိုးနှိမ် ရှေးတုန်းက မြန်မာတွေကတော့ဖြင့် မခံစဲ့ကြပါဘူး။ တခြားတခြားသော အသက်မွေးဝမ်းကျောင်းတွေ မပြောနဲ့။ အနန္တော အနန္တငါးပါးမှာပါတဲ့ ဆရာကိုတောင် လက်အုပ်ချီ အရိုအသေပေးတဲ့ပုံသဏ္ဍာန်ကို ငြင်းပယ်ခဲ့ကြတာပါ။

ရိုသေတာနဲ့ စိတ်ဓာတ်ချိုးနှိမ်တာ မတူပါဘူး။ စိတ်ဓာတ်ချိုးနှိမ်တဲ့၊ ဒါမှမဟုတ် အတ္တဘဝင်မြောက်နေတဲ့လူတွေက ပျပ်ဝပ်ရိုသေမှုကို တောင်းဆိုတတ်ပါတယ်။ ရိုသေတယ်ဆိုတဲ့ အဆင့်ထက်ပိုတဲ့ အပြုအမူ၊ အနေအထိုင်၊ အပြောအဆိုတွေကို တောင်းဆိုတတ်ကြပါတယ်။ တကယ်တော့ မြန်မာကလေးတွေ၊ မြန်မာလူမျိုးတွေ ကိုယ့်ဆရာဆိုရင် ရိုသေတတ်ကြပြီးသားပါ။

အနန္တော အနန္တငါးပါးမှာပါတဲ့ ဆရာရဲ့ဂုဏ်ကျေးဇူးဟာ ကြီးမားတယ်ဆိုတာ ရင်ထဲမှာ သိပြီးသားပါ။ သို့သော်လည်း အဲဒီရိုသေမှုကို၊ အဲဒီဓလေ့ထုံးတမ်းစဉ်လာကို အခွင့်ကောင်းယူလို့ ကိုယ့်အထက်အရာရှိ ဗြိတိသျှတွေကို မျက်နှာလိုအားရလုပ်ပြီး ကျွန်ကောင်းပီပီ ကျွန်အပြုအမူအပြည့်နဲ့ ကျောင်းသားတွေကို ခုတုံးလုပ်ခိုင်းစေကြတော့ ကျောင်းသားတွေက ဘယ်ငြိမ်ခံကြတော့မလဲ။
mgyoe.com

ဒါကြောင့် သခင်စိတ်ဓာတ်ရှိတဲ့ ကျောင်းသားတွေဟာ အင်စပက်တော်မင်း လက်အုပ်ချီခိုင်းလည်း လက်အုပ်မချီခဲ့ကြ၊ လက်ပိုက်ခိုင်းလည်း လက်မပိုက်ခဲ့ကြတာပါ။ အဲဒီကျောင်းသားတွေကို ကျောင်းထုတ်ပစ်လိုက်တော့ ကျန်တဲ့ကျောင်းသားတချို့ကလည်း "ဒီလိုကျောင်းမျိုးမှာ ကျောင်းမတက်ကြတော့ဘူးဟေ့ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျောင်းမသွားဘဲ နေခဲ့ကြတာ ဖြစ်ပါတယ်။ ပထမ ကျောင်းသားသပိတ် မပေါ်ခင်ကတည်းက မြန်မာကျောင်းသားတွေရဲ့ စိတ်ဓာတ်ကို ကောင်းကောင်းသိမြင်နိုင်တဲ့ အဖြစ်အပျက်ကလေးလို့ဆိုရင်လည်း မမှားပေဘူးလို့ ထင်ပါတယ်။

လူမှုဆက်ဆံရေးမှာ စည်းရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံထဲမှာ ဘုန်းကြီးနဲ့လူ၊ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့်၊ မင်းနဲ့ပြည်သူ အစရှိသဖြင့် သူ့စည်းနဲ့သူ၊ သူ့ဝတ္တရားနဲ့သူ ထိန်းသိမ်းစောင့်ရှောက် လိုက်နာကြရပါတယ်။ ငါကတော့ ဘုန်းကြီးမို့၊ ငါကတော့ မိဘမို့၊ ငါကတော့ ဆရာမို့ အရိုအသေခံထိုက်တာထက် ပိုပြီး ခံချင်တယ်ဆိုရင် မြန်မာ့ယဉ်ကျေးမှုက ခွင့်မပြုပါဘူး။ ဒါ အင်မတန်ကောင်းတဲ့ မြန်မာတွေရဲ့ ဓလေ့စရိုက်တွေပါ။

ဟောဒီအစည်းအဝေးကြီးက မြန်မာတွေရဲ့ ယဉ်ကျေးမှုထုံးတမ်းလေးကို တစ်ဖက်က ထိန်းသိမ်းခဲ့တာဖြစ်သလို တစ်ဖက်ကလည်း ပေးသင့်ပေးထိုက်တဲ့ ရိုသေပုံမျိုးထက် ပိုပြီးမပေးဖို့၊ အဲဒီလို မပေးခြင်းအားဖြင့် ကျောင်းသားတွေရဲ့ စိတ်ဓာတ်ကို ပိုနိမ့်ကျသွားအောင် မလုပ်ဖို့ ဂရုစိုက်ခဲ့တဲ့ ကျောင်းသားမိဘတွေရဲ့ သမာသမတ်ကျတဲ့ အမြင်ဟာလည်း ချီးကျူးနှစ်သက်စရာပါ။ မြန်မာတွေရဲ့ သခင်စိတ်ဓာတ်ဆိုတာ အဲဒါမျိုးပါ။

## ကျွန်ပညာရေးနဲ့ မွေးထုတ်လိုက်တဲ့လူ

ကျွန်ပညာရေးက မွေးလိုက်တဲ့လူတွေဟာ ဘယ်လိုလူမျိုးတွေ ဖြစ်ပါတော့မလဲ။ နောင်းခေတ် သမိုင်းဆရာတွေရေးတာကို ကိုးကားရင် မျိုးရိုးဇာတိမာန်နဲ့ ရေးကြတယ်လို့ ပြောရင်ပြောနိုင်ပေတာမို့ သူတို့စာအုပ်တွေကို မကိုးကားတော့ဘဲ အဲဒီခေတ်ကို ဖြတ်သန်းခဲ့တဲ့ ဆရာတော်စိန်ခိုရဲ့ BURMESE SKETCHES စာအုပ်ကို ကိုးကားပြီးတော့ပဲ ပြောပါမယ်။ ဆရာတော်စိန်ခိုဆိုတာ ၁၈၆၄ ခုနှစ်မှာ မွေးဖွားခဲ့ပြီး မက်ထရစ်ကူလေးရှင်း စာမေးပွဲကို အမှတ်အများဆုံးနဲ့ အောင်ခဲ့တဲ့သူပါ။ နောင်မှာ ဗြိတိသျှအစိုးရရဲ့ K.I.H ဘွဲ့၊ I.S.O ဘွဲ့၊ အိန္ဒိယမဟာရဋ္ဌသဟာယ C.I.E ဘွဲ့တွေကို ရခဲ့သူပါ။

ဆရာတော်စိန်ခိုက အိန္ဒိယမှာ ကျင့်သုံးခဲ့တဲ့ ကျွန်ပညာရေးစနစ်နဲ့ ပတ်သက်လို့ အစီရင်ခံစာတွေကို ကိုးကားပြီး ရေးသားခဲ့တာတွေ ရှိပါတယ်။ ကျောင်းသားတွေက

တက္ကသိုလ်ကို တက်ကြတာဟာ အစိုးရအလုပ်ကို ဝင်လုပ်ဖို့ဆိုတဲ့အမြင်က သိပ်ကြီးမား နေပါသတဲ့။ အုပ်ချုပ်သူအစိုးရဘက်က ကြည့်ရင်လည်း အဲဒီခေတ် အဲဒီအခါက အင်္ဂလိပ် စကားပြောတဲ့ စာရေးစာချီတွေ၊ Cheap- Subordinate (ဝါ) ဈေးနှုန်းချိုချိုနဲ့ရတဲ့ အမှုထမ်းတွေ သိပ်လိုအပ်နေတာကိုး။

ဒါ့အပြင် ဗြိတိသျှအစိုးရရဲ့ အလိုတော်ကို လူထုသိအောင် လုပ်ပေးရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကလည်း အစိုးရမှာ ရှိနေပါသေးရဲ့။ တစ်နည်းပြောရရင် ဗြိတိသျှအစိုးရကို အထောက်အပံ့ပြုမယ့် လူမျိုးတွေကို မွေးထုတ်ဖို့ ပညာသင်ကြားရေးကို အစိုးရက ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလိုရည်ရွယ်တဲ့အတိုင်းလည်း ပညာသင်ကြားခဲ့ကြတဲ့ ကျောင်းသူ၊ ကျောင်းသား တွေဟာ ကျောင်းပြီးတယ်ဆိုရင်ပဲ အစိုးရအလုပ်ဝင်လုပ်၊ ရာထူးရာခံရရေးဆိုတဲ့ စိတ်ဓာတ် က သိပ်ကြီးမားနေခဲ့ကြတာပေါ့။ ဘယ်လောက်အထိ ကြီးမားသလဲဆိုရင် အစိုးရအလုပ် မရလို့ကတော့ တခြားအလုပ် လုပ်မရသလိုကို ဖြစ်ခဲ့ကြပါတယ်။

ပညာရေးစနစ်ကလည်း လူတစ်ယောက်ရဲ့ အရည်အချင်း၊ လူတစ်ယောက်ရဲ့ ပညာရည်ကို အကဲဖြတ်တဲ့နေရာမှာ စာမေးပွဲကို သိပ်အဓိကထားလွန်းခဲ့ပါတယ်။ အသိ ဉာဏ်ပညာ Intelligenceထက်၊ သညာ Memoryကို လိုတာထက်ပိုပြီး အသားပေးလွန်း တယ်လို့ အစီရင်ခံစာတစ်စောင်ကို ကိုးကားပြီး ဆရာတော်စိန်ခိုက ရေးသားခဲ့ပါတယ်။ တိုင်းရင်းသားဘာသာစကားနဲ့ ယဉ်ကျေးမှုထက် အင်္ဂလိပ်ပညာရေးကို ပျိုးထောင်နေတယ် လို့ အဝေဖန်ခံရတာတွေကလည်း အများအပြားပါပဲ။

ကျောင်းသားတွေဟာ သူ သင်ယူခဲ့တာကို ကျေကျေညက်ညက်ဖြစ်အောင် စဉ်း စားဖို့၊ တခြားကိုးကားစရာ စာပေတွေကို ဖတ်ရှုဖို့ အချိန်လုံလုံလောက်လောက် မရရှာကြ ပါဘူး။ ဆရာတွေက ကျောင်းသားရဲ့ အသိဉာဏ်ပညာ Intelligenceဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားပေးကြတာမဟုတ်ဘဲ မှတ်စုတွေကိုပဲ ပေးနေကြတာတဲ့။ အဲဒီမှတ်စု တွေ အားကိုးနဲ့ဖြေရတဲ့ စာမေးပွဲစနစ်ကိုလည်း လုပ်ထားပါသတဲ့။

ကျောင်းသားအများစုက ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကို မဖတ်ဖူးကြဘဲ ဆရာတွေနဲ့ ပါမောက္ခတွေရဲ့ မှတ်စုတွေကိုပဲ အားကိုးကြသတဲ့လေ။ ဒါ ကျွန်ပညာရေးပါ။ ဆရာ တော်စိန်ခိုရဲ့စာအုပ်မှာ အဲဒီပညာရေးက မွေးဖွားလိုက်တဲ့ အကျိုးသက်ရောက်မှုကတော့ အသိဉာဏ်ကြွယ်၊ ဆင်ခြင်တုံတရားရှိတဲ့ လူတွေအစား ကြက်တူရွေးလို အော်တိုမစ်တစ် လူတွေပဲ မွေးဖွားပေးလိုက်တယ်လို့ ရေးသားထားပါတယ်။

ပညာသင်ကြားရေးဟာ ပညာဆိုတဲ့ ရည်မှန်းချက်က ပင်မ မဟုတ်ဘဲ အခြားသော

mgyoe.com

mgyoe.com

အုပ်ချုပ်မှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာရည်မှန်းချက်တွေ ပါရှိလာတဲ့အတွက်ကြောင့် မွေးထုတ်ပေးလိုက်တဲ့လူတွေဟာလည်း အဲဒီအုပ်ချုပ်ရေးဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်ကို ဖြည့်ဆည်းပေးဖို့ အသုံးကျတဲ့ လူတွေပဲ ဖြစ်ရပေတော့မပေါ့။ ကျွန်ပညာရေးဆိုတာ ကျွန်တွေကို မွေးထုတ်ပေးတဲ့ ပညာရေးပဲ ဖြစ်ပေတော့မပေါ့။ လူတွေကို မွေးထုတ်ပေးတဲ့ ပညာရေး ဘယ်ဖြစ်ပါတော့မလဲ။

## ကျွန်ပညာရေးသဘော

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့ မနက်ခင်းမှာ ရွှေတိဂုံဘုရား မြောက်ဘက်တန်ဆောင်းရှေ့မှာ သပိတ်မှောက်ကျောင်းသားတွေကို ဗြိတိသျှပါလီမန် လေဘာအမတ်ဗိုလ်မှူးကြီး ဂျေစီဝက်ဂျ်ဝုဒ်က ပညာရေးဝါဒနဲ့ အခြေခံသဘောတရားတွေကို ရှင်းလင်းပြောပြခဲ့ဖူးပါတယ်။ အဲဒီလိုပြောပြရာမှာ မြန်မာနိုင်ငံတွင် European code ခေါ် အင်္ဂလိပ်ကလေးများသင်ရသောစနစ်သည် သခင်ဖြစ်သောစနစ်ဖြစ်စေကြောင်း၊ Englo-venicular codeခေါ် မြန်မာကလေးများ သင်ရသောစနစ်သည် ကျွန်ဖြစ်စေသောစနစ်ဖြစ်ကြောင်းလို့ ထည့်သွင်းပြောကြားခဲ့ဖူးပါတယ်။

ဗိုလ်မှူးကြီး ဝက်ဂျ်ဝုဒ်က အင်္ဂလိပ်ကလေးတွေ သင်ရတဲ့စနစ်ဟာ သခင်ဖြစ်စေတဲ့စနစ်ဖြစ်တယ်လို့ ပြောပေမဲ့ ဗြိတိသျှတွေးခေါ်ပညာရှင်ဖြစ်တဲ့ ဘာထရန်ရပ်ဆယ်လ်ကတော့ အဲသည့်စနစ်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ဖူးလေရဲ့။

ဗြိတိသျှပညာရေးစနစ်ဟာ ရာထူးရာခံနဲ့ အာဏာကိုရရှိဖို့ ရည်ရွယ်လေ့ကျင့်သင်ကြားပေးတဲ့စနစ်ဖြစ်တယ်။ အဲဒီလို ရာထူးရာခံရတဲ့အခါမှာ အင်္ဂလန်နိုင်ငံမှာပဲဖြစ်ဖြစ်၊ ဗြိတိသျှအင်ပါယာရဲ့ အခြားသောနိုင်ငံမှာပဲဖြစ်ဖြစ် အာဏာရ ကုလားထိုင်မှာထိုင်ပြီး မင်းလုပ်အုပ်ချုပ်သူတွေ ဖြစ်လာကြတာကိုး။

ရလဒ်က ဘာလဲဆိုတော့ အသိဉာဏ်ပညာကို စွန့်လွှတ်လိုက်ရတာပါပဲ။ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်ပညာဟာ ဒီလိုတော့ မဖြစ်နိုင်ဘူးလား။ ဒါ မှန်ရဲ့လားစသဖြင့် မေးခွန်းတွေမေး၊ သံသယတွေ ပွားစေနိုင်တဲ့အတွက်ကြောင့်မို့ ဩဇာတိက္ကမရှိတဲ့ နေရာ၊ ဌာန၊ ရာထူးရာခံမျိုးနဲ့ မသင့်တော်ပေဘူး။

အသိဉာဏ်ပညာရဲ့သဘောကိုက အမှန်ကို ရှာဖွေဖို့အတွက် မေးခွန်းတွေထုတ်ရတာ။ အုပ်ချုပ်ရေးရဲ့သဘောက ပြောရင်နာခံ၊ ခိုင်းတာလုပ်ဆိုတဲ့သဘော။ ဒါကြောင့် ဗြိတိသျှပညာရေးစနစ်ဟာ အသိဉာဏ်ပညာကို စွန့်လွှတ်လိုက်ရတယ်လို့ ရပ်ဆယ်လ်က ပြောပါတယ်။

mgyoe.com

 ngyoe.com 

ဒုတိယ၊ ကိုယ်ချင်းစာထောက်ထားမှုဆိုတဲ့ လူ့အခြေခံတရားတစ်ခုကိုလည်း ဗြိတိသျှပညာရေးစနစ်က စွန့်လွှတ်လိုက်ရပါသတဲ့။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ထက်နိမ့်ကျနေတယ်လို့ ယူဆတဲ့ တိုင်းနိုင်ငံတွေ၊ လူမျိုးတွေ၊ လူတန်းစားတွေပေါ်မှာ အုပ်ချုပ်မင်းလုပ်တဲ့အခါမှာ ကိုယ်ချင်းစာနာထောက်ထားတဲ့စိတ်ဓာတ် နည်းနိုင်သမျှနည်းမှသာ အုပ်ချုပ်ရေးလွယ်ကူမှာမို့လို့ ဖြစ်ပါတယ်။

တတိယ၊ ကရုဏာတရားကို စွန့်လွှတ်လိုက်ရတယ်တဲ့။ ဒါလည်း အတူတူပါပဲ။ ကရုဏာဆိုရင် သူများနိုင်ငံမှာ အုပ်ချုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကရုဏာတရားရှိတဲ့ လုပ်နည်းလုပ်ဟန်အစား မာမာပြတ်ပြတ် တစ်ပွဲထိုးလုပ်နည်းလုပ်ဟန်တွေနဲ့ ဖြေရှင်း အစားထိုးလိုက်ရတယ်တဲ့။ အဲဒီပညာရေးစနစ်ရဲ့ရလဒ်ကြောင့် တီထွင်ဖန်တီးတတ်တဲ့စိတ်ကူးစိတ်သန်းတွေကိုလည်း စွန့်လွှတ်လိုက်ရတယ်လို့ ဘာထရန်ရပ်ဆယ်လ်က ထောက်ပြခဲ့ပါတယ်။

တကယ်တော့ ဗြိတိသျှစနစ်ဟာ လူတွေကို မိမိကိုယ်ကိုမိမိ ထိန်းသိမ်းစောင့်ရှောက်၊ မိမိအယူအဆကို မိမိကိုင်စွဲ၊ မိမိစိတ်ခံစားမှုနဲ့ မိမိအလုပ်လုပ်တတ်တဲ့သူတွေကို မွေးထုတ်ပေးတာ မဟုတ်ပါဘူး။ မဟာအင်ပါယာအတွင်းမှာ အုပ်စိုးထိန်းချုပ်လို့ရမယ့် ရာထူးရာခံဝန်ထမ်းတွေကို မွေးထုတ်ပေးတာသာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရင် လူ့ရဲ့အခြေခံတရား၊ လူ့ရဲ့အခြေခံကျတဲ့ နှစ်လိုဖွယ်စိတ်ဓာတ်တွေကို မျက်ကွယ်ပြုပြီး အခြားသူတွေအပေါ်၊ အခြားလူမျိုးတွေအပေါ်မှာ အခြားသော တိုင်းနိုင်ငံတွေအပေါ်မှာ အညာအတာကင်းမဲ့စွာ အုပ်ချုပ်မင်းလုပ်မယ့်သူတွေကို မွေးဖွားပေးခဲ့တာပါပဲ။

ရှုထောင့်တစ်မျိုးပြောင်းကြည့်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေအားလုံးဟာလည်း ဘုရင်နဲ့အစိုးရ အာဏာပိုင်အဖွဲ့က ပုဂ္ဂိုလ်တွေရဲ့အလိုကျ တာဝန်ကို ထမ်းဆောင်ရတဲ့အတွက်ကြောင့် သူတို့လည်း ကျွန်တစ်မျိုးပေပ။ ဒါကြောင့် ဗြိတိသျှစနစ်ဟာ ဗိုလ်မှူးကြီးဂျော့ဝုဒ်က သခင်ပညာရေးလို့ပြောပေမဲ့ သခင်ပညာရေးလို့ပြောမရတဲ့ ကျွန်ပညာရေးသာဖြစ်တယ်လို့ ကောက်ချက်ချလို့ရပါတယ်။ အဲဒီခေတ် အဲဒီအခါကတော့ ဗြိတိန်နိုင်ငံမှ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေကလည်း အလားတူ ပညာရေးစနစ်ကို ကျင့်သုံးခဲ့ကြတာ တွေ့ရပါတယ်။

ကျောင်းသားကို အန္တိမအလုံးစုံအဖြစ် သဘောမထားဘဲ တစ်စုံတစ်ရာသော အယူအဆ၊ တစ်စုံတစ်ရာသော အဖွဲ့အစည်းအတွက် အသုံးချခံ အလေ့အကျင့်ခံ ပုဂ္ဂိုလ်တွေ အဖြစ် သဘောထားပြီး လေ့ကျင့်ပညာပေးခဲ့ကြတာကိုလည်း အခြားအခြားသောနိုင်ငံတွေ မှာ တွေ့ရပါသေးတယ်။ ဥပမာဆိုပါစို့– ဂျပန်နိုင်ငံဆိုလို့ရှိရင် မဟာဂျပန်ဖြစ်ရေးဆိုတဲ့ ဦးတည်ချက်အောက်မှာ ပညာရေးကိုသွတ်သွင်းပြီး လေ့ကျင့်ပျိုးထောင်ပေးခဲ့တာပါ။

mgyoe.com

mgyone.com

အဲဒီအချိန် အဲဒီအခါက ကလေးတွေရဲ့ ပညာရေးဟာ မိမိကိုယ်ကို ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာရေးမဟုတ်ဘဲ မဟာဂျပန်ဖြစ်ရေး၊ မဟာအင်ပါယာကြီးကျယ်ရေး၊ မဟာ ဂျာမနီစိတ်ဓာတ် ထွန်းကားရေးဆိုတဲ့ အယူအဆ၊ အဲဒီအယူအဆကို ကိုယ်စားပြုတဲ့အဖွဲ့ အစည်း (ဥပမာ– နာဇီပါတီလို) မျိုးအတွက် စည်းကမ်းသေဝပ်တဲ့ လေ့ကျင့်ပျိုးထောင်ပေးရာ ကျောင်းတွေ ဖြစ်ခဲ့ရပါတယ်။

ကျောင်းသူကျောင်းသားတွေဟာ မိမိဘာသာ အယူအဆတွေကို စူးစမ်းရှာဖွေမယ်၊ အဲဒီအယူအဆတွေကို စိစစ်မယ်၊ အဲဒီအယူအဆတွေကို မှန်မမှန် မေးခွန်းထုတ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေ ဝင်ရောက်မလာဘဲနဲ့ အသင့်ပြုလုပ်ပြီးသား Ready made အယူအဆ အတွေးအမြင်တွေကို လက်ခံခဲ့ကြရ၊ အဲဒီအတွေးအမြင်တွေအတိုင်း ဆောင်ရွက်ခဲ့ကြတာ ကလား။ ကမ္ဘာကြီးရဲ့တစ်ဖက်ခြမ်းက ဆိုဗီယက်ယူနီယံမှာ ဆိုလို့ရှိရင်လည်းပဲ ကွန်မြူနစ် ပါတီနဲ့ ပါတီက စိုးမိုးအုပ်ချုပ် မင်းလုပ်တာကို သက်ဆိုးရှည်အောင် သင်ကြားပေးခဲ့ကြတာ အထင်ကရပါ။

ဒုတိယကမ္ဘာစစ်မတိုင်မီက ရှိခဲ့တဲ့ အဲဒီပညာရေးဟာ ဟိုးရှေးတုန်းက ပညာရေးနဲ့ သိပ်တော့မကွာလှပါဘူး။ ဟိုးရှေးခေတ်က စပါတာနိုင်ငံမှာလည်း ဒီလိုပညာရေးမျိုး ရှိခဲ့ဖူးပါတယ်။ ခရစ်ယာန်ဘာသာ ထွန်းကားလာတဲ့အချိန်မှာလည်းပဲ အင်မတန် အယူ ပြင်းထန်တဲ့ ဂျေဇုတွေက ပညာရေးကို ကက်သလစ်ဘာသာဘုရားကျောင်းရဲ့အောက် မှာ သွတ်သွင်းပြီးတော့ သင်ကြားလေ့ကျင့်ခဲ့ကြတာလည်း သမိုင်းမှာ ကြုံခဲ့ရဖူးပါတယ်။ ဂျေဇုတွေဟာ ကျောင်းသူကျောင်းသားတွေရဲ့ ကိုယ်ရည်ကိုယ်သွေး၊ အကျင့်စရိုက်၊ ဖွံ့ ဖြိုး တိုးတက်မှုဆိုတဲ့ မူလဘူတရည်ရွယ်ချက်မျိုး ထားရှိတာမဟုတ်ဘဲနဲ့ ဘုရားကျောင်းတော် ကြီး တိုးတက်ရေးအတွက် အသုံးချဖွယ် လူသားတစ်ယောက်အနေနဲ့ ကလေးတွေကို လေ့ကျင့်ခဲ့ကြတာကလား။

ဒီလို ပညာရေးမျိုးက ပေါက်ဖွားလာတဲ့ လူတစ်ဦးချင်းဟာလည်း လူတစ်ဦးချင်း သက်သက်အနေနဲ့ ဘာမှ အဓိပ္ပာယ်မရှိတော့သလိုပါပဲ။ မစ္စတာဖာနီဗယ်ပြောခဲ့သလို အစိုးရအလုပ်မရရင် တခြားအလုပ် ဘာမှမလုပ်တတ်သလို ဖြစ်သွားတယ်ဆိုတဲ့ ပညာရေး မျိုးပါ။ ဒီတစ်ခါ လူတစ်ဦးချင်းစီဟာ သူ့ထက် အင်မတန်ကြီးမားတဲ့ အသင့်တည်ရှိပြီးသား ဖြစ်တဲ့ Institution အဖွဲ့အစည်းတွေမှာ သွားပြီး ပူးပေါင်းလိုက်ရပါတယ်။ အဲဒီ Institu tion တွေရဲ့ ရည်မှန်းချက်တွေကို မိမိဆီ ကူးယူပြီးတော့မှသာ သူ့ခမျာ လူသားတစ်ယောက် အဖြစ် ပီသသလို ဖြစ်လာရပါတယ်။

တကယ်လို့ မပူးပေါင်း မဆောင်ရွက်ခဲ့ရင် အဲဒီလူဟာ လူသားတစ်ယောက်

mgyone.com

မဟုတ်တော့သလိုပါပဲ။ တစ်နည်းပြောလို့ရှိရင်တော့ လူတစ်ယောက်ရဲ့ဘဝဟာ ကျွန်အဖြစ်က လွဲပြီး တခြားသီးခြားလူတစ်ယောက်အနေနဲ့ အဓိပ္ပာယ်မရှိတော့ဘူးဆိုတဲ့ အမြင်မျိုး၊ လက်တွေ့မျိုးဖြစ်အောင် စီမံထားတယ်လို့ ပြောလို့ရှိရင် ရပါလိမ့်မယ်။

ဘာမှားသလဲ

ဗြိတိသျှ၊ ဂျပန်၊ ဂျာမနီနဲ့ နောက်ဆုံး ဆိုဗီယက်နိုင်ငံမှာ မှားယွင်းခဲ့တဲ့အမှားကတော့ လူသားတစ်ယောက်ချင်းစီမှာ သီးခြားပုဂ္ဂလသဘောဆောင်တဲ့ လက္ခဏာတွေရှိပြီး အဲဒီ လက္ခဏာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို အသိအမှတ် မပြုခဲ့တာပါပဲ။ အခြေခံအားဖြင့် လူအားလုံးဟာ အတူတူပဲဖြစ်တယ် Uniformity လို့ သဘောထားခဲ့တဲ့ အချက်ဟာ အဓိကမှားယွင်းမှုလို့ ပြောရပါလိမ့်မယ်။

ဒုတိယ၊ ပညာရေးဟာ ပညာရေးထက်မကတော့ဘဲ အုပ်ချုပ်ရေးဆိုင်ရာ လွယ်ကူမှုအတွက်၊ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များက ယူဆတဲ့ အယူအဆ အတွေးအခေါ်တွေ ပြန့်ပွားရေးအတွက် ပညာသင်ကြားရေးထဲမှာ သွတ်သွင်းလာခဲ့ခြင်းပါပဲ။ ဆရာ ဆရာမတွေရဲ့ အန္တိမအလုံးစုံဟာ တပည့်မဟုတ်တော့ဘဲနဲ့ ဘုရားကျောင်းဖြစ်ချင်လည်း ဖြစ်မယ်။ ဘာသာအယူတစ်ခုခု ဖြစ်ချင်ဖြစ်မယ်။ မဟာလူမျိုးကြီးဝါဒ ဖြစ်ချင်လည်းဖြစ်မယ်။ လက်နက်ကိုင်နိုင်ငံတော်ကြီးဆိုတဲ့ အယူအဆလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒီလို အယူအဆတစ်ခုခုအတွက် ဆရာ၊ ဆရာမတွေက အလုပ်လုပ်လာကြမယ်ဆိုရင် ဒါမှမဟုတ် အဲဒီလိုလုပ်အောင် စီမံခန့်ခွဲထားမယ်ဆိုရင် ရလာမယ့်ရလဒ်ကတော့ ဗြိတိသျှ ကျွန်ပညာရေးအောက်က မွေးထုတ်လိုက်တဲ့လူမျိုးတွေပဲ ဖြစ်ပါလိမ့်မယ်။

တစ်နည်းပြောရင် လူသားဂုဏ်ရည်တစ်ရပ်လုံး Humanity ကို မဟာလူမျိုးကြီး၊ မဟာနိုင်ငံတော်၊ မဟာအင်ပါယာကြီးနဲ့ အစားထိုးပစ်လိုက်ခြင်းပါပဲ။ ဒီအခါမှာ ကျောင်းသားတွေကို လူတစ်ယောက် ဖြစ်လာရေးအတွက် မရည်မှန်းတော့ဘဲနဲ့ အဲဒီ မဟာအင်ပါယာကြီး ယန္တရားကြီးအတွင်းက ဝက်အူလေးတစ်လုံး ဖြစ်လာရေးအတွက်ပဲ ဦးတည်ပါတော့တယ်။ တကယ်တော့ ဆရာတစ်ယောက်ဟာ သူ့တပည့်ထက်ပိုပြီး ဘာကိုမှ မချစ်မြတ်နိုးသင့်ပါဘူး။ ဘာကိုမှ အလေးမထားသင့်ပါဘူး။ တပည့်သည်သာ အန္တိမအလုံးစုံ ဖြစ်ရပါလိမ့်မယ်။

သခင်ပညာရေး

အဲဒီလို ကျွန်ပညာရေးကို မလိုလားကြတဲ့ ကောလိပ်ကျောင်းသားကြီးတွေဟာ

mgyoe.com

mgyoe.com
ရန်ကုန်တက္ကသိုလ်အက်ဥပဒေ ထွက်လာပြီးတဲ့နောက် တက္ကသိုလ်အက်ဥပဒေကို အကြောင်းပြုပြီး ကျွန်ပညာရေးဆန့်ကျင်တဲ့ လှုပ်ရှားမှုတစ်ရပ်ကို စတင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလှုပ်ရှားမှုတစ်ရပ်အနေနဲ့ မြန်မာ့သမိုင်းမှာ အင်မတန် အရေးပါခဲ့တဲ့ တောင်းဆိုချက်တွေ တစ်ခုမှ မရခဲ့ပါဘူး။ ဒါကြောင့် ကျောင်းသူကျောင်းသားတွေဟာ 'ငါတို့ ပညာရေးကို ငါတို့ထူထောင်မယ်' ဆိုတဲ့စိတ်ဓာတ်နဲ့ မြန်မာပြည်တစ်ဝန်းလုံးမှာ အမျိုးသားကျောင်းနဲ့ ရန်ကုန်မှာ အမျိုးသားကောလိပ် ဖွင့်လှစ်ဖို့ စတင်လှုပ်ရှား ဆောင်ရွက်လာပါတယ်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၉ ရက်၊ ညနေ ၄ နာရီအချိန်မှာ ရွှေတိဂုံကုန်းတော်ပေါ်မှာ အမျိုးသားပညာရေးကိစ္စကို ဆွေးနွေးဖို့ မြန်မာပြည်လုံးကျွတ် အစည်းအဝေးကြီးတစ်ခု ကျင်းပခဲ့တယ်။ အဲဒီအစည်းအဝေးကြီးကနေ ယာယီ အမျိုးသားပညာရေးကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ကြပါတယ်။ အမျိုးသားပညာရေးကော်မတီရဲ့ ပညာရေးနဲ့ပတ်သက်တဲ့ ရည်ရွယ်ချက်၊ ခံယူချက်တွေကို သပိတ်မှောက်ကျောင်းသားဟောင်းတစ်ဦးဖြစ်တဲ့ ဦးဖိုးကျားက ဟောဒီလို မှတ်တမ်းတင်ခဲ့ပါတယ်။

(က) ကျန်းမာခြင်း၊ ကိုယ်လက်ထွားကျိုင်း သန်စွမ်းလျင်မြန်သွက်လက်ခြင်း၊ ကစားခုန်စား အပြေးအလွှား၊ လက်ဝှေ့၊ နပန်း၊ ဓားခုတ်၊ လှံထိုး၊ သေနတ်ပစ်၊ အမြောက်ပစ် စသည်တို့၌ ကျွမ်းကျင်ခြင်း စသော လက်ရုံးရည်။

(ခ) စာပေကျမ်းဂန်အရပ်ရပ်တတ်ခြင်း၊ နှုတ်မှု၊ လက်မှု၊ စက်မှု စသော အသက်မွေးဝမ်းကျောင်းပညာတို့ကို လုံလောက်စွာ တတ်ခြင်းစသော ပညာရည်။

(ဂ) ရိုးသားဖြောင့်မတ်တည်ကြည်၊ အကျင့်စာရိတ္တကောင်းခြင်း၊ စိတ်ထားမြင့်မြတ်၍ သူတစ်ပါးအကျိုး ကိုယ့်အကျိုး လောကီလောကုတ္တရာအကျိုးတို့ကို ဆောင်ရွက်ခြင်း၊ စိတ်နေစိတ်ထား ယဉ်ကျေး၍ မှန်ရာကို ကြံ့ခိုင်၊ ပြုံ့ခံသော သတ္တိရှိခြင်း၊ မှန်ရာကောင်းရာကို ပြုလုပ်ရာ၌ ဇွဲရှိခြင်း၊ မတရားမှုတို့ကို ရွံရှာ၍ တိုင်းပြည်နှင့်လူအများကို ညာမတုတ်လိုသော စိတ်ကောင်းစိတ်မြတ်ရှိခြင်း စသောနှလုံးရည်။

ဤအရည်အချင်းသုံးပါးကို ပေးစွမ်းနိုင်သော ပညာမျိုးကိုမှ 'ပညာ' ခေါ်ရသည်။ ဤပညာမျိုးမှသာ အမျိုး၊ ဘာသာ၊ သာသနာ၊ ဥစ္စာကြီးပွား တိုးတက်ရေးကို ပေးစွမ်းလေသည်။

ရည်ရွယ်ချက်တွေကို ကြည့်လို့ရှိရင် အမျိုးသားပညာရေးကော်မတီက ချမှတ်လိုက်တဲ့ပညာရေးဟာ ကျွန်ပညာရေးနဲ့ ဘယ်လောက်ကွာခြားသလဲဆိုတာ ကောင်းကောင်းကြီး တွေ့ရမှာပါပဲ။
mgyoe.com

mgyoe.com

အမျိုးသားပညာရေးကော်မတီက 'မှန်ရာကို ကြံ့ဝံ့၊ ပြတ်ဝံ့သော သတ္တိရှိခြင်း၊ မှန်ရာကောင်းရာကို ပြုလုပ်ရာ၌ ဇွဲရှိခြင်း၊ မတရားမှုတို့ကို ရွံရှာ၍ တိုင်းပြည်နှင့်လူအများကို ညာမတုတ်လိုသော စိတ်ကောင်းစိတ်မြတ်များရှိခြင်း စသော နှလုံးရည်' ဆိုပြီး ကျောင်းသူကျောင်းသားတွေမှာ နှလုံးရည်ထက်မြက်ဖို့ကိုလည်း ဖောင်းပေး မီးမောင်းထိုးပြလိုက်ပါတယ်။ တစ်နည်းပြောရရင်တော့ ပလေတိုးကြီးပြောတဲ့ ကျွန်မျိုးမဖြစ်အောင် အမျိုးသားကျောင်းတွေက ရည်ရွယ်ခဲ့ကြတာကိုး။

'ကိုယ့်ရဲ့ ပြုမူဆောင်ရွက်မှုမှန်သမျှ တခြားသူဖြစ်စေချင်တဲ့အတိုင်း လက်ခံထားသူဟာ ကျွန်ဖြစ်တယ်' လို့ ပလေတိုးက ဝိဂြိုဟ်ပြုခဲ့ဖူးပါတယ်။ မှန်ရာကို ကြံ့ဝံ့တာ၊ ပြတ်ဝံ့တာဟာ မိမိကိုယ်ကို အားကိုးခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်း၊ မိမိကိုယ်ကိုမိမိ လူအဖြစ်သဘောထားခြင်းပါပဲ။ အမေရိကန်ဒဿနပညာရှင်နဲ့ ပညာကျော် ဂျွန်ဒီဝီက ပညာရေးအကြောင်းပြောတော့ ကန့်ရဲ့စကားတစ်ခွန်းကို ကိုးကားခဲ့ဖူးပါတယ်။ အတွေးအခေါ်ပညာရှင်ကြီး ကန့်က 'ပညာရေးဆိုတာ လူက လူဖြစ်လာတဲ့ဖြစ်စဉ်' လို့ မိန့်ကြားခဲ့ဖူးပါသတဲ့။

လူကို အခြားလူတစ်ယောက်၊ ဒါမှမဟုတ် အဖွဲ့အစည်းတစ်ရပ်ရဲ့ အလိုကျတိုင်း ကိုယ့်သဘောဆန္ဒမပါဘဲ လိုက်ဆောင်ရွက်တတ်တဲ့ လူမျိုးဖြစ်အောင် ကြိုးစားတဲ့ပညာရေးက ကျွန်ပညာရေးဖြစ်ပြီး လူကို လူဖြစ်အောင် ပြုလုပ်တဲ့ပညာရေးကတော့ သခင်ပညာရေးပါ။ ခေတ်သစ်ပညာရေးသီအိုရီက လူကိုလူဖြစ်အောင် ကြိုးစားပါတယ်။

ဒုတိယကမ္ဘာစစ်မတိုင်မီက မဟာဂျပန်ဖြစ်ရေးဆိုပြီး ပညာရေးမှာ သွတ်သွင်းခဲ့တဲ့ ဂျပန်နိုင်ငံဟာ စစ်ပြီးခေတ်ကာလမှာ လူကို လူဖြစ်ရေး ပညာရေးဘက်ကို လုံးဝပြောင်းလဲလာခဲ့ပါတယ်။ ဒီနေ့ ဂျပန်နိုင်ငံရဲ့ပညာရေး ရည်မှန်းချက်ကို ကြည့်မယ်ဆိုရင် ဟောဒီလို တွေ့ရပါတယ်။

'အမှန်တရားနှင့် တရားမျှတမှုကို ချစ်မြတ်နိုးသော၊ ပုဂ္ဂလလူ၏ တန်ဖိုးကို ရိုသေသော၊ လုပ်အားကို လေးစားသော၊ တာဝန်ယူစိတ် နက်နက်ရှိုင်းရှိုင်းရှိသော၊ မိမိကိုယ်ကို အားကိုးစိတ်ဖြင့် ပြည့်ဝနေသော၊ လူရောစိတ်ပါ သန်စွမ်းသည့် ငြိမ်းချမ်းသောနိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ထူထောင်သော လူအများအဖြစ် ပြုစုပျိုးထောင်ရာတွင် ပညာရေးသည် ကိုယ်ရည်ကိုယ်သွေး အပြည့်အဝ ဖွံ့ဖြိုးစေရန် ရည်ရွယ်သည်' တဲ့။

ဂျပန်နိုင်ငံဟာ စစ်ပြီးခေတ်ကာလမှာ မဟာဂျပန်ဖြစ်ရေးတို့၊ မဟာအင်အားကြီးနိုင်ငံဖြစ်ရေးတို့ အစရှိတဲ့ ရည်မှန်းချက်တွေကို ပညာသင်ကြားရေးမှာ ထည့်သွင်းမလာတော့ပါဘူး။ ပညာဟာ လူတစ်ယောက်ကို လူဖြစ်စေဖို့ပဲ ရည်ရွယ်တာပါ။ ကျွန်ပညာရေးက အလုပ်မဖြစ်၊ နိုင်ငံတစ်ခုကို ပျက်စီးရာပျက်စီးကြောင်းပဲ ဖြစ်စေတဲ့အကြောင်း ဂျပန်နိုင်ငံ

mgyoe.com

ဟာ ကောင်းကောင်းသဘောပေါက်သွားခဲ့ပြီး သခင်ပညာရေးနဲ့ အင်အားကြီးမား တိုးတက်တဲ့ နိုင်ငံကြီးတစ်နိုင်ငံဖြစ်လာအောင် စွမ်းဆောင်နိုင်ခဲ့တာ မျက်မြင်ဒိဋ္ဌပဲ မဟုတ်ပါလား။

သခင်ပညာရေးရဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသားသည်သာ အဓိကမအလုံးစုံဖြစ်တယ်။ ကျောင်းသား၏ ကိုယ်ရည်ကိုယ်သွေး၊ တစ်နည်းအားဖြင့် (နယ်ချဲ့ခေတ် အမျိုးသားလွတ်မြောက်ရေးမှာ ပေါ်ထွန်းခဲ့တဲ့ အမျိုးသားကျောင်းတွေရဲ့ ပညာရေးဆိုင်ရာ ရည်ရွယ်ချက်က စကားလုံးတွေကို ယူသုံးရရင်) ကျောင်းသားရဲ့ လက်ရုံးရည်၊ ပညာရည်၊ နှလုံးရည် အပြည့်အဝဖွံ့ဖြိုးရေးကို ဦးတည်ရည်မှန်းတာပါပဲ။

### သခင်ပညာရေး ဥပမာ ၁

ဆေးကျောင်းတစ်ကျောင်းရဲ့ ဆေးရုံတစ်ရုံမှာပါ။ အဲဒီနေ့က ဆေးကျောင်းသား ၁၆ ယောက်အဖို့ လူနာနဲ့ ပထမဆုံး စတင်တွေ့ရတဲ့ နေ့လေးဆိုပါတော့။ ဆေးကျောင်းသားတွေဟာ လူနာဆောင်နဲ့ အစွန်ဆုံးက ခုတင်ခြေရင်းမှာ ဝိုင်းပြီးရပ်နေကြပါတယ်။ ဂျူတီကုတ်ဖြူဖြူဖွေးဖွေးတွေနဲ့ ချပ်ချပ်ရပ်ရပ် ပြန့်ပြန့်ပြူးပြူးနဲ့ပါ။ ဂျူတီကုတ်အိတ်ထဲမှာတော့ မှတ်စုစာအုပ်တိုတိုထွာထွာရော၊ လူနာစမ်းတဲ့ ကိရိယာတန်ဆာပလာတွေရော ဖောင်းကားနေတာပါပဲ။ ဒါပေမဲ့ ကျောင်းသားတွေမှာ နားကြပ်တော့ ပါလာတာ မတွေ့ရပါဘူး။ နားကြပ်ကိုတော့ စစ္စတာရဲ့ အခန်းထဲမှာ ထားခဲ့ရမယ်လို့ သူတို့ကိုပြောလိုက်တဲ့အတွက် ကြောင့်ပါ။ မကြာခင် ဆရာတစ်ယောက်ရောက်လာပြီး–

"ကဲ ဒီလူနာကို မင်းတို့နားထောင်မယ့်အကြောင်း ပြောပြထားပြီးပြီ။ ဒီတော့ မင်းတို့ သူ့ရဲ့နှလုံးခုန်သံကို ကြိုက်သလို နားထောင်လို့ရတယ်။ လူနာကလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပေးလိမ့်မယ်။ ဒီလူနာမှာ နှလုံးအဆို့ကျဉ်းတဲ့ ရောဂါရှိတယ်။ သေသေချာချာနားထောင်ကြည့်ကြ၊ ဒီလောက်ကောင်းတဲ့ နှလုံးအဆို့ကျဉ်းတဲ့အသံကို နောက်တစ်ခါကြားဖို့ မလွယ်ဘူး" လို့ ဆရာက ပြောသွားပါတယ်။

ဆေးကျောင်းသားတွေအားလုံးဟာ ဒီနှလုံးခုန်သံနဲ့ပတ်သက်ပြီးတော့ စာတွေ့အားဖြင့် ဖတ်ဖူး၊ မှတ်ဖူးပြီးသားပါ။ နှလုံးမှာ သွေးလွှတ်ခန်းနဲ့ သွေးပြန်ခန်းဆိုပြီး အခန်းနှစ်မျိုး ရှိပါတယ်။ အဲဒီအဆို့ရှင်လေးတွေကိုဖြတ်ပြီး သွေးက စီးသွားနေတတ်ပါတယ်။ အဲဒီ စီးသွားနေတဲ့အသံကို ကြားရတယ်လို့ ဆရာကပြောတာပါ။ အဲဒါကို မာမာလို့ ခေါ်ပါတယ်။

ဆေးကျောင်းသားတွေဟာ ပထမဆုံးလူနာကို စပြီးတွေ့ရတာဆိုတော့ အဲဒီမာမာ

mgoe.com

မျိုးလည်း တစ်ခါမှ မကြားဖူးကြပါဘူး။ စာအရပဲ သူတို့သိထားကြပါတယ်။ နှလုံးခုန်သံကို ကြားရမယ်။ အဆို့ရှင်ဖွင့်တဲ့အသံကို ကြားရမယ်။ ပြီးရင် ပုံမှန်မဟုတ်တဲ့ သွေးစီးသံမာမာကို ကြားရမယ်ဆိုတာ သူတို့သိကြပါတယ်။

ဆရာက ဆေးကျောင်းသားတွေဟာ တစ်ယောက်ပြီးတစ်ယောက် ဆရာ့နားကြပ်နဲ့ နားထောင်ပြီးတဲ့အခါတိုင်း 'ဟုတ်တယ်၊ ကြားရတယ်' လို့ ပြောကြပါတယ်။ ပြီးတဲ့အခါ သူတို့အားလုံး စစ္စတာအခန်းမှာ စာသင်ဖို့ ပြန်ပြီးစုကြပါတယ်။ ဆရာလည်း ရောက်လာပါတယ်။ ဆရာက–

"မင်းတို့အားလုံး ပီပီပြင်ပြင် ကြားပြီးကြပြီလား" လို့ မေးတော့ ကျောင်းသားတွေ အားလုံးက ပြိုင်တူ ခေါင်းညိတ်လိုက်ကြပါသတဲ့။

ဆရာက ဘာမှ ဆက်မပြောပါဘူး။ သူ့နားကြပ်က ဝက်အူရစ်ကို ဖြည်းဖြည်းချင်း လှည့်ဖွင့်နေပါတယ်။ ပြီးတော့ သူ့အိတ်ထဲကနေ ဇာဂနာ ခပ်သေးသေးတစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။ အဲဒီဇာဂနာနဲ့ နားကြပ်ရဲ့ပိုက်တစ်လျှောက်ထဲမှာ ထည့်ထားတဲ့ဂွမ်းစတွေကို ဆွဲထုတ်လိုက်ပါလေရော။ ကျောင်းသားတွေကလည်း လုံးဝ အံ့အားသင့်သွားကြပါတော့တယ်။

ဘာမှမကြားနိုင်တဲ့ နားကြပ်ကြီးနဲ့ နှလုံးခုန်သံကို ကြားခဲ့တယ်လို့ သူတို့ပြောပြီး ဖြစ်နေပါပကော။ ဆရာက တစ်ခွန်းတည်းပြောပါတယ်။

"မင်းတို့ နောက် ဒီလို ဘယ်တော့မှ မဖြစ်စေနဲ့။ ဘာမှမကြားရင် မကြားရဘူးပဲ ပြောပါ။ ဟန်မဆောင်ပါနဲ့၊ ဒါ သင်ခန်းစာပဲ"

ဒီအကြောင်းလေးတော့ ဆေးရုံပထမဆုံးစဆင်းတဲ့ ကျောင်းသားအဖွဲ့ရဲ့ ပထမဦးဆုံး သင်ခန်းစာပါပဲ။ ဆရာ စာမသင်ပါဘူး။ ဆရာက တပည့်တွေကို သင်ပေးလိုက်တဲ့ အကြောင်းလေးကတော့ "တွေ့ရင် တွေ့တဲ့အတိုင်း၊ ကြားရင် ကြားတဲ့အတိုင်း၊ မြင်ရင် မြင်တဲ့အတိုင်း ပြောပါ။ ဒါ ပထမဦးဆုံးသင်ခန်းစာပါ" တဲ့။ အမျိုးသားပညာရေးကော်မတီရဲ့ ရည်ရွယ်ချက်တွေထဲမှာ ပြောတဲ့ 'မှန်ရာကို ကြံဝံ့၊ ပြုဝံ့သော သတ္တိရှိခြင်း' ဒီအချက်ကို သင်ပေးလိုက်တာပါပဲ။ 'အခြားသူများ၏ သဘောအတိုင်း မလိုက်နာဘဲ မိမိတို့ကိုယ်ကိုသာလျှင် မိမိတို့ရှိသေ၍ မိမိတို့ ကိုယ်ကိုသာလျှင် မိမိတို့အားထားသော သဘောထားမျိုး' ကို သင်ပေးလိုက်တာပါပဲ။

ဆရာဟာ ပညာရည်ကို မသင်ခင်မှာ နှလုံးရည်ကို စသင်ပေးလိုက်တာဖြစ်တယ်။ လူဟာ အခြားသူရဲ့သဘောအတိုင်း လိုက်နာဖို့မလိုဘဲ မိမိကိုယ်ကို မိမိတို့ရှိသေဖို့လိုအပ်တယ်ဆိုတာ သင်ပေးလိုက်တာပါပဲ။ ကျေးတော်မျိုး၊ ကျွန်တော်မျိုးနဲ့ သခင်တွေရဲ့ကြားမှာ

mgyoe.com

mgyee.com
ခြားထားတဲ့စည်းကတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် ရိုသေလေးစားသလဲဆိုတဲ့ စည်းကမ်းလေးပါပဲ။ သခင်စိတ်ဓာတ်က မိမိကိုယ်မိမိ ရိုသေလေးစားခြင်းဟာ မူလဘူတဖြစ်တယ်လို့ သဘောထားပြီး ကျွန်စိတ်ဓာတ်ကတော့ သူတစ်ပါး၊ သို့မဟုတ် မာစတာအရှင်တွေကို ရိုသေလေးစားခြင်းသာ မူလဘူတဖြစ်တယ်လို့ သဘောထားပါတယ်။

ကျွန်ပညာရေးက ဗြိတိသျှမာစတာအရှင်တွေကို ဘုန်းတော်ကျက်သရေ၊ စိတ်ကောင်း စေတနာ၊ လူတွေအပေါ် အကာအကွယ်ပေးခဲ့ပုံနဲ့ မာစတာအရှင်တွေသာမရှိရင် လူ့အဖွဲ့ အစည်း ပျက်တော့မယ့်ကိန်းမျိုးတွေကို သင်ကြားပေးခဲ့ပြီး သခင်စိတ်ဓာတ်ကတော့ တပည့်တွေကို ကိုယ့်ကိုယ်ကိုယ် ရိုသေလေးစားပြီး မိမိစိတ်နဲ့မိမိကိုယ် ပြုမူဆောင်ရွက်ဖို့ သင်ကြားပေးပါတယ်။

ရပ်ဆယ်ရဲ့အရည်အချင်း ၄ ရပ်

ဗြိတိသျှတွေးခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆယ်က ပညာသင်ရာကနေ ရရှိသင့်တယ်လို့ သူထင်တဲ့ အရည်အချင်း လေးရပ်ရှိတယ်လို့ ဆိုခဲ့ပါတယ်။ အဲဒီလေးရပ်ကတော့—

၁။ 'ရှင်သန်နိုးကြား' နေတာ။ လူဟာ အမြဲတမ်း ရှင်သန်နိုးကြားနေတဲ့ ခံစားချက်ရှိရပါမတဲ့။ သူမြင်တာ သူကြားတာ၊ သူမှတစ်ပါး လောကကြီးမှာ ဖြစ်ပျက်နေတာတွေကို ရှင်သန်နိုးကြား စိတ်ဝင်စားဖို့လိုပါတယ်။ လူတစ်ယောက်က ရှင်သန်နိုးကြားမနေဘူးဆိုရင် သူလုပ်နေတဲ့အလုပ်တွေ အားလုံးဟာလည်း ကျဆုံးသွားဖို့ သေချာသလောက်ပါပဲ။ စိတ်ဓာတ်သင်းကွပ်ခံထားရတဲ့ လူတစ်ယောက်ဆီက ဘယ်လိုလုပ်ရပ်မျိုးကိုမှ ကောင်းမွန်လာလိမ့်မယ်လို့ မျှော်လင့်လို့မရပါဘူး။ ဘယ်လိုတီထွင်ဖန်တီးမှုမျိုးမှ ဖြစ်လာလိမ့်မယ်လို့ မမျှော်လင့်နိုင်ပါဘူး။ ဒါကြောင့် အရည်အချင်းလေးရပ်ထဲမှာ ရပ်ဆယ်က ရှင်သန်နိုးကြားခြင်းကို ပထမဆုံးသော အရည်အချင်းအဖြစ် တင်ပြပြောဆိုခဲ့တာပါ။

၂။ ဒုတိယအရည်အချင်းကတော့ 'သတ္တိ' ပါပဲ။ သတ္တိကို အကြောက်အရွံ့ကင်းခြင်း၊ ကြောက်ရွံ့တာကို ထိန်းသိမ်းနိုင်ခြင်းလို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ လူတစ်ယောက်သတ္တိရှိမရှိဆိုတာ အချက်နှစ်ချက်နဲ့ ဆက်နွှယ်နေတယ်လို့ ဘာထရန်ရပ်ဆယ်က ဆိုပါတယ်။ ပထမအချက်ကတော့ မိမိကိုယ်ကိုမိမိ ရိုသေဖို့ပါပဲ။ လူတစ်ယောက်ဟာ မိမိကိုယ်ကိုမိမိ မရိုသေတော့ဘူးဆိုရင် သတ္တိနည်းလာတတ်ပါတယ်။ ဒါကြောင့် ကျွန်ပညာရေးမှာ ကိုယ့်ကိုယ်ကိုယ် ရိုသေမှုမရှိဘဲ မာစတာအရှင်တွေကို ရိုသေလာရင် သတ္တိဆိုတာ မရှိတော့ပါဘူး။ သတ္တိလည်း နည်းလာတတ်ပါတယ်။

ဒါ့အပြင် ဒုတိယအနေနဲ့ လူတစ်ယောက်ဟာ သတ္တိရှိဖို့ အတ္တမဟုတ်တဲ့ လောက
mgyee.com